# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ချမ်းသာကိုဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၆)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၃ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ အဂါနေ့ အတွဲ (၅၇)၊ အမှတ် (၃၁၆)


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ကျင်းပ

## အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ ရယူရန် လွှတ်တော်ကသဘောတူ

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ ချေးယူရန်ကိစ္စကို လွှတ်တော်ကသဘောတူကြောင်း ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့တွင် ဆုံးဖြတ်လိုက်သည်။

အဆိုပါချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့သည့် ကျေးရွာရွေးချယ်ရေးကိစ္စ၊ ကျေးရွာမီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်းကိစ္စ၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးကိစ္စနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းကိစ္စများကို စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တပ်ဆင်ပေးမည့်စနစ်များ အရည်အသွေးကောင်းမွန်စေရေးအတွက် တင်ဒါခေါ်ယူရာတွင် နိုင်ငံတကာ အကြံပေးပညာရှင်များမှ ညှိနှိုင်းသတ်မှတ်ပြီး တင်ဒါခေါ်ယူခြင်း၊ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များနှင့် ဌာနမှ ဝန်ထမ်းများပါဝင်သည့် အဖွဲ့မှ စိစစ်အကဲဖြတ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ နမူနာပစ္စည်းများစစ်ဆေးခြင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❑





ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပစဉ်။

သတင်းစဉ်

## ဧရာဝတီ၊ သံလွင်၊ ငဝန်နှင့် တိုးမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ မအူပင်မြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## တိုင်ကြားပေးပို့လာသော မှုးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန်

စာ » ၁၀




# စိုက်ပျိုးရေးသတင်းအချက်တို့ ပံ့ပိုးဖြည့်ဆည်းရေး

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားတို့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်သမျှသော သတင်းအချက်အလက်တို့ကို အချိန်နှင့်တစ်ပြေးညီ ကျယ်ပြန့်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးနိုင်ရေးသည် အခြေခံကျသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၌ တောင်သူလယ်သမားတို့အား အဆိုပါအချက်အလက်များ ပံ့ပိုးပေးမည့်နည်းလမ်းရွေးချယ်ရေးသည် ပကတိစိန်ခေါ်ချက်တစ်ရပ်ဖြစ်ပါသည်။ တခြားသော ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ အတွေ့အကြုံအပေါ် အခြေခံသုံးသပ်ကြည့်ပါက တောင်သူလယ်သမားတို့အား လက်ကိုင်တယ်လီဖုန်းမှတစ်ဆင့် သတင်းအချက်အလက် ပံ့ပိုးပေးခြင်းသည် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၌လည်း ပြည်သူလူထုအကြား လက်ကိုင်တယ်လီဖုန်းအသုံးပြုမှု အလျင်အမြန် ကျယ်ပြန့်နေသည်ဖြစ်၍ တောင်သူလယ်သမားတို့အား လက်ကိုင်တယ်လီဖုန်းမှတစ်ဆင့် ပံ့ပိုးပေးရေးကို အလေးအနက်ထား ဆောင်ရွက်သင့်ပါသည်။

ဤအမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနသည် မြန်မာ့စိုက်ပျိုးရေးကွန်ရက် **(Myanmar Agriculture Network- MAN)** နှင့် ပူးပေါင်းလျက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းရှိ စိုက်ပျိုးရေးပညာပေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးသင်တန်းခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် စိုက်ပျိုးရေးပညာပေးလုပ်ငန်းရပ်များ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတို့၏ အရေးပါပုံကို အလေးအနက်ထား တင်ပြဆွေးနွေးရန် ဖြစ်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ လက်တွဲဆောင်ရွက်ရန်အတွက် မြန်မာ့စိုက်ပျိုးရေးကွန်ရက် **(MAN)** ကို ရွေးချယ်ခဲ့ခြင်းသည်လည်း မှန်ကန်သော ရွေးချယ်မှုဖြစ်ပါသည်။ မြန်မာ့စိုက်ပျိုးရေးကွန်ရက် **(MAN)** ကို ၂၀၁၃ ခုနှစ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ အပါအဝင် တခြားသော ဆက်စပ်အဖွဲ့အစည်းများနှင့် လက်တွဲထူထောင်ခဲ့ပါသည်။ ဤမြန်မာ့စိုက်ပျိုးရေးကွန်ရက် **(MAN)** သည် ဆက်စပ်အဖွဲ့အစည်းအားလုံး၏ လက်တွဲဆောင်ရွက်မှုအပေါ် အခြေခံလျက် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာအခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးကို ကြိုးပမ်းဆောင်ရွက်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပါအဝင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သူအားလုံး အကျိုးခံစားခွင့်ရှိသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးကြိုးပမ်းပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပထမလုပ်ငန်းစဉ်အနေဖြင့် မျိုးစေ့ဆိုင်ရာ သတင်းအချက်အလက်တို့ကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးမည့် **Myanmar Seed Portal** ရေးဆွဲရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့်အတူ သီးနှံများ ပြည်ပရောင်းချရေးတို့ကို အထောက်အပံ့ပြုမည့် **Global Market Information Portal** ရေးဆွဲရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ တိုင်းပြည်၏ အမျိုးသားရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးကွန်ရက် **(MAN)** တို့၏ လက်တွဲကြိုးပမ်းမှုအား လေးလေးနက်နက် ကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**



# မြဝတီမြို့ရှိ သောင်ရင်းမြစ်ကမ်းပါးထိန်းသိမ်းရေးနှင့် မြို့တွင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**မြဝတီ ဩဂုတ် ၁၃**



မြဝတီမြို့ရှိ သောင်ရင်း မြစ်ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများ ယမန်နေ့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးက မြဝတီမြို့တွင် ရေကြီးရေလျှံမှုအပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတွင်းရေကန်သန့်ရှင်းရေး၊ နေအိမ်ပြန်သည့်အခါ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးသွားသည့် သီးနှံများအတွက် မျိုးစေ့ရရှိရေးနှင့် ပြန်လည်စိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို မှာကြားပြီး မြဝတီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် မယ်ထော်သလေးကျေးရွာ(ရှမ်းစု)နှင့် မာမီဂိတ်အနီးရှိ သောင်ရင်းမြစ်ကမ်းပါးများ မိုးရာသီအတွင်း သောင်ရင်းမြစ်ရေများ တိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျ ပျက်စီးသွားသော အခြေအနေများ၊ ဒေသအစီအစဉ်ဖြင့် မြစ်ကမ်းပါး ထိန်းသိမ်းရေးဆောင်ရွက်ထားမှုအခြေအနေများ၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်နှင့် ဗိုလ်ချုပ်လမ်းမကြီးတွင် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းများဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် အာဇာနည်ခန်းမတွင် တွေ့ဆုံရာ မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်အောင်တို့က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်- ၂၀၁၈) ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာ-ဂျပန်အသင်း(MJA)၏ ပညာရည်ထူးချွန်ဆု (ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ်-၂၀၁၈)အတွက် ဘက်စုံထူးချွန်ဆု ၁၈ ဦးအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ၈ ညအိပ်၊ ၉ ရက်ကြာလေ့လာရေးအစီအစဉ် (Home Stay အပါအဝင်) ကို အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်ရာ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့်သတ်မှတ်ချက်ပြည့်မီပြီး၊ သတ်မှတ်ရက်တွင် အဆိုပြုလွှာများပြန်လည်ပေးပို့ခဲ့သည့်အနက်မှ သတ်မှတ်အဆင့် အရည်အချင်းပြည့်မီသူ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ၃၀ နှင့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများမှ ၄၅ ဦး၊ ပေါင်း ၇၅ ဦးအား မန္တလေးမြို့နှင့် ရန်ကုန် မြို့တို့တွင် လူတွေ့စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အသင်း၏ရွေးချယ်ရေးကော်မတီသည် ဘက်စုံထူးချွန်သူ ၁၈ ဦးအား အတည်ပြုရွေးချယ်ခဲ့ကြောင်းနှင့် ၎င်းတို့မှာ-

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL)**

(၁) မအေးမြန္နွာ (တတိယနှစ်၊ ဂျပန်ဘာသာ)
(၂) မအိအိခိုင် (တတိယနှစ်၊ ဂျပန်ဘာသာ)
(၃) မမေဖြူစင် (တတိယနှစ်၊ ဂျပန်ဘာသာ)

**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (MUFL)**

(၄) မယဉ်မေဦး (တတိယနှစ်၊ ဂျပန်ဘာသာ)
(၅) မအေးမီကျော် (တတိယနှစ်၊ ဂျပန်ဘာသာ)
(၆) မသဥ္ဇာပြည့်ဖြိုးသန့် (တတိယနှစ်၊ ဂျပန်ဘာသာ)

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ**

(၇) မသင်းမြန္မေး (အထက-၁၊ ဒဂုံ၊ ရန်ကုန်)
(၈) မမိုးစမ်းညို (ကပက-မျိုးညွန့်၊ မန္တလေး)
(၉) မဖူးပွင့်ငွေစင် (အထက-၂၊ ကမာရွတ်၊ ရန်ကုန်)
(၁၀) မထက်ထက်နိုင်ဝင်း (ကပက-ကြယ်တံခွန်၊ ဟင်္သာတ)

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်သူများမှ**

(၁၁) မအိန္ဒြာမိုးဦး (ကပက-CAE၊ နေပြည်တော်)
(၁၂) မောင်ဝေဟန် (အထက-၄၊ တောင်ကြီး၊ ရှမ်းပြည်နယ်)
(၁၃) မောင်အောင်ကောင်းထက် (ကပက-စိုးစံ၊ နေပြည်တော်)
(၁၄) မစုစန္ဒာထွန်း (ကပက-ကန်စွန်းအင်း၊ မြိတ်၊ တနင်္သာရီတိုင်းဒေသကြီး)
(၁၅) မသန်းသန်းဆင့် (ကပက-ရာပြည့်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်)
(၁၆) မောင်ဇော်လူထက် (အထက-၂၊ စစ်တွေ၊ ရခိုင်ပြည်နယ်)
(၁၇) မသီရိစိုးစံ (အထက-၁၊ ရေနံချောင်း၊ မကွေးတိုင်းဒေသကြီး)
(၁၈) မနော်စင်မြဖူး (အထက-၂၊ ဘားအံ၊ ကရင်ပြည်နယ်)

ရွေးချယ်ခံရသည့် ကျောင်းသား/သူများသည် မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန်ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရေး အပါအဝင် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်အတွက် မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်)ဖုန်း ၀၉-၄၂၁၁၆၂၃၃၁ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

**ထင်သာမြင်သာပြုပြင်စရာ**

# ဆင်မလိုက်ဈေးအနီး ဘုရင့်နောင်လမ်းပေါ် လူကူးခုံးကျော်တံတား ဆောက်ပေးစေလို

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် ၄ ရပ်ကွက်နှင့် အမှတ် ၅ ရပ်ကွက်တို့ကို ပိုင်းခြားဖောက်လုပ်ထားသော နာနတ်တောလမ်းမနှင့် ထိပ်တိုက်တွေ့ဆုံသည့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များသွားလာမှုရှုပ်ထွေးပြီး ယာဉ်အန္တရာယ်ကြီးမားသောနေရာဖြစ်သည့်အတွက် လူကူးခုံးကျော်တံတားတည်ဆောက်ပေးရန် ပြည်သူများက လိုလားနေကြသည်ဟု သိရသည်။

"ဘုရင့်နောင်လမ်းမအနောက်ဘက်က ဆင်မလိုက်ဈေး၊ အမှတ် ၅ ရပ်ကွက်နဲ့ လမ်းမအရှေ့ဘက်က အမှတ် ၄ ရပ်ကွက်၊ လှည်းတန်းဈေးနဲ့ စာသင်ကျောင်းတွေကို သွားတဲ့အခါ အသက်ကိုဖက်နဲ့ထုပ်ပြီး အပြေးအလွှား ဖြတ်ကူးကြရပါတယ်။ တာဝန်ရှိသူတွေ လူကူးတံတားဆောက်ပေးဖို့ လာကြည့်ကြတယ်ကြားတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာခဲ့ရပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့အတွင်း လူကူးတံတားတွေဆောက်မယ့်နေရာတွေသတင်းစာမှာ တွေ့ရပေမယ့် ဘုရင့်နောင်လမ်းမအတွက် ယနေ့အထိ မပါသေးပါဘူး။ ဒါကြောင့် အလွန်အန္တရာယ်များတဲ့နေရာကို လူကူးတံတား အမြန်ဆုံးတည်ဆောက်ပေးဖို့ လိုအပ်ပါတယ်" ဟု ရပ်ကွက်ပြည်သူတစ်ဦးက ပြောသည်။

ထို့အပြင် ရုံးတက်၊ ရုံးဆင်းချိန်၊ ကျောင်းတက်၊ ကျောင်းဆင်းချိန်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ အများအပြား လမ်းဖြတ်ကူးကြရသည့်အတွက် အလွန်အန္တရာယ်များကြောင်း၊ ထို့အပြင် ကြည့်မြင်တိုင်ဘက်ကို ယခင်က Free လမ်းကြောတစ်လမ်းသာထားသော်လည်း ယခု Free လမ်းကြောနှစ်လမ်း သတ်မှတ်ပေးထားသည့်အတွက် ဘုရင့်နောင်လမ်းကလာသည့် ကုန်တင်နောက်တွဲယာဉ်ကြီးများနှင့် ယာဉ်ငယ်များက သီရိမင်္ဂလာဈေးသစ်ဘက်ကနေ အပေါ်လမ်းကြောယူကာ အရှိန်ပြင်းစွာ မောင်းလာပြီး ဆင်မလိုက်သဘော်ာကျင်းနှင့် မီးပွိုင့်နီးသည့်အခါမှ Free လမ်းကြောကို ခေါင်းထိုးဝင်သည့်အတွက် လမ်းဖြတ်ကူးနေသူများ ကစဉ့်ကလျား ကိုးရိုးကားရားတွေ့ကြုံရပြီး ယင်းနေရာမှာ ယာဉ်တိုက်မှု၊ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးဆိုင်အတွင်း ကားခေါင်းတိုးဝင်မှုများကြောင့် အသက်ဆုံးရသူများရှိကြောင်း အနီးနေပြည်သူတစ်ဦးက ပြောသည်။

သို့ဖြစ်၍ သက်ဆိုင်ရာက ဘုရင့်နောင်လမ်းမကြီးပေါ် လူကူးတံတားတစ်စင်းတည်ဆောက်ပေးရန် ပြည်သူများက လိုလားနေကြကြောင်း သိရသည်။

**ခင်မောင်သော်(ကမာရွတ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းတို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကောင်အထည်ဖော်ဆောင်သောလုပ်ငန်းများတွင် ကုလသမဂ္ဂ၏ ပူးပေါင်းပါဝင်မှုနှင့် ပတ်သက်သောအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၃

**ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂ၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Hilton Hotel ၌ကျင်းပရာ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ တစ်နှစ်နီးပါးရှိနေပြီ ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက် ၈၈ ချက်အနက် အချက် ၈၀ ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ အကြံပြုချက်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒ၊ တည်ဆဲဥပဒေများနှင့်အညီ တည်ငြိမ်အေးချမ်းရေးကို အလေးထားပြီး ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်ရန်အတွက် အရေးကြီးဆုံးအချက်မှာ တည်ငြိမ်အေးချမ်းမှုရှိရေးပင် ဖြစ်ပါကြောင်း၊ ကော်မတီ၏ အကြံပြုချက်အများစုသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုသဟဇာတဖြစ်ရေးကို ဦးတည်ပါကြောင်း။

အေးချမ်းတည်ငြိမ်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့်အချက် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက် လုံခြုံရေးကဏ္ဍတွင် ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစဉ် အဆင့်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့များအနေဖြင့် နိုင်ငံတကာ၏ အလေ့အထကောင်းများ၊ စံနှုန်းများနှင့်အညီ တရားဥပဒေစိုးမိုးရေးမြှင့်တင်မှုကို လုံခြုံရေးတပ်ဖွဲ့များ ပိုမိုနားလည်လာစေရန် ထောက်ပံ့ပေးသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေး ဆောင်ရွက်မှုတွင်လည်း အကြံဉာဏ်များနှင့် အကူအညီများ ပေးစေလိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ပေါင်းစည်းရေး၊ ငြိမ်းချမ်းရေး၊ အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြေရှင်းရန်အတွက် ပြည်တွင်းလုပ်ငန်း၏ အခန်းကဏ္ဍတစ်ရပ်အဖြစ် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

ဒုက္ခသည်များအား ပြန်လည်ခေါ်ဆောင်ရေးအတွက် မြန်မာနိုင်ငံနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အစည်းအဝေးများကျင်းပကာ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား နှစ်နိုင်ငံသဘောတူညီချက်အတိုင်း ပြန်လည်နေရာချထားရန် ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ရေရှည်တည်မြဲမည့်အဖြေရရှိရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များထဲမှ တိုင်းပြည်အတွက် အကျိုးရှိမည့် အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း၊ ဒီကနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ထိရောက်သည့်ရလဒ်များ ထွက်ပေါ်လာစေဖို့ မျှော်လင့်ပါကြောင်း၊ အကောင်းဆုံးဖြစ်စေဖို့ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံတို့၏ အဆင့်မြင့်ပညာကျောင်းသားများ ပြောင်းရွှေ့သင်ယူခြင်းနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့စည်းဝေး

**နေပြည်တော် ဩဂုတ် ၁၃**

(၆) ကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံ (တရုတ်၊ ဂျပန်၊ ကိုရီးယား) တို့၏ အဆင့်မြင့်ပညာ ကျောင်းသားများ ပြောင်းရွှေ့သင်ယူခြင်းနှင့် အရည်အသွေးအာမခံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးတွင် ကျောင်းသားများ ဖလှယ်ရေးအစီအစဉ်နှင့် ပြောင်းရွှေ့သင်ယူစေခြင်း အစီအစဉ်ဆိုင်ရာ လမ်းညွှန်ချက်များ ဆန်းစစ်ချက် (မူကြမ်း)၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက် သုံးနိုင်ငံတို့၏ ရေရှည်မျှော်မှန်းချက်များကို သတ်မှတ်ရာတွင် အရေးကြီးသော ဖလှယ်သင်ယူစေမည့် ကျောင်းသားများ၏ ပညာရည်မှတ်တမ်းဆိုင်ရာ လမ်းညွှန်ချက် (မူကြမ်း)၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပမည့် (၄)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပညာရေးဝန်ကြီးများအစည်းအဝေး (4th APT Education Ministers' Meeting) နှင့် (၉)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (9th SOMED+3) များအတွက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံတို့၏ လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

အစည်းအဝေးကို နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရပြီး အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ မိတ်ဖက် သုံးနိုင်ငံဖြစ်သော တရုတ်၊ ဂျပန်နှင့် ကိုရီးယား နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်အတွင်း UEHRD နှင့် မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ National Humanitarian Fundraising For Myanmar (NHFFM) က အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုများနှင့် ထိုင်းနိုင်ငံရောက်စေတနာရှင် မြန်မာလုပ်ငန်းရှင်အချို့က အလှူငွေ ထိုင်းဘတ် ၇၄၂၀၀၀ ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း။ **(ယာပုံ)**

ချယ်ရီမေတ္တာဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၁၅၀ ကို ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်းဇော်က လည်းကောင်း၊ National Energy Puma Aviation Services (NEPAS) က အလှူငွေကျပ် သိန်း ၂၀၀ ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် အဖွဲ့က လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကြက်ခြေနီအသင်းက မြန်မာနိုင်ငံမှ ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ အမေရိကန်ဒေါ်လာ တစ်သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရန်ကုန်)ရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အလှူငွေပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်က တရုတ်နိုင်ငံ ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ တစ်သိန်းကို ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)**




မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူနှင့် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဆောင်ရွက်နေသည့် လူမှုကရုဏာအကူအညီလုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းလျက်ရှိပြီး ယခုလှူဒါန်းမှုသည် စတုတ္ထအကြိမ်ဖြစ်ကြောင်း သိရသည်။ ယခုလှူဒါန်းသည့် အမေရိကန်ဒေါ်လာ တစ်သိန်းကို ရေဘေးသင့်ဒေသများရှိပြည်သူများအတွက် လူမှုကရုဏာအကူအညီလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းမှုနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်မြသူက "သံအမတ်ကြီးက ဆရာမတို့လိုအပ်တဲ့ နေရာတွေမှာ ကြိုက်သလိုသုံးပါလို့ ပြောတယ်။ ဒါပေမယ့် ဆရာမကတော့ မေးပါတယ်။ ပြည်နယ်တွေမှာ အများကြီးဖြစ်နေတယ်။ ဘယ်နေရာတွေကို သုံးစေချင်သလဲ၊ ဘယ်လိုမျိုး အကူအညီပေးစေချင်သလဲမေးတော့ သံအမတ်ကြီးက ဆရာမတို့ ဆုံးဖြတ်ပါတဲ့။ သူ့အနေနဲ့ သိထားတာက ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးပေါ့နော်။ အဲဒီလို အထိအခိုက်များတဲ့နေရာတွေကို သုံးစေချင်တယ်လို့ ပြောသွားပါတယ်။ ဆရာမတို့အနေနဲ့ကတော့ အရေးပေါ်လိုအပ်တဲ့ပစ္စည်းတွေကို အမြန်ဆုံးရောက်အောင် ထောက်ပံ့နေတယ်။ ဒီထက်ဆိုးလာရင်တော့ ဘာတွေလုပ်မလဲဆိုတာကို တိုင်ပင်ပြီးတော့ လုပ်ပေးနေတယ်။ အဆင်သင့်ပြင်ဆင်ထားပါတယ်" ဟု ပြောသည်။

"တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို သံအမတ်ကြီးကိုယ်တိုင် ရေဘေးကိစ္စပဲဖြစ်ဖြစ်၊ အခြား ဘေးအန္တရာယ်တွေကျရောက်တိုင်းမှာ လာပြီးတော့ လှူပါတယ်။ လှူတိုင်းမှာလည်း ဘာမှကန့်သတ်ချက်မရှိပါဘူး၊ ဆရာမတို့အသင်းရဲ့ လုပ်နည်း၊ လုပ်ဟန်ကိုလည်း ကြိုက်တယ်၊ ဆရာမတို့အနေနဲ့ကတော့ ပြီးရင် အစီအရင်ခံစာ သဘောမျိုး ပြန်ပေးပါတယ်။ သူ့တို့ငွေကို ဘယ်နေရာမှာသုံးတယ်။ ဘယ်သူ့ဆီကိုရောက်သွားပါတယ်ဆိုတာကို ပြန်ပြောပါတယ်" ဟု ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ရေကြီးမှုများ စတင်ဖြစ်ပွားခဲ့သည့် ဇူလိုင် ၂၈ ရက်မှစတင်ကာ ကြက်ခြေနီအရေးပေါ် ကွပ်ကဲရေးစင်တာကို ဖွင့်လှစ်ပြီး ရေဘေးသင့်ဒေသများရှိ ကြက်ခြေနီ စေတနာလုပ်အားရှင်များမှ ပေးပို့လာသော သတင်းအချက်အလက်များကို ရယူခြင်း၊ လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ရေဘေးသင့်ဒေသများသို့ ပေးပို့ခြင်း၊ ရေဘေးအတွက် ကြက်ခြေနီရုံးသို့ လာရောက်လှူဒါန်းသော အလှူငွေနှင့် ပစ္စည်းများကို လက်ခံရယူခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၈-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၀ တွင် ပါရှိသည့် ရာဇသတ်ကြီးကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၌ **အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။** (အစား) **အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာတည်းအဖွဲ့**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာ ချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ **မိုး/ဇလ**

## ဘီးလင်းမြစ်ရေ ဘီးလင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ နှစ်နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွတ် ဝီနိုင်း ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် (၉)ကြိမ်မြောက် မြန်မာ - ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်အစည်းအဝေးနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ တက်ရောက်ရန်အတွက် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ကြိုဆိုကြသည်။ **(ဝဲပုံ)** **သတင်းစဉ်**

# အနာဂတ်အတွေးအမြင်ကောင်းများရရှိစေဖို့ အားပါးတရ နွှဲပျော်ကြတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်





**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအပြင်လူငယ်အဖွဲ့အစည်းအသီးသီးမှလည်း အနာဂတ်မျှော်လင့်ချက်များဖြင့် စိတ်ပါဝင်စားစွာလာရောက်လေ့လာကြည့်ရှုလျက်ရှိရာ ပွဲတော်နောက်ဆုံးရက်ဖြစ်သော ဩဂုတ် ၁၃ ရက်တွင် နေ့ရောညပါ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ မန္တလေးတက္ကသိုလ်မှာ နိုင်ငံတော်အဆင့် အခုလိုပွဲတော်ကြီးကို စည်စည်ကားကားနဲ့ တွေ့ရတဲ့အတွက် အားရကျေနပ်မှုရှိပါတယ်။ အချို့နေရာတွေမှာ လစ်ဟာမှုတွေရှိပေမယ့် နောင်ပွဲတော်တွေမှာ အခုပွဲရဲ့အတွေ့အကြုံယူပြီး ပြင်ဆင်သွားပါ့မယ်။ လာရောက်လေ့လာသူ များပြားတဲ့အတွက် ပွဲတော်အချိန်ကို ညပိုင်း ၈ နာရီအထိ တိုးမြှင့်ပေးခဲ့တယ်။ တစ်နေ့ကို လူအင်အား ၁၀၀၀၀ ကျော် လာရောက်လေ့လာကြည့်ရှုခဲ့ကြတယ်” ဟု မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သီတာဝင်းက ပြောကြားခဲ့သည်။

ထို့အပြင် မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာ ဒုတိယနှစ်ကျောင်းသူ မလင်းနန္ဒာကျော်ကလည်း “ဒီပွဲတော်မှာ ကျွန်မတို့ အင်္ဂလိပ်စာဌာနက မဟာအရည်အချင်းစစ် သင်တန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ တတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူတွေစုပေါင်းပြီး ပွဲတော်နဲ့သက်ဆိုင်တဲ့ သတင်း၊ ဆောင်းပါး၊ ကာတွန်းတွေကို အင်္ဂလိပ်ဘာသာနဲ့ ပွဲတော်ကာလအတွင်း ထုတ်ဝေဖြန့်ချိခဲ့တယ်။ ဒီပြခန်းအသီးသီးကို တက္ကသိုလ်၊ကောလိပ်တွေသာမက အခြေခံပညာကျောင်းတွေနဲ့ ကိုယ်ပိုင်ကျောင်းတွေကပါ လာရောက်လေ့လာတဲ့အတွက် အားရကျေနပ်မိပါတယ်။ သူတို့အနာဂတ်အတွက် ရွေးချယ်စရာတွေကို ဒီပွဲတော်ကနေ သိသွားကြမှာပါ။ ပထမကတော့ အနုပညာပြခန်းတွေကို အများဆုံးသွားရောက်လေ့လာခဲ့ပါတယ်။ လူငယ်တွေ အနာဂတ်အတွက် အခုလိုပွဲတွေ မကြာခဏ ကျင်းပပေးသင့်ပါတယ်” ဟု ပြောသည်။

“ဒီပွဲတော်ကို ကျောင်းက သွားရောက်လေ့လာဖို့ပြောသလို ကျွန်တော်ကိုယ်တိုင်ကလည်း ဗဟုသုတရချင်လို့ လာတာပါ။ ကျွန်တော်တို့က နောက်နှစ်ဆိုရင် တက္ကသိုလ်ကို တက်ရောက်ရတော့မှာဆိုတော့ ကိုယ်ဝါသနာပါတဲ့ တက္ကသိုလ်နဲ့ဘာသာရပ်ကို ရွေးချယ်ရအောင် လေ့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့ သူငယ်ချင်းတွေလေ့လာခဲ့ရတဲ့အထဲမှာ အနုပညာပြခန်း၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲတွေနဲ့ စက်ရုပ်နဲ့ လိုသလိုခိုင်းစေနိုင်တဲ့ တီထွင်မှုတွေကို စိတ်ဝင်စားပါတယ်။ ဒီပွဲတော်ကို လာရောက်လေ့လာတဲ့အတွက် အမြင်ကျယ်ပြီး တီထွင်နိုင်စွမ်းနဲ့အတွေးအခေါ်တွေ ကောင်းလာမယ်လို့ မျှော်လင့်မိပါတယ်”ဟု ပင်မကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်မင်းခန့်ဖြိုးက ပြောသည်။

အဆိုပါပွဲတော်သည် လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဖြစ်သည်နှင့်အညီ တက္ကသိုလ်ကောလိပ်နှင့် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများ၏ ဘာသာရပ်ဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှလည်း အသိပညာပေးပြခန်းများ၊ စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများနှင့်အတူ စာအုပ်အရောင်းဆိုင်များနှင့် ဖျော်ဖြေရေးဆိုင်ရာအစီအစဉ်များ ထည့်သွင်းထားသည့်အတွက် ဘက်စုံပြည့်စုံကောင်းမွန်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းထက်အောင်**
**တင်မောင်(မန်းကိုယ်ပွား)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့်ဖျော်ဖြေ



**မန္တလေး ဩဂုတ် ၁၃**

မန္တလေးမြို့တွင် ကျင်းပလျက်ရှိသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့်ဖျော်ဖြေရာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။ **(ဝဲပုံ)**

တေးဂီတဖျော်ဖြေပွဲတွင် ဧည့်သည်အဆိုတော်များဖြစ်ကြသည့် ဂျေမောင်မောင်၊ မီမီဝင်းဖေ ၊ အောင်ထက်၊ တက္ကသိုလ်လဲ့လဲ့နှင့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ ဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ ဖြူလှ၊ စဖောင်၊ မေသဇင်၊ ဇင်သူဇာထွန်း၊ A ဒေး၊ ဖုန်းဝေသွင်၊ R ဝါလင်း၊ လင်းသစ်၊ စလားတို့ ပါဝင်ဖျော်ဖြေခဲ့ကြသည်။

**လာရောက်ကြည့်ရှု**

အဆိုပါ ဖျော်ဖြေပွဲသို့ မန္တလေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များအပါအဝင် ဒေသခံမိဘပြည်သူများမှ ပျော်ပျော်ပါးပါး လာရောက်ကြည့်ရှုကြပြီး လူငယ်ဘက်စုံပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**အောင်မင်းဟန်**

❍ *ကျောဖုံးမှ*

မောင်ဒေးဗစ်၊ မောင်ထန်းအော်တို့က လည်းကောင်း၊ အနုပညာလိုက်စားလူငယ်များ ခေါင်းစဉ်ဖြင့် လူငယ်အဆိုတော်အောင်ထက်၊ စန္ဒရား ထက်လူဦးတို့က လည်းကောင်း ဆွေးနွေးကြရာ ဟောပြောပွဲသို့ လူငယ်များ ခန်းမပြည့်သည်အထိ စိတ်ဝင်တစား တက်ရောက်ပါဝင်ကြကြောင်း သိရသည်။ ပွဲတော်နောက်ဆုံးနေ့ အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် စစ်ရေးပြကွင်း၌ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ သုံးချောင်းထောက်ပြေးပွဲနှင့် ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲတို့ကို ကျင်းပရာ လူငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး အားကစားပြိုင်ပွဲတွင် ဆုရရှိသူလူငယ်များကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြသည်။

အနုပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ သီဟာသန ပလ္လင်နောက်ခံဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ရောင်စုံပန်းများဖြင့် ပုံဖော်ထားသည့် We Love Mandalay စာတန်းဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသားဝတ်စုံ၊ ပျူ၊ ပုဂံ၊ အင်းဝခေတ်ဝတ်စုံများနှင့် ကုန်းဘောင်ခေတ် နန်းတွင်းဝတ်စုံများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသားလူမျိုးများ၊ ရုပ်တုများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ လှည်းယဉ်ဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းစသည့်အစီအစဉ်များကို ပွဲတော်လာရောက်ကြသူများက စိတ်ဝင်တစားပါဝင်ကြသည့်အပြင် ပုံတူပန်းချီရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ ရေးဆွဲခြင်းနှင့် ပို့စကတ်များ ရေးဆွဲခြင်း အစီအစဉ်များတွင်လည်း စိတ်ဝင်တစားပါဝင်ကြသည်။

ပွဲတော်တွင် အသိပညာပေး ပြခန်းများကို တက္ကသိုလ်နှင့် အခြေခံကျောင်းများအလိုက် ပြခန်းများ၊ တက္ကသိုလ်များအလိုက် ဘာသာရပ်အလိုက် ပြခန်းများ၊ ကျန်းမာရေးဆိုင်ရာ ပြခန်းများ၊ လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါး ပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှု ပပျောက်ရေးဆိုင်ရာ ပြခန်းများကို လေးထပ်ဆောင်အဝင် လမ်းမတစ်လျှောက် ပါဝင်ပြသထားသည်။

ထို့ပြင် ပွဲတော်တွင် Science Fair ပြခန်းများကို လေးထပ်ဆောင်မြေညီထပ်ရှိ ပြခန်းများတွင် IT ပစ္စည်းများပြသခြင်း၊ IT Quiz များပြုလုပ်ခြင်း၊ Cyber Security Awareness ကျင်းပခြင်း၊ IT Power Test၊ မေးချင်ရာမေး IT အကြံပေး၊ Project Show၊ IT Book Show၊ Minecraft Game ပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်ထားရာ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။



**အားကစားဆိုင်ရာ လှုပ်ရှားမှုပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နေသည့် လူငယ်များကို တွေ့ရစဉ်။**

**အောင်မင်းဟန်**

# ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်အစားထိုးနိုင်အောင် အထူးစီးပွားရေးဇုန်တွေကို အကောင်အထည်ဖော်နေပါတယ်

## စီးပွားရေးစကားဝိုင်းဆွေးနွေး

**ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

**ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏ စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေး စကားဝိုင်းတစ်ခုကို ဩဂုတ်လ ၉ ရက်နေ့ က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။** (အောက်ပုံ)



"ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းအတွင်း ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်။

**အစီအစဉ်မှူး။** ။ ဒီနေ့တွေ့ဆုံကြတဲ့ စကားဝိုင်းကတော့ ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။ ဒုတိယဝန်ကြီးကနေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပြောပြပေးပါဦး။

**ဒုတိယဝန်ကြီး ဦးအောင်ထူး။** ။ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ရည်မှန်းချက်ကတော့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ပြီး ကုန်သွယ်မှုဖွံ့ဖြိုးခြင်းကနေ ကူးသန်းရောင်းဝယ်မှုအားကောင်းလာကာ နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ဖို့အတွက် အထောက်အကူဖြစ်နိုင်ရေးပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကူးသန်းရောင်းဝယ်ရေးတစ်ခုတည်းကို အာရုံစိုက်မှာမဟုတ်ပါဘူး။ လယ်ကွင်းထဲကနေ စားသုံးသူတွေရဲ့စားပွဲပေါ်ရောက်တဲ့အထိ၊ ထုတ်လုပ်မှုကနေ စားသုံးမှုအထိအကျုံးဝင်တဲ့ ထုတ်လုပ်စားသုံးမှုကွင်းဆက် (Supply Chain) တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအပိုင်းကိုလည်း အထူးအာရုံထားပြီး ဆောင်ရွက်နေသလို၊ ပြည်တွင်းထုတ်လုပ်မှုဆိုင်ရာ အချက်အလက်တွေနဲ့ဈေးနှုန်းတွေ အချိန်နဲ့တစ်ပြေးညီ ရရှိအောင်၊ ဈေးကွက်တွေ ရရှိအောင်လည်း ဆောင်ရွက်ပေးနေပါတယ်။

### ပို့ကုန်ဦးဆောင်တဲ့စီးပွားရေးတိုးတက်မှု

ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ခံယူချက်က ထုတ်လုပ်သူတောင်သူများလည်း အကျိုးရှိ၊ ကုန်သည်လုပ်ငန်းရှင်များလည်းအကျိုးရှိပြီး စားသုံးသူတွေဟာလည်း ဘေးကင်း စိတ်ချမ်းသာမှုတွေကို ဖြစ်ပေါ်စေရမယ်ဆိုပြီး ခံယူထားပါတယ်။ ဝန်ကြီးဌာနရဲ့ မဟာဗျူဟာကတော့ ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှု (Export Led Economic Growth) ကိုရရှိစေဖို့ပါ။ ဒါနဲ့ပတ်သက်ပြီး ရည်မှန်းချက်ကတော့ လက်ရှိအစိုးရကာလအတွင်း ပို့ကုန်ကို သုံးဆမြှင့်တင်ဖို့ပဲ ဖြစ်ပါတယ်။

ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်အစားထိုးနိုင်အောင်ဆိုရင် အထူးစီးပွားရေးဇုန်တွေကိုလည်း အကောင်အထည်ဖော်နေပါတယ်။ နယ်စပ်ကုန်သွယ်ရေးဆိုရင်လည်း တရားဝင်ကုန်သွယ်ရေးဖြစ်အောင် အားပေးဆောင်ရွက်နေပါတယ်။ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တွေကို ထူထောင်နိုင်အောင် လုပ်ဆောင်နေသလို ကုန်သွယ်မှုတွေမှာ နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade)၊ နယ်စပ်ကုန်သွယ်မှု (Border Trade) အပြင် ကုန်သွယ်မှုလိုငွေလျော့နည်းစေမယ့် ကုန်ချင်းဖလှယ်မှုစနစ် (Counter Trade) ကိုပါ ကျင့်သုံးနိုင်အောင် လုပ်ဆောင်နေပါတယ်။

ကုန်သွယ်မှုဖွံ့ဖြိုးစေဖို့အတွက် Medium Term Program တွေချမှတ်ထားပြီး အကောင်အထည်ဖော်နေပါတယ်။ ပို့ကုန်မြှင့်တင်ဖို့အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာကိုလည်း ချမှတ်ထားပါတယ်။ ပို့ကုန်တွေမြှင့်တင်ဖို့ စီးပွားရေးသံမှူးတွေကို အဓိက ဈေးကွက်ရှိရာနိုင်ငံတွေမှာ တိုးချဲ့စေလွှတ်ထားပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ကုန်စည်တွေနဲ့ လက်မှုပညာတွေကို ပြသနိုင်မယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center) ကိုလည်း ရန်ကုန်မြို့မှာ ထူထောင်ထားရှိပါတယ်။

### စားသုံးသူကာကွယ်ရေးဥပဒေသစ်လွှတ်တော်မှာတင်ပြထား

စားသုံးသူတွေရဲ့ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်မယ့် စားသုံးသူ ကာကွယ်ရေးဥပဒေသစ်တစ်ရပ်ကိုလည်း လွှတ်တော်မှာတင်ပြထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ စားသုံးသူအတွက် သတင်းအချက်အလက်နဲ့ တိုင်ကြားမှုဌာနတွေကို ထူထောင်ထားပြီး အစားအသောက်အပိုင်းရော၊ ဝန်ဆောင်မှုအပိုင်းမှာပါ ထိခိုက်နစ်နာမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။

ဝန်ကြီးဌာနကနေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူစေရေးနဲ့ ပြည်တွင်းအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ဖို့အတွက်လည်း မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။

**အစီအစဉ်မှူး။** ။ ဆက်လက်ပြီးတော့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကနေပြီး လက်ရှိပြည်ပကုန်သွယ်မှု အခြေအနေ၊ မြန်မာနိုင်ငံရဲ့အဓိက ပို့ကုန်တွေနဲ့ ဘယ်လိုတင်ပို့နေသလဲ၊ ဘယ်နိုင်ငံတွေကို အဓိကတင်ပို့နေသလဲဆိုတာတွေ။ အဓိကသွင်းကုန်တွေနဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ အကြောင်းကိုလည်း ပြောပြပေးပါဦး။

**ဒုတိယဝန်ကြီး ဦးအောင်ထူး**

စက်မှုကုန်ချောဆိုတဲ့နေရာမှာ CMP လို့ခေါ်တဲ့ လက်ခစားအထည်ချုပ်ပါမယ်၊ သကြားပါမယ်၊ ဓာတ်ငွေ့ပါမယ်။ ဒီလိုရလဒ်ဖြစ်လာအောင် ဦးတည်ချက်လေးရပ်ချမှတ်ဆောင်ရွက်နေပါတယ်။ ပထမဆုံးကတော့ ဈေးကွက်ရှာဖွေဖို့ ဖြစ်ပါတယ်။ ဈေးကွက်ရရှိရေးအတွက် လေ့လာမှုတွေ၊ သုံးသပ်မှုတွေပြုလုပ်ရပါတယ်။ နောက်တစ်ဆင့်ကတော့ ထုတ်လုပ်မှုအပိုင်း ဖြစ်ပါတယ်။ ဥပမာ- ပြည်တွင်းမှာ ကျွန်တော်တို့ ထုတ်လုပ်နိုင်တဲ့ဟာ ဘာရှိသလဲဆိုတာ ဖော်ထုတ်ရပါတယ်။ လိုအပ်ချက်အရ ကိုယ့်နိုင်ငံမှာ မထုတ်လုပ်နိုင်တဲ့ ကုန်စည်တွေကို ဘယ်လိုနေရာမျိုးတွေကနေ ရနိုင်မလဲဆိုတာ ရှာဖွေရပါတယ်။ တစ်ဆင့်ခံ ကုန်သွယ်မှုလို၊ Re-export လို သယ်ဆောင်ပြီးတော့ ဈေးကွက်ရှိတဲ့နိုင်ငံကို ဘယ်လိုနည်းနဲ့ ပို့လို့ရနိုင်မလဲဆိုတာ စဉ်းစားရပါတယ်။ နောက်တစ်ခုက ဒီလိုဈေးကွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ကျွန်တော်တို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ လွယ်လွယ်ကူကူ ရောင်းချနိုင်အောင် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှုတွေလည်း ဆောင်ရွက်ရပါတယ်။

### ဈေးကွက်ရှိတဲ့ကုန်စည်တင်ပို့နိုင်ဖို့ဆောင်ရွက်

လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ကုန်သွယ်မှုဟာ ပုဂ္ဂလိက ကဏ္ဍက အဓိကမောင်းနှင်မှုဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော်ရှိနေတဲ့ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးဖို့ ဘယ်လိုလုပ်မလဲဆိုတာကိုလည်း စဉ်းစားဆောင်ရွက်ရပါတယ်။ ဈေးကွက်ရှာဖွေတဲ့အခါ ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံကြီးနှစ်ခုအကြားမှာရှိနေတဲ့အတွက် ဈေးကွက်အကြီးကြီး ဖြစ်နေပါတယ်။ ဈေးကွက်ကြီးတွေရဲ့ လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းမလဲ စဉ်းစားတဲ့အခါ နိုင်ငံထဲမှာရှိနေတဲ့ ကုန်ထုတ်လုပ်မှုကနေပြီးတော့ လယ်ယာထွက်ကုန်လိုဟာမျိုး တင်ပို့နိုင်မှုမျိုးတွေ ဆောင်ရွက်ရသလို တစ်ဖက်မှာလည်း ဈေးကွက်ရှိတဲ့ သကြားတို့၊ စက်သုံးဆီတို့လို ကုန်စည်တွေကို Re-export စနစ်နဲ့ တင်ပို့နိုင်ဖို့အတွက် ဆောင်ရွက်ပါတယ်။

ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရာမှာ ကျွန်တော်တို့ရဲ့စီးပွားရေးသံမှူးများ၊ နိုင်ငံအကြီးအကဲရဲ့ပြည်ပခရီးစဉ်၊ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတို့ရဲ့ခရီးစဉ်တွေအတွင်းမှာ စေ့စပ်ညှိနှိုင်းရတာတွေ ရှိပါတယ်။ ဒါတွေက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတွေ ဖြစ်ပါတယ်။

ကုန်သွယ်ရေးရဲ့ အဓိကကတော့ ပုဂ္ဂလိကကဏ္ဍဖြစ်တာမို့ ယင်းကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဒုတိယသမ္မတ(၁) ဦးဆောင်ပြီး ဥက္ကဋ္ဌအနေဖြင့် ပါဝင်ဆောင်ရွက်ပြီး ဝန်ကြီးဌာနတွေ၊ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ကြလို့ အခုလိုကုန်သွယ်မှု မြင့်မားလာခဲ့တာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ဟုတ်ကဲ့ပါခင်ဗျ။ ဆက်လက်ပြီးတော့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က ကုန်သွယ်မှုတိုးတက်ရေးနဲ့ ပတ်သက်ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာအကောင်အထည်ဖော်နေတဲ့ အခြေအနေနဲ့ မကြာမီကျင်းပမယ့် အာဆီယံ- တရုတ် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက ပါဝင်ပြသမယ့် အကြောင်းတွေကို ပြောပြပေးစေလိုပါတယ်။

**ဦးအောင်စိုး။** ။ ကျွန်တော့်ဌာနက Myanmar Trade Promotion Organization မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လုပ်ငန်းတွေစတင်ဆောင်ရွက်ပါတယ်။ နိုင်ငံတိုင်းမှာ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ပေးမယ့် Promote လုပ်ပေးမယ့် အဖွဲ့အစည်းတွေလိုအပ်ပါတယ်။ အခြားနိုင်ငံတွေမှာတော့ လွန်ခဲ့တဲ့နှစ် ၅၀ ကျော်၊ ၆၀လောက်ကတည်းက ဖွဲ့လာခဲ့တာပါ။ ဒီမှာတော့ အခုမှ ဒီ Function ကိုအရင်က ညွှန်ကြားရေးမှူးအဆင့်နဲ့ ကိုင်တွယ်ရာကနေ အခုတော့ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုင်တွယ်ပြီး အရှိန်မြှင့်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဌာနရဲ့အဓိကလုပ်ငန်းက စီးပွားရေးတိုးတက်စေဖို့အတွက် ပို့ကုန်ကဦးဆောင်တဲ့ စီးပွားရေးကို သွားမယ်ဆိုပြီး ရည်ရွယ်ပါတယ်။ ဒါကြောင့် ပို့ကုန်မြှင့်တင်ရေးအတွက် အဓိက ရည်မှန်းချက်နှစ်ရပ် ထားရှိပါတယ်။ တကယ်မြှင့်တင်ရာမှာလည်း ဈေးကွက်စီးပွားရေးဖြစ်တာကြောင့် ပုဂ္ဂလိကလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်မှုတွေ ပိုမိုတိုးတက်လာအောင် သူတို့ကိုအားပေးမြှင့်တင်တာနဲ့ ပို့ကုန်တွေဖွံ့ဖြိုးလာဖို့၊ အရည်အသွေးတွေ မြင့်မားဖို့လုပ်ဆောင်ပါတယ်။ အထူးသဖြင့် Made In Myanmar ပေါ့။ မြန်မာပြည်က ထုတ်လုပ်တဲ့ ကုန်စည်တွေဖွံ့ဖြိုးလာဖို့ လုပ်ဆောင်ပါတယ်။ ပို့ကုန်ကို စနစ်တကျဖွံ့ဖြိုးအောင် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်တယ်။ အဲဒီမှာ အဓိကအချက်ကလည်း Export Development ပို့ကုန် ဖွံ့ဖြိုးရေး၊ ဒုတိယက Competitive ယှဉ်ပြိုင်နိုင်ဖို့ပါပဲ။

**"မနှစ်ကကုန်သွယ်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက်အမြင့်ဆုံးကုန်သွယ်မှု ရခဲ့ပါတယ်။ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃ ဘီလီယံ ရခဲ့ပါတယ်။ ဆန်တင်ပို့မှုဆိုရင် တန်ချိန် ၃ ဒသမ ၅၉ သန်းအထိ တင်ပို့ခဲ့ပြီး ပြောင်းတင်ပို့မှုဟာ တန်ချိန် ၁ ဒသမ ၄ သန်းအထိ စံချိန်သစ်တင် တင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ကုန်ဆိုရင်လည်း အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်တင်ပို့နိုင်တာဟာ စံချိန်သစ်တွေပါပဲ။ ဒီနှစ်မှာတော့ ကာလတိုဘတ်ဂျက် ကုန်သွယ်မှုအနေနဲ့ အခုလကုန်ဆိုရင် လေးလပြည့်သွားပါပြီ။ ဇူလိုင်လကုန်အထိ ကုန်သွယ်မှုပမာဏက ၁၁ ဒသမ ၅၇ ဘီလီယံရရှိထားပါတယ်။ မနှစ်က ကာလတူ ကုန်သွယ်မှုထက် ၁ ဒသမ ၆၃ ဘီလီယံလောက် ပိုများလာခဲ့ပါတယ်"**

**ဦးရန်နိုင်ထွန်း။** ။ ကုန်သွယ်မှုတိုးတက်တဲ့ အခြေအနေကိုမပြောမီ မနှစ်ကကုန်သွယ်မှု အခြေအနေကနေစပြီး ပြောကြားလိုပါတယ်။ မနှစ်ကကုန်သွယ်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းတစ်လျှောက်အမြင့်ဆုံးကုန်သွယ်မှု ရခဲ့ပါတယ်။ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃ ဘီလီယံ ရခဲ့ပါတယ်။ ဆန်တင်ပို့မှုဆိုရင် တန်ချိန် ၃ ဒသမ ၅၉ သန်းအထိ တင်ပို့ခဲ့ပြီး ပြောင်းတင်ပို့မှုဟာ တန်ချိန် ၁ ဒသမ ၄ သန်းအထိ စံချိန်သစ်တင် တင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ကုန်ဆိုရင်လည်း အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်တင်ပို့နိုင်တာဟာ စံချိန်သစ်တွေပါပဲ။ ဒီနှစ်မှာတော့ ကာလတိုဘတ်ဂျက် ကုန်သွယ်မှုအနေနဲ့ အခုလကုန်ဆိုရင် လေးလပြည့်သွားပါပြီ။ ဇူလိုင်လကုန်အထိ ကုန်သွယ်မှုပမာဏက ၁၁ ဒသမ ၅၇ ဘီလီယံရရှိထားပါတယ်။ မနှစ်က ကာလတူ ကုန်သွယ်မှုထက် ၁ ဒသမ ၆၃ ဘီလီယံလောက် ပိုများလာခဲ့ပါတယ်။ အဲဒီလို များပြားတာက တိရစ္ဆာန်နဲ့တိရစ္ဆာန်ထွက်ကုန်ပစ္စည်းက သန်း ၁၀၀ ကျော်လောက် တက်လာခဲ့ပြီး သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော တင်ပို့မှုတွေဟာလည်း မြင့်တက်လာခဲ့ပါတယ်။

စာမျက်နှာ ၇ သို့

❑ *ရှေ့စာမှ*

ရှေ့ပြေးစီမံကိန်း လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အရည်အသွေးအကဲဖြတ်စိစစ်ခြင်းတို့ကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း။

တပ်ဆင်မည့်စနစ်အလိုက် ပြည်သူအချိုးကျ ထည့်ဝင်ရခြင်းမှာ မိမိပိုင်ပစ္စည်းကဲ့သို့ ခံယူသည့်စိတ်ဓာတ်ရရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် ထည့်ဝင်စေရခြင်းဖြစ်ပါကြောင်း၊ အချိုးကျထည့်ဝင်ငွေမတတ်နိုင်သည့် ပြည်သူများအတွက်လည်း ကမ္ဘာ့ဘဏ်အပါအဝင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ သင့်တော်မည့်နည်းလမ်းများရှာဖွေပြီး စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

အသေးစားဓာတ်အားပေးစနစ်လုပ်ငန်းသည် လုပ်ငန်းမဆောင်ရွက်မီ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူနှင့် ကျေးရွာပြည်သူလူထုတို့ အကြိုညှိနှိုင်းဆွေးနွေးပြီး ကျေးရွာမှ တတ်နိုင်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူများ သဘောတူညီမှုဖြင့် ဆောင်ရွက်သည့် လုပ်ငန်းဖြစ်ပါကြောင်း။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစပြီး တစ်နှစ်လျှင် ယူရို ၃ သန်းနှုန်းဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်

အီတလီအစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ လိုအပ်ချက်ရှိနေဆဲဖြစ်သည့် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်ချက်များကို ကူညီပံ့ပိုးပေးနိုင်ရန် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးရွာများ၌ အကြိုလျှပ်စစ်မီးရရှိရေးစနစ်ဖြင့် ဆောင်ရွက်မှုပုံစံ အကောင်အထည်ဖော်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ သက်သာသော ချေးငွေပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ချေးငွေများဖြင့် လျှပ်စစ်မီး လက်လှမ်းမီမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကျေးရွာများတွင် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ချေးငွေယူရို သန်း ၃၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၈ နှစ်၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစပြီး တစ်နှစ်လျှင် ယူရို ၃ သန်းနှုန်းဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့်ငွေပမာဏကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်အလိုက် ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားရရှိရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် တစ်နိုင်ငံလုံးပြည်သူများ၏ ၄၁ ရာခိုင်နှုန်းမှာ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေပြီဖြစ်ပါကြောင်း၊ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများတွင် နေထိုင်သည့် ပြည်သူလူထုများအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အခြေအနေအရ မဟာဓာတ်အားလိုင်းကို တည်ဆောက်ရန်ခက်ခဲခြင်း၊ ကြန့်ကြာခြင်းများ ရင်ဆိုင်ရသည့်အတွက် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား မရနိုင်သေးပါကြောင်း၊ အဆိုပါဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်

လျှပ်စစ်ဓာတ်အားရရှိရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသော သီးခြား Mini Grid များကို တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားရရှိရန် ချေးငွေများရယူပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် နိုင်ငံအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသနေပြည်သူလူထုများ လျင်မြန်စွာ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ရည်ရွယ်ချက်ကောင်းသည့် လုပ်ငန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေရယူခြင်း၊ သုံးစွဲခြင်း၊ ပြန်လည်ပေးဆပ်ခြင်းများအတွက် ချေးငွေစာချုပ် ချုပ်ဆိုချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အီတလီနိုင်ငံ ကိုယ်စားလှယ်တို့ ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးထားသည့်အတိုင်း ပစ္စည်းဝယ်ယူမှု စည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာတန်ဖိုး ကွင်းဆက်စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းသည် လက်ရှိ မြန်မာနိုင်ငံငွေလဲနှုန်းနှင့်တွက်ချက်လျှင် မြန်မာကျပ်ငွေ ၅၉ ဘီလီယံခန့်ရှိပါကြောင်း။

ချေးငွေရယူခြင်း၏ ရည်ရွယ်ချက်သည် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေပြီး စိုက်ပျိုးစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို အကောင်အထည်ဖော်ပေးမည်ဖြစ်သည့်အတွက်



လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်

ထိထိရောက်ရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ရလဒ်ကောင်းများ ရရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ကုန်ကျစရိတ်နှင့် လိုက်လျောညီထွေရှိမည့် အကျိုးသက်ရောက်မှုရရှိစေ မည်ဖြစ်ပါကြောင်း၊ ချေးငွေရယူခြင်း၏ ရည်မှန်းချက်တွင်ပါဝင်သည့် Value Added တန်ဖိုးမြှင့် ထုတ်ကုန်ဖြစ်စေရေးကိုလည်း အရှိန်အဟုန်မြင့်မားစွာဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးမှာ လိုအပ်လျက်ရှိပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပြည်ပသွင်းကုန်အစားထိုးသုံးစွဲလာနိုင်ခြင်း၊ ကုန်သွယ်ရေးလိုငွေပြမှု လျော့နည်းလာခြင်း၊ နိုင်ငံတကာ ဈေးကွက်ဝေစုများ ရလာခြင်းနှင့်အတူ စိုက်ပျိုးထုတ်ကုန်များကို ဝယ်နေကျနိုင်ငံများမှ မဝယ်ယူသည့်အခါ ဈေးကွက်ပျက်ခြင်း၊ တောင်သူများ အရှုံးပေါ်ခြင်းတို့ကို ကာကွယ်နိုင်ခြင်းနှင့်အတူ ငွေလဲနှုန်းမတည်မငြိမ်ဖြစ်မှုကိုလည်း အထိုက်အလျောက် ဖြေရှင်းစေနိုင်မည်ဖြစ်သည့်အတွက် များပြားစွာသော အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

## မြန်မာနိုင်ငံအတွက် ယခုစီမံကိန်းသည် ဆောင်ရွက်သင့်သော စီမံကိန်းဖြစ်ပြီး ထိရောက်စွာ အကျိုးရှိလာမည်ဖြစ်သည့်အတွက် သဘောတူ

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းချေးငွေသည် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးရေး၊ စီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များရှိ အရေးကြီးသော အဆောက်အအုံများ ပိုမိုကောင်းမွန်တိုးတက်စေရန် ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွက် ယခုစီမံကိန်းသည် ဆောင်ရွက်သင့်သော စီမံကိန်းဖြစ်ပြီး ထိရောက်စွာ အကျိုးရှိလာမည်ဖြစ်သည့်အတွက် သဘောတူပါကြောင်း။

စီမံကိန်းနှင့်စပ်လျဉ်းပြီး အကြံပြုလိုသည်မှာ စီမံကိန်းဆောင်ရွက်မည့် မြို့နယ်အလိုက်၊ အုပ်စုအလိုက် သီးနှံ အထွက်တိုးရေး ရှေ့တန်းကွပ်ကဲရေးစခန်းများကို ပြန်လည်ပြုပြင်အားဖြည့်ပြီး ဘက်စုံကြီးကြပ် ကွပ်ကဲရေးရုံးအဖြစ် ဆောင်ရွက်စေလိုပါကြောင်း၊ အဆိုပါရှေ့တန်းစခန်းရုံးများတွင် အာမခံရှိသော အရည်အသွေးကောင်း စိုက်ပျိုးရေးပစ္စည်းများ တစ်ပါတည်းရောင်းချရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ သီးနှံအလိုက် တစ်လ တစ်ကြိမ် တောင်သူလယ်သမား နည်းပညာ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသော ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းကို မြို့နယ်ခြံများတွင် ဦးစားပေးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထွက်ရှိလာသော မျိုးများကိုလည်း စီးပွားဖြစ် မျိုးထုတ်လုပ်ရေးအထိ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် မျိုးစေ့ထုတ်လုပ်မှုခြံများကို ရည်မှန်းချက်ရရှိရေးအတွက် သုတေသနဘတ်ဂျက်များကိုလည်း လုံလုံလောက်လောက် ချမှတ်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်က ယခုချေးငွေဖြင့် အဆင့်မြှင့်တင်မည့် မျိုးစေ့ခြံ ၁၀ ခုစာရင်း၊ ပြုပြင်မည့် တူးမြောင်းလက်တံများ၊ ရေကန်၊ ရေလှောင်တမံ ၁၅ ခုတို့၏ တည်နေရာ၊ ကုန်ထုတ်လမ်းများ၏ စာရင်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးစေလိုကြောင်း၊ ရေစီမံခန့်ခွဲရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းရေး တို့အတွက် စီမံကိန်းဧရိယာရှိ ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဆိုပါအဖွဲ့များကို သင်တန်းပို့ချပေးခြင်းတို့နှင့်စပ်လျဉ်း၍ သင်တန်းဖွင့်မည့် ဒေသ၊ သင်တန်းကာလ၊ သင်တန်းသားဦးရေ၊ သင်တန်းဖွင့်လှစ်မည့် အကြိမ်ရေတို့ကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက ပိုမိုသင့်လျော်ကောင်းမွန်မည်ဖြစ်ပါကြောင်း။

## ပြည်သူ လူထုအများစုကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ချေးငွေနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်မရှိ

ယခုချေးယူမည့်ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းသည် ရည်ရွယ်ချက်ကောင်းပြီး ရလဒ်ကောင်းများကို မျှော်လင့်နိုင်ရုံမျှမက အတိုးနှုန်းပမာဏမှာလည်း သင့်လျော်သည့်အတွက် ချေးယူသင့်သည့် ချေးငွေဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ အောင်မြင်ထိရောက်အောင် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အဓိကထားနေရသော မိမိတို့မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထုအများစုကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ချေးငွေနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်မရှိပါကြောင်း ဆွေးနွေးသည်။

အလားတူ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်လွင်အောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင်၊ စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်နှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ကို ဩဂုတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ ဟန်လင်းနိုင်**

---

*စာမျက်နှာ ၆ မှ*

ပစ္စည်းမရှိရင်ဘယ်လိုမှ ယှဉ်ပြိုင်လို့ မရပါဘူး။ ဒီနှစ်ခုကို အလေးပေးရပါတယ်။

ဘယ်လိုပို့ကုန်တွေ တင်ပို့မလဲဆိုတာ ရွေးချယ်ရပါတယ်။ ပို့ကုန်ရွေးချယ်ရာမှာလည်း Sector တွေ ခွဲခြားထားပါတယ်။ ဥပမာပြောရရင် မပါမဖြစ်တဲ့ Traditional Export ဖြစ်တဲ့ ဆန်က အဓိကဖြစ်ပါတယ်။ မဟာဗျူဟာကို စတင်ရေးဆွဲတာက ၂၀၁၃ ကတည်းပါ။ ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပြီး ငါးနှစ်စီမံကိန်းဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ ပြီးဆုံးမှာပါ။ စီမံကိန်းကာလအတွင်း ဆန်တင်ပို့မှုဟာဆိုရင် သိသိသာသာ တက်လာပါတယ်။ ပုဂ္ဂလိကနဲ့ အစိုးရအားလုံးပူးပေါင်းဆောင်ရွက်ခဲ့လို့သာ အခုလို မြင့်တက်ရတာဖြစ်ပါတယ်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ကုန်နဲ့ ရော်ဘာ၊ အထည်ချုပ် စတာတွေဆိုလည်း တင်ပို့မှုသိသိသာသာ မြင့်တက်လာပါတယ်။

### အခြေခံအကျဆုံးလိုအပ်ချက်က သတင်းအချက်အလက်

ဒါ့အပြင် ပို့ကုန်တွေကို အားပေးတဲ့အရာတွေဖြစ်တဲ့ Supporting Industry တွေလည်း လိုအပ်ပါတယ်။ အရေးကြီးဆုံးကတော့ Financing ပါပဲ။ သူတို့က ချေးငွေတွေရရှိဖို့ လိုအပ်တယ်။ ဒါကြောင့် Access to Finance ကိုလုပ်တယ်။ Trade Information and Promotion ကို ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ဆီမှာ အခြေခံအကျဆုံးလိုအပ်ချက်က သတင်းအချက်အလက်ပါပဲ။

လိုအပ်တဲ့အချက်အလက်တွေကို ပြည်တွင်း ပြည်ပကနေ ရနိုင်သမျှရအောင် စုဆောင်းပေးတယ်။ Promotion ကတော့ ကုန်စည်ပြပွဲမျိုးတွေလုပ်ပေးတယ်။ နောက်ဆုံးအရေးကြီးတာကတော့ Trade Facilitation and Logistic ကောင်းအောင်၊ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးပါတယ်။ ဒါကလည်း အလွန်ကျယ်ပြန့်ပါတယ်။ အခြေခံအဆောက်အအုံ Infrastructure တွေပါလာတယ်။ နောက်ဆုံးအရေးကြီးတာကတော့ Quality ဖြစ်တဲ့ အရည်အသွေးပါပဲ။

ကျွန်တော်တို့မှာ ပစ္စည်းရှိတယ်။ ဈေးကွက်ရှိတယ်ဆိုရင် ရောင်းရင်ကြိုက်အောင် အရည်အသွေးကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် Quality Management Sector ကိုလည်း ထည့်သွင်းထားပါတယ်။ ဒါကြောင့်ဒီကဏ္ဍတွေဟာ အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ အဓိကအခန်းကဏ္ဍတွေဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ပုဂ္ဂလိကကဏ္ဍကလည်း ထပ်ထည့်ပါဆိုပြီး တင်ပြလာတဲ့အတွက် သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်ကို ဖော်ဆောင်ပါတယ်။ အခု ဆိုရင် ဖရဲသီး၊ သရက်သီး၊ ငှက်ပျောသီးစတာတွေအပြင် ထောပတ်သီးကိုပါ တင်ပို့လာရပါတယ်။ လက်မှုအနုပညာပစ္စည်းတွေ၊ ကျောက်မျက်ရတနာအချောထည်တွေကိုလည်း ထည့်သွင်းဖို့ဆောင်ရွက်နေပါတယ်။ Trade Policy ကလည်း ခွင့်ပြုပြီးဖြစ်တဲ့အတွက် အရင်က ကျောက်အရိုင်းတွေကိုပဲ တင်ပို့ရာကနေ အခုကုန်ချောကိုပါ တင်ပို့သွားဖို့ရှိပါတယ်။

နောက်ထပ် စိုက်ပျိုးရေးသီးနှံတွေကို Value Added ပြုလုပ်ပြီး Agrofood Processing ကဏ္ဍထပ်ထည့်ဖို့ရှိတယ်။ ဥပမာဆိုရင် ကော်ဖီ၊ သစ်သီးခြောက်နဲ့ သစ်သီးယိုတွေ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ e-Commerce နဲ့ပတ်သက်လို့ဖြစ်ပါတယ်။ ဒါကတော့ ထပ်ဖြည့်ရမယ့်အရာတွေပေါ့။ ကုန်သွယ်ရေးကိစ္စတွေနဲ့ ပတ်သက်ပြီး သတင်းအချက်အလက်တွေကိုဖလှယ်ဖို့ ပြည်တွင်းမှာဆိုရင် Trade Center တွေရှိပြီး ပြည်ပမှာဆိုရင် စီးပွားရေးသံအရာရှိတွေက သတင်းဖြန့်ဖြူးရေး၊ ဈေးကွက်မြှင့်တင်ရေးတွေကို လုပ်ဆောင်ပေးကြပါတယ်။

### နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲကျင်းပနိုင်တဲ့ ခန်းမတည်ဆောက်ဖို့ စီစဉ်နေ

ကုန်စည်ပြပွဲဆိုတာကလည်း ပို့ကုန်မြှင့်တင်ရေးရဲ့အဓိက Activity တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့က ပို့ကုန်မြှင့်တင်ဖို့ မြန်မာလုပ်ငန်းရှင်တွေအတွက် ပြည်တွင်းပြည်ပကုန်စည်ပြပွဲတွေ ကျင်းပပေးပါတယ်။ အားလုံးပါဝင်အောင်လည်း ကူညီပေးတယ်။ အရင်က တစ်လနေလို့ တစ်ပွဲတောင်မရှိခဲ့ပါဘူး။ အခုနောက်ပိုင်းမှာ ပြပွဲကျင်းပမယ့် ခန်းမတွေ ရက်ရဖို့တောင် ခက်ခဲတဲ့အထိ ကုန်စည်ပြပွဲတွေကို မကြာခဏ ကျင်းပပေးလျက်ရှိပါတယ်။ ဒါကြောင့် မကြာမီမှာပဲ နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲတွေ ကျင်းပနိုင်တဲ့ ခန်းမကျယ်ကြီးတစ်ခုကို တည်ဆောက်ဖို့အတွက် စီစဉ်နေပါတယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ လက်ခံကျင်းပတဲ့ အာဆီယံ-တရုတ်ကုန်စည်ပြပွဲက နှစ်တိုင်းကျင်းပပါတယ်။ အခုက ၁၅ ကြိမ်မြောက်ကျင်းပမှာဖြစ်ပြီးတော့ မြန်မာနိုင်ငံကလည်း နှစ်စဉ်နှစ်တိုင်းသွားရောက်ပြသပါတယ်။ ဒီနှစ်မှာ ပြခန်း ၁၆၅ ခုအထိ ပြသသွားဖို့ရှိပါတယ်။ လုပ်ငန်းရှင်တွေကိုလည်း နှစ်တိုင်းဖိတ်ခေါ်ပြီး လိုအပ်ရင် လေယာဉ်စင်းလုံးငှားပြီး သွားလာရေးအတွက် လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ဒီနှစ်မှာ အမျိုးသားပြခန်းဆောင်အနေနဲ့က ကရင်ပြည်နယ်ဘားအံမြို့ရဲ့သာယာလှပမှုကို ပြသသွားမှာဖြစ်ပါတယ်။ အခြားသော ပြည်တွင်းပြည်ပကုန်စည်ပြပွဲတွေကိုလည်း စီစဉ်ချိတ်ဆက်ပြီး သွားရောက်ပြသလျက် ရှိပါတယ်။ မကြာမီမှာ ရှန်ဟိုင်း၊ ပေကျင်းနဲ့ ဥရောပဒေသတွေအထိ သွားရောက် ပြသဖို့တွေလည်း ရှိပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ ပြည်တွင်းပြည်ပဘယ်မှာပဲဖြစ်ဖြစ် ကုန်စည်ပြပွဲတွေ ပြသချင်တယ်ဆိုရင် စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# လူငယ်တွေ စာအပြင် ဗလငါးတန်ဖွံ့ဖြိုးဖို့ကလည်း အရေးကြီးပါတယ်

**မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်မှစ၍ ၁၃ ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးသူများနှင့် စာရေးဆရာကြီးများ၏ သုံးသပ်အကြံပြုချက်များကို ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာဇော်မြင့်မောင်(ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

"ဒီပွဲကို သီးသန့်လာအားပေးတာပါ။ တော်တော်အောင်မြင်ပါတယ်။ တော်တော်လည်းစည်ကားပါတယ်။ လူငယ်တွေ စာအပြင် ဗလငါးတန်ဖွံ့ဖြိုးဖို့ကလည်း အရေးကြီးပါတယ်။ ဒီပွဲရဲ့အဓိကရည်ရွယ်ချက်က အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတို့ကို မြှင့်တင်ပေးနိုင်ဖို့နဲ့ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို လူငယ်တွေရဲ့ အတွေ့အကြုံကောင်းတွေနဲ့ တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့ဆိုတဲ့ အရာတွေပါပဲ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားထားတာရှိတယ်။ လူငယ်တွေဘက်စုံဖွံ့ဖြိုးဖို့ဆိုတာ အားလုံးမှာတာဝန်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့ရော မိဘ အုပ်ထိန်းသူတွေရော အခြားသက်ဆိုင်တဲ့သူတွေပါ ပူးပေါင်းပါဝင်ဖို့ အရေးကြီးတယ်"။

**စာရေးဆရာ ချစ်ဦးညို**

"အခုလုပ်နေတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဟာ တစ်နှစ်က ရန်ကုန်မှာလုပ်တဲ့ ပွဲတော်ထက်ပိုပြီး စည်ကားတာတွေ့ရတယ်။ ရေိယာပိုပြီး ကျယ်ဝန်းတာကြောင့်လည်း ပါမယ်ထင်တယ်။ အမျိုးအမယ်တွေလည်းစုံတယ်။ ဖျော်ဖြေရေး၊ အားကစား၊ ပြခန်းတွေစုံလင်တယ်။ ဒီပွဲတော်နဲ့ ပတ်သက်ပြီးစိတ်ထဲမှာ တော်တော်လေးအားရဝမ်းသာ ကျေနပ်မိပါတယ်။ ဘာလို့လဲဆိုတော့ ကျောင်းတွေ၊ ကျောင်းတွေကလည်း လာလိုက်ကြတာအများကြီးပဲ၊ ကိုယ်ပိုင်ကျောင်းတွေကရော၊ အစိုးရကျောင်းတွေကရော တွေ့ရတယ်။ ကျွန်တော်တွေ့ရတာက လာရောက်တဲ့ကလေးတွေက စာအုပ်တွေ ဝယ်ယူကြတယ်။ ဆရာ၊ ဆရာမ တွေကလည်း ဝယ်ခိုင်းတယ်။ အဲဒီတော့ ဒီကလေးတွေက သူတို့ရတဲ့ မုန့်ဖိုးလေးတွေနဲ့ ဒီစာအုပ်တွေကိုဝယ်ယူအသုံးချတာကိုတွေ့တော့ စိတ်ထဲမှာစာရေးဆရာတစ်ဦးအနေနဲ့ ကြည်နူးမိတယ်။ လူငယ်တွေ စာမဖတ်ဘူး။ စာမဖတ်ဘူးဆိုတဲ့ လူကြီးတွေရဲ့ တစ်ဖက်အမြင်ကိုလည်း ပြောင်းလဲသွားနိုင်မယ်လို့ ယူဆပါတယ်။

"ကလေးတွေက ကိုယ်ဘာကို ဝါသနာပါမှန်း သေချာမသိဘူး။ ဘာကို ဝါသနာပါသလဲဆိုတာလည်း မစူးစမ်းမိဘူး။ သူတို့ထူးချွန်နိုင်မယ့် သူတို့ဝါသနာဟာ ဘာမှန်း မသိကြဘူး။ ဒီပွဲတော်ကို လာခြင်းအားဖြင့် သူတို့က ကိုယ်ဘာကို ဝါသနာပါသလဲ ဆိုတာကို သိသွားမယ်။ ပြောရရင် လူငယ်လေးတွေ မိမိတို့မှာစွဲစွဲမြဲမြဲရှိနေတဲ့ ဝါသနာကို ဆွဲထုတ်ပေးတဲ့ ပွဲတော်လို့အမည်တပ်လို့ရတယ်။ လူငယ်ပွဲတော်ဟာ ဘက်စုံပြထားတာတွေ ပါဝင်တဲ့အတွက် ကိုယ်ကဘယ်ဘက်မှာ ငါလေ့လာလိုက်စားချင်သလဲ၊ ဘယ်ဘက်မှာ ထူးချွန်မလဲဆိုတာ သူတို့ကိုယ်သူတို့ သိသွားမယ်။ အဲ့ဒါကို ဖွင့်ပေးလိုက်တာ။ လူငယ်ဘက်စုံပွဲတော်ဆိုတာက တော့ ကျွန်တော်ထင်တယ်။ ဒါကအစိုးရရဲ့လုပ်ရှားမှုတစ်ခုပဲ။ ပွဲတော်ကတော့ အောင်မြင်ပါတယ်။ ပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ခါတိုင်းလို ငြိမ်းချမ်းရေးစကားဝိုင်းမဟုတ်ဘဲ စာပေစကားဝိုင်းလုပ်သွားတာဆိုတော့ အင်မတန်ကောင်းတဲ့ လှုပ်ရှားမှုတစ်ခု ဖြစ်သွားတယ်။ ရည်ရွယ်ချက်လည်း အောင်မြင်တယ်လို့ ပြောရမယ်"။

**စာရေးဆရာ ညီပုလေး**

"ဒီပွဲတော်လုပ်လိုက်တာ ကောင်းတယ်ဗျ။ ကျွန်တော်ကတော့ သဘောကျတယ်။ ဒီပွဲကိုလာတဲ့အချိန် ကျွန်တော်ပြန်ကြားရတာကတော့ ကလေးတွေ စာဖတ်ချင်စိတ်ပေါ်တယ်ဗျ။ တချို့လူတွေကတော့ စကားဝိုင်းမှာ ကလေးတွေကို အားမရဘူးလို့ ပြောကြတယ်။ ကျွန်တော်ကတော့ လူကြီးတစ်ဦးရဲ့အမြင်အရ ကလေးအချင်းချင်းကျတော့ ကျွန်တော်ပြောတာထက် ကလေးတွေပြောတာက ပိုပြီးရင်ထဲရောက်တယ်။ တကယ့်တကယ်တော့ လူ ၂၀ က နည်းနည်းများတယ်။ စီးပွားရေးသမားတွေနဲ့ စကားဝိုင်းတစ်ခုလည်း လုပ်ပေးစေချင်တယ်။ ဒီပွဲတော်မှာ လူငယ်လေးတွေရဲ့ စကားဝိုင်းကို ကျွန်တော် ကြိုဆိုပါတယ်။ တစ်ဦးချင်းမိတ်ဆက်ပြီး ပြောကြတာထက် တစ်ဦးနဲ့တစ်ဦးလုယက်ပြီး ပြောကြရင်တော့ ပိုကောင်းမယ်။ အခုက နည်းနည်း စနစ်ကျအောင် လုပ်ထားတဲ့ အရသာထွက်နေတယ်။ မေးတဲ့သူကမေး၊ ဖြေတဲ့သူက ဖြေကြပေါ့ဗျာ။ ကလေးတွေလာကြတာကို ကျွန်တော်ကတော့ တော်တော်ကို သဘောကျတယ်။ သူတို့လူငယ်ဖြစ်လာတဲ့အချိန်ကျရင် ဘယ်လိုရပ်တည်ရမယ် ဆိုတာက ဒီကနေ အတုယူစရာတွေ၊ သင်ယူစရာတွေ ကလေးတွေအနေနဲ့ ရသွားမှာပါ။ အနည်းဆုံးတော့ သူတို့အတွက် အကျိုးကျေးဇူးတစ်ခုခုတော့ ရကိုရသွားမှာပါ။ ကျွန်တော်ကတော့ အထူးသဖြင့် ပြည်နယ်တွေမှာ ပိုပြီးလုပ်ပေးစေချင်တယ်"။

**စာရေးဆရာ စိုးနိုင်**
**(မန္တလေးတက္ကသိုလ်)**

"လူငယ်ပွဲတော်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း စာရေးဆရာမဖြစ်တယ်။ ကဗျာဆရာမဖြစ်တယ်။ ဒီစာရေးဆရာမ၊ ကဗျာဆရာမနဲ့ စာဖတ်တဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ တွေ့တဲ့ပွဲပေါ့။ နားထောင်ရတာ ပီတိဖြစ်တယ်။ ကလေးတွေကလည်းပြောတာကောင်းတယ်။ အတိုင်ပင်ခံကလည်း ကလေးတွေပြောတဲ့စကားကို သေသေချာချာ ပြန်ပြီးပေါင်းစပ်ပေးနိုင်တယ်။ ကမ္ဘာ့တက္ကသိုလ်တွေ တက်လာပြီး အတွေ့အကြုံရှိတဲ့ အမျိုးသမီးကြီးတစ်ဦးဟာ မန္တလေးတက္ကသိုလ်ကိုလာတဲ့အတွက် မန္တလေးတက္ကသိုလ်ဟာ မော်ကွန်းအသစ်တစ်ခုကို ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လိုက်တာဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းတစ်ဦးအနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ပညာရေးစနစ်က နှစ်ပေါင်းများစွာမကောင်းခဲ့ဘူး။ အဲ့ဒီ ပညာရေးကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဖို့ ဒါဟာ အခြေခံလှုပ်ရှားမှုတစ်ခုပါ။ အရင်က အလွတ်ကျက်မှတ်တဲ့ စနစ်ကနေ ကိုယ်တိုင် တွေးခေါ်တဲ့ စနစ်ကိုပြောင်းဖို့ ကြိုးစားနေတာကို အစပျိုးလိုက်တာဖြစ်ပါတယ်။ အခုခေတ် ကျောင်းသား၊ ကျောင်းသူတွေက စာကြည့်တိုက်ကိုသိပ်ပြီးမလှည့်ကြတော့ဘူး။ ဒီကျောင်းသူ၊ ကျောင်းသားတွေ အခုလုပ်လိုက်တဲ့ စကားဝိုင်းကနေ စာကြည့်တိုက်ဘက်ကို ပြန်လှည့်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်"။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်



စာရေးဆရာ ချစ်ဦးညို



စာရေးဆရာ ညီပုလေး



စာရေးဆရာ စိုးနိုင်

# ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအစီအစဉ်များတွင် လူငယ်များ စိတ်ဝင်တစားပါဝင်ကြ

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် ပါဝင်ကျင်းပလျက်ရှိသည့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အစီအစဉ်များတွင် လူငယ်များ စိတ်ဝင်တစားပါဝင်ကြကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အစီအစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိပြီး မန္တလေးတက္ကသိုလ်ရှိ အင်း၀-၉ အဆောင်၌ တေးသံရှင် ဆူမိုနှင့် မသဇင်သီရိခေတ်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

ထို့ပြင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးလှုပ်ရှားမှု အစီအစဉ်များတွင် ပြဇာတ်၊ Documentary နှင့် စကားဝိုင်းများကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါအစီအစဉ်များနှင့် စပ်လျဉ်း၍ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက "ဒီပွဲတော်မှာ ကျွန်မတို့ အသင်းရဲ့ပြခန်းတွေရှိပါတယ်။ ပြခန်းတွေမှာ ပို့စတာတွေ၊ ပန်းဖလက်တွေနဲ့ အသိပညာပေးတာမျိုးလည်းပါတယ်။ ပြီးတော့ လာတဲ့လူငယ်တွေ အကုန်လုံး သူတို့ကိုယ်တိုင် ပါဝင်ပြီး သူတို့ကိုယ်တိုင်လေ့လာ၊ လေ့လာပြီးတဲ့အခါမှာ သူတို့သိချင်တာတွေ မေးမြန်းပါတယ်။ ကျွန်မတို့က လူငယ်တွေ သိချင်တာတွေကို ဖြေကြားပေးတယ်။ အမေးအဖြေပေါ့။ ဒီလိုအမေးအဖြေမှာ ပါဝင်တဲ့ကလေးတွေကို အမှတ်တရ လက်ဆောင်ပစ္စည်းလေးတွေ ပြန်ပြီးပေးပါတယ်။

"အသိပညာပေးလုပ်ငန်းမှာ ပြည်သူလူထု၊ လူငယ်တွေ Active Participation အနေနဲ့ ပါဝင်ဆင်နွှဲလို့ရအောင် ဖြစ်ပါတယ်။ ဒါကတော့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။ ပွဲတော်အတွင်း အင်း၀-၉ အဆောင်မှာ လုပ်တဲ့ စကားဝိုင်းတွေမှာ ပါဝင်ပြီးတော့ ဆွေးနွေးစေခြင်းအားဖြင့် လူငယ်တွေကို ပါဝင်စေချင်ပါတယ်။

"ပြီးတော့ ပဟေဠိ အစီအစဉ်ကိုလည်း လုပ်ပါတယ်။ ဒီအစီအစဉ်မှာ ကျွန်မတို့ အပိုင်းသုံးပိုင်း မေးပါတယ်။ ပထမပိုင်းကတော့ ကျွန်မတို့ ယဉ်ကျေးမှုလေ့ထုံးတမ်းအစဉ်အလာကို ဖော်ညွှန်းတဲ့ စကားပုံလေးတွေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့ ရုပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်လို့၊ အိမ်ထောင်ရေးရာနဲ့ ပတ်သက်လို့ မှတ်သားလေ့ မှတ်သားထိုက်တဲ့ စကားပုံလေးတွေ မေးပါတယ်။ ဒုတိယပိုင်းကတော့ မျိုးဆက်ပွားကျန်းမာရေးနဲ့ ပတ်သက်လို့ သိသင့်တာ ဘယ်လောက်ရသွားလဲဆိုတာကို သိဖို့ မေးခွန်းလေးတွေ မေးပါတယ်။ ဖြေနိုင်တဲ့ကလေးတွေကို ပထမဆုငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ်တစ်သိန်းနဲ့ တတိယဆုငွေကျပ် ငါးသောင်း ပြန်ပြီးချီးမြှင့်ပါတယ်။ ပြည်သူလူထုကိုယ်တိုင် ပါဝင်မှုပဲ အောင်မြင်မှာဖြစ်ပါတယ်။ မျိုးဆက်ပွားပညာရပ်တွေကို နားလည်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အသင်းက သူတို့ကိုယ်တိုင် ပါဝင်ဖို့အတွက် နည်းလမ်းတွေနဲ့ ပြခန်းတွေ ပါဝင်ပြသပါတယ်။

ပြီးတော့ အဆိုတော် ဆူမိုနှင့် မသဇင်သီရိခေတ် ကနေပြီးတော့ ကျွန်မတို့အသင်းအကြောင်း၊ ရင်ခွင်မဲ့ကလေးငယ်တွေအကြောင်း၊ မိခင်တွေအကြောင်း သီဖွဲ့ထားတဲ့ သီချင်းလေးတွေကို ဖျော်ဖြေပါတယ်။ ဖျော်ဖြေတာကတော့ သုံးနေရာ ဖျော်ဖြေပါတယ်။ ကျွန်မတို့ အင်း၀-၉ မှာရယ်၊ မြန်မာ့အသံက ဖျော်ဖြေတင်ဆက်တဲ့ ဂုဏ်ပြုတီးဝိုင်းနဲ့ ဘွဲ့နှင်းသဘင် ခန်းမ သုံးနေရာမှာ နေ့တိုင်းဖျော်ဖြေပါတယ်" ဟု ပြောကြားသည်။

**အောင်မင်းဟန်**



ဒေါက်တာမြသီတာ (ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ အသိပညာပေးလှုပ်ရှားမှု စကားဝိုင်းကျင်းပစဉ်။

# ပျော်ရွှင်စွာနွဲပျော် မန္တလေးလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် မြင်ကွင်းများ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာယွန်းထည်လုပ်ငန်းကို ကျောင်းသား လူငယ်လေးများ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေစဉ်။
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့တွင် လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူလေးများကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် ခင်းကျင်းပြသထားသည့် ပြခန်းများ၌ ကျောင်းသားလူငယ်လေးများ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တွင် ခင်းကျင်းပြသထားသည့် စာအုပ်ဆိုင်များတွင် ကျောင်းသား ကျောင်းသူလေးများ လေ့လာဝယ်ယူအားပေးကြစဉ်။
ဓာတ်ပုံ-မင်းထက်အောင်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့တွင် ကျောင်းသား ကျောင်းသူ လူငယ်လေးများ လွန်ဆွဲပြိုင်ပွဲ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။
ဓာတ်ပုံ-အောင်မင်းဟန်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့တွင် ကျောင်းသား ကျောင်းသူ လူငယ်လေးများ ဘတ်စကက်ဘောပြိုင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။
ဓာတ်ပုံ-အောင်မင်းဟန်

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၀/၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက်**

**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှ ဩဂုတ်လ ၁၁ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော်ကောင်စီ၊ ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနား(ဟောင်း) ကျေးရွာအုပ်စု၊ စည်ကောက်ကျေးရွာနေ ကုလားလေးသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၈-၂၀၁၈ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနား (ဟောင်း)ကျေးရွာအုပ်စု၊ စည်ကောက်ရွာနေ မြခိုင်(ခ) ကုလားလေး(၅၄)နှစ်၊ (ဘ)ဦးထွန်းခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်၌တွေ့ရှိပြီး ၎င်းနေအိမ်ခြံစည်းရိုးနှင့်ကပ်လျက် မလွယ်ပေါက် ဖောက်ထားသော လူနေထိုင်ခြင်းမရှိသည့်ခြံဝန်းအတွင်း ၄က်ပျောပင်များ ကြားတွင် ဝှက်သိမ်းထားသည့် ဘိန်းဖြူမှုန့်များအား ရှာဖွေတွေ့ရှိသိမ်းဆည်း ရမိသဖြင့် မမစ(ပျဉ်းမနား) မယ(ပ) ၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရွာတော်လေးရွာနေ ဖိုးဆန်းဝင်းသည် ဆိုင်ကယ်ဖြင့် မူးယစ်ဆေးပြားများအား ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၈-၂၀၁၈ ရက်နေ့တွင် စဉ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာ၊ လက်ပံလှ-ဒိုးနွယ်သွား လမ်းပေါ်၌ လျှို့ဝှက်စောင့်ဆိုင်းစိစစ်နေစဉ် ဖိုးဆန်းဝင်း(ခ) အောင်လှိုင်ထွန်း(၂၈)နှစ်၊(ဘ)ဦးဆွေဝင်း၊ ရွာတော်လေးရွာနှင့် တစ်ရွာတည်းနေ မိုးသက်နိုင်(ခ)မိုးသီး(၃၂)နှစ်၊(ဘ)ဦးအောင်မြင့်တို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်အတွင်းမှ ၈၈/၁ စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား ရကစ (လက်ပံလှ)မယ(ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ ရပ်ကွက်(၂)နေ ကိုလောသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၈-၂၀၁၈ ရက်နေ့တွင် လွယ်ဂျယ်မြို့နယ်ခွဲ၊ ရပ်ကွက်(၂)၊ အိမ်အမှတ်(၈၃)နေ လောသိန်း(၄၂)နှစ်၊ (ဘ)ဦးဆွဲရှန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ကိုအောင်(ခ)သိမ်းအောင် (၃၉)နှစ်၊ (ဘ)ဦးလှအောင်နှင့် အောင်မြတ်(၄၉)နှစ်၊ (ဘ)ဦးပန်းစွတ်တို့(၂)ဦးအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူမှုန့်များ၊ တံဆိပ်မပါ ပန်းရောင်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ (၂)ဦးအား နမစ(လွယ်ဂျယ်) မယ(ပ)၁၉/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်(၂)ခု၌ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့တွင် အမှု(၁၃)မှု၌ တရားခံအမျိုးသား (၁၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၅-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ ရီကျင်ဆိုက် (၄၃)နှစ်၊ (ဘ) ဦးရီချောက်ပေါ်အား ၎င်းဝတ်ဆင်ထားသည့် အနွေးထည်အင်္ကျီအတွင်းမှ ဘိန်းဖြူများ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၈၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၌ ဆက်လက်စောင့်ဆိုင်း စိစစ်နေစဉ် လမ်းလျှောက်လာသူ ဖြိုးမင်းနောင် (ခ)အိုက်ပူး (၂၂)နှစ်၊ (ဘ) ဦးသန်းဝင်းနောင်အား ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ ဘိန်းဖြူများ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၈၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် လည်းကောင်း၊ ၆-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ အမက(မြို့မစုစည်းရွာ)အနီး စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ မရန်ဆွေကော့ (၄၈)နှစ်၊ (ဘ) ဦးကြောင်မိန့်ချိန်၊ ရပ်ကွက်(၇)နေသူအား WY စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၈၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဆက်လက်စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ တန်ဂန်း(ခ)မာဂွန်း(၂၈)နှစ်၊(ဘ) ဦးမီတုန်ဂမ်၊ ရပ်ကွက်(၂) နေသူအား ၎င်းဝတ်ဆင်ထားသည့် အပြာရောင် ဘောင်းဘီအိတ်ကပ် အတွင်းမှ WY စာတမ်းပါစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ) ၈၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်အတွင်း သတင်းစုံစမ်းနေစဉ် သတင်းရရှိထားသူ သန့်ဇင်ထွန်း(၂၅)နှစ်၊(ဘ)ဦးတင်ဝင်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏနေသူအား သုမင်္ဂလာလမ်းမပေါ်တွင် တွေ့ရှိရှာဖွေရာ ၎င်းထံမှWY စာတမ်းပါ စိတ်ကြွဆေးပြားများ တွေ့ရှိခဲ့ပြီး ကွင်းဆက် စစ်ဆေးရာ (က)ရပ်ကွက်၊ စကားဝါလမ်းနေ မရင်ရင်ထွေးထံမှ ဝယ်ယူကြောင်း သိရှိရသဖြင့် မရင်ရင်ထွေး (၄၅)နှစ်၊ (ဘ) ဦးမောင်မောင်၏ နေအိမ်သို့ ဆက်လက်ဝင်ရောက်ရှာဖွေရာခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၂)ဦးအား မမစ(သင်္ဃန်းကျွန်း) မယ(ပ)၃၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ ရပ်ကွက်(၄)နေ ဝင်းကိုသည် 7J-4601 ခွေးဘီလူးယာဉ်ဖြင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့ (၄၁)ကားဂိတ်ဝန်းအတွင်း 7J/4601 ခွေးဘီလူးယာဉ်နှင့်အတူ ယာဉ်ပေါ်၌ ဝင်းကို(၄၉)နှစ်၊ (ဘ)ဦးမောင်ကျော်၊အမှတ်(၄၃)၊ ရပ်ကွက် (၄)နှင့် တင်ထွန်းညိမ်း (၄၄)နှစ်၊ (ဘ)ဦးဖိုးလှ၊ ချယ်ရီ မြိုင်အိမ်ယာ၊ ရပ်ကွက်(၁)တို့(၂)ဦးအား ဘိန်းဆီခဲနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဝင်းကို၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ ခတ်ခူးအား ထပ်မံတွေ့ရှိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(လားရှိုး)မယ(ပ)၁၄၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လားရှိုးမြို့ ရပ်ကွက်(၄)၊ သပြေလမ်း၊ အမှတ်(ဃ/၈/၃၇) နေ မရင်ချွင်ရှမ်း (၅၃)နှစ်၊ (ဘ) ဦးရန်ဆင်ညာအား စစ်ဆေးရာ နေအိမ်အတွင်းမှ ဘိန်းဆီခဲ၊ WY စာတမ်းပါ စိတ်ကြွဆေးပြားများတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၁၄၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိဿလင်းကျေးရွာအုပ်စု၊ စေတီကုန်းကျေးရွာနေ ကိုထွန်းအောင်ကျော် (ဘ)ဦးတင်စိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၈-၂၀၁၈ ရက်နေ့တွင် ကသာမြို့နယ်၊ စေတီကုန်းကျေးရွာနေ ထွန်းအောင်ကျော် (၃၂)နှစ်၊ (ဘ)ဦးတင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်းမှ ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိသဖြင့် မမစ (ကသာ) မယ(ပ)၅၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ ရပ်ကွက် (၇)အတွင်း စုံစမ်းဆောင်ရွက်နေစဉ် ငုရွှေဝါလမ်း၊ အမှတ် (၁၀၇၅/က)ရှိ ဘုန်းမောင်(ခ) နေဝင်းမောင် (၃၀)နှစ်၊ (ဘ)ဦးမောင်မောင်ဦးသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ) ၄၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။ |
| ၉ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ပိတောက်မြိုင်ရပ်ကွက်ရှိ လေထိုး ကျွတ်ဖာဆိုင်တွင် မူးယစ်ဆေးဝါးများကို အကြီးအကျယ် ဖြန့်ဖြူးရောင်းချ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်ရှိ ဇွဲကိုကို လေထိုးကျွတ်ဖာဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆိုင်ပိုင်ရှင် မင်းမင်းကျော်(ခ)ကျော်ကြီး (၂၁)နှစ်၊ (ဘ) ဦးသိန်းကြိုင်အား ဆိုင်ခန်းအတွင်းမှ ဘိန်းဖြူမှုန့်များ ရှာဖွေတွေ့ရှိပြီး၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်မီးဖိုချောင် အတွင်းမှ ဘိန်းဖြူမှုန့်များ ထပ်မံတွေ့ရှိခဲ့ပြီး မမစ(ကျွန်းလှ) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မလေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတွင် မူးယစ်ဆေးဝါးများကို သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၈-၂၀၁၈ ရက်နေ့တွင် ဒလမြို့နယ်၊ မြို့မလေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းအတွင်း စုံစမ်းစိစစ်နေစဉ် မူးယစ်ဆေးများအား သံလျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ကိုမင်းထံမှ ဝယ်ယူရောင်းချနေကြောင်း သိရှိရသဖြင့် သံလျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်-ကျောက်တန်းလမ်းမ၊ သုခစံလဖက်ရည်ဆိုင်ရှေ့ လမ်းမပေါ်တွင် အောင်ကိုမင်း(ခ)ကိုမင်း(၂၈)နှစ်၊ (ဘ)ဦးတင်ဝင်း၊ ဘုရားကုန်းကျေးရွာနေသူအား HONDA Wave-125 ဆိုင်ကယ်နှင့်အတူ တွေ့ရှိရပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(သံလျင်) မယ(ပ)၂၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပွဲ့ဆိပ်အပန်းဖြေ စခန်းအတွင်း၌ နေ့ရောညပါ မူးယစ်ဆေးဝါးများ လာရောက်သုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် ပွဲ့ကမ်းခြေတစ်လျှောက် စောင့်ဆိုင်းစိစစ်နေစဉ် ပြည်တော်သာရပ်ကွက်၊ ကမ်းနားလမ်းနှင့် တြိဂံလမ်းဆုံအနီးတွင် လမ်းလျှောက်လာသူ လင်းချေ (၂၂)နှစ်၊ (ဘ)ဦးစိန်သာ၊ မကျည်းမြိုင် ရပ်ကွက်နှင့် ဝင်းမောင်သိန်း (၁၈)နှစ်၊ (ဘ)ဦးရွှေလှ၊ မကျည်းမြိုင်ရပ်ကွက်နေသူတို့(၂)ဦးအား WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ) ၃၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ၇-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ပွဲ့ကမ်းခြေစခန်း၊ WESTENPART POINT စားသောက်ဆိုင်အနီး စုံစမ်းစိစစ်နေစဉ် ကျော်သူရဦး (ခ)သူရချေ(၂၃)နှစ်၊ (ဘ)ဦးကျော်မြင့်၊ ပြည်တော်သာရပ်ကွက်နေသူ မောင်းနှင်လာသည့် ၅၁ယ/၆၉၁၇၄ SUZUKI(CBR) ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ) ၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ စစ်တွေမြို့ ရွာကြီး တောင်ရပ်ကွက်၊ မဏိရတနာဘုန်းကြီးကျောင်းတွင် သတင်းသုံးနေသည့် ဦးဥတ္တမသီရိ (ခ) ခင်အေးမောင် (၃၀)နှစ်၊(၁၁)ဝါ၊ (ဘ)ဦးမောင်အေးသာကို စစ်ဆေးနိုင်ရေး ကျောင်းထိုင်ဆရာတော်ထံ လျှောက်တင်ပြီး ဆွမ်းစားဆောင် အပေါ်ထပ်ရှိ ၎င်း၏အခန်းအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ နှင့်အတူ ဖမ်းဆီးရမိသဖြင့် သိက္ခာတော်ချ၍ မမစ(စစ်တွေ) မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ မစိုးစိုးအေး(ခ)မစိုး (၄၀)နှစ်၊ (ဘ) ဦးကျော့အေး၊ အမှတ်(၁၁)၊ (ဃ)တန်း၊ မင်းဂံအကွက်(၄)နေသူအား မင်းစောမွန်လမ်းမပေါ်တွင် တွေ့ရှိစဉ် ၎င်း၏ လက်ကိုင် အိတ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (စစ်တွေ)မယ(ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ မစိုးစိုးအေး(ခ)မစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ရောက်ရှိနေသူ ၎င်း၏ မောင်ဝမ်းကွဲ ကျော်မင်းထွန်း (၃၈)နှစ်၊ (ဘ) ဦးကျော်ထွန်းစိန်၊ ချောင်းဝရပ်ကွက်၊ ရသေ့တောင်မြို့နယ်နေသူအား ၎င်းဝတ်ဆင်ထားသည့် အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ)၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ လမ်းမတော် (မြောက်)ရပ်ကွက်၊ ရွှေပြားကမ်းနားလမ်းနေ ခိုင်မင်း၊ (၃၂)နှစ်၊ (ဘ) ဦးကျော်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆေးပြားများအား တစ်ရပ်ကွက်တည်းနေ |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

| | | |
|---|---|---|
| | | ဦးအောင်စံမြ (၄၅)နှစ်၊ (ဘ) ဦးကျော်သန်းထံမှ ဝယ်ယူထားကြောင်း သိရှိရသဖြင့် ဦးအောင်စံမြ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိခဲ့သော်လည်း ၎င်းတို့(၂) ဦးအား မမစ (စစ်တွေ)မယ(ပ)၃၉/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀ (က)/ ၂၁ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ ကင်းချောင်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချမှုများ ရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် မိုးမိတ်မြို့နယ်၊ ကင်းချောင်းကျေးရွာနေ မသီတာထွန်း(ခ) မအေးသာ (၂၄)နှစ် (ဘ) ဦးအောင်ကြီး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မသီတာထွန်း(ခ)မအေးသာ လွှင့်ပစ်လိုက်သည့် အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (မိုးမိတ်) မယ(ပ) ၆၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ကင်းချောင်းကျေးရွာ၊ အောင်ရတနာဈေး ရပ်ကွက်နေ ဖိုးပြည့်(ခ)ဖိုးမြ (၂၆) နှစ်၊ (ဘ)ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်း ဖိနပ်စင်အောက်မှ WY စာတန်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(မိုးမိတ်)မယ(ပ) ၆၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အိုင်မကျေးရွာတွင် နေထိုင်သူ ဦးမျိုးမြင့်နှင့် ရွှေပန်းကျေးရွာမှ မခင်ဌေးရီ တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ အိုင်မကျေးရွာနေ မျိုးမြင့်(၅၃)နှစ်၊ (ဘ) ဦးထိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းမဲများ ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးများအား ရွှေပန်းကျေးရွာနေ မခင်ဌေးရီ၊ (၄၀)နှစ်၊ (ဘ) ဦးသောင်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် မခင်ဌေးရီ နေအိမ်အား ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိခြင်းမရှိခဲ့သော်လည်း ၎င်းတို့ (၂)ဦးအား မမစ (မြို့သစ်) မယ(ပ)၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၄ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူအုပ်စု၊ နမ့်မော်ရွာ၊ ရပ်ကွက်(၆)တွင် နေထိုင်သူ ဦးဝင်းဇော်သန်းနှင့် ဇနီး ဒေါ်ခင်ဝင်းရီတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ နမ့်မော်ကျေးရွာ၊ ရပ်ကွက်(၆)၊ အိမ်အမှတ် (၆/၁၂၁)နေ ဦးဝင်းဇော်သန်း (၂၉)နှစ်၊ (ဘ)ဦးသန်းရှောင်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းရီ (၃၅)နှစ်၊ (ဘ)ဦးထွန်းရင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့(၂)ဦးအား နေအိမ်အတွင်းမှ ပန်းရောင်စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်) မယ(ပ)၁၄၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၉ (က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံးကျေးရွာအုပ်စု၊ ဖက်နန်ရွာနေ ကိုဖိုးလမင်း (ဘ-ဦးချစ်စံ)သည် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားလျက် ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ဖက်နန်ရွာနေ ဖိုးလမင်း (ခ)ဖိုးလပြည့် (၃၆)နှစ်၊ (ဘ)ဦးချစ်စံ ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲဝင်းကို (ခ)ရဲကို (၂၇)နှစ်၊ (ဘ)ဦးမှတ်ကြီး၊ ရွှေညောင်မြို့နှင့် ထက်အောင်(၂၀)နှစ်၊ (ဘ)ဦးသန်းအောင်၊ ရတနာ(၁) ရပ်ကွက်၊ ရွှေညောင်မြို့နေသူတို့(၃)ဦးအား WY စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃) ဦးအား နမစ(ညောင်ရွှေ) မယ(ပ)၁၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် နန္ဒင်းတောအုပ်စု စည်းသာကျေးရွာနေ ဦးငမင်းသည် မူးယစ်ဆေးဝါးများ ရောင်းချလျက် ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ နန္ဒင်းတောကျေးရွာအုပ်စု၊ စည်းသာကျေးရွာနေ မင်းခိုင်(ခ)ငမင်း (၄၃)နှစ်၊ (ဘ)ဦးဖိုးခန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ ၈၈/၁ စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၁၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအုပ်စု၊ ဘုရင့်နောင်လမ်းနေ ဦးမောင်နှင့် ဇနီး ဒေါ်သွန့်အေး တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအုပ်စု၊ မြို့ဦးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အိမ်အမှတ် (၄၀၉)နေ ဦးမောင် (ခ)ဦးသန်းဦး (၅၀)နှစ်၊ (ဘ)ဦးတင်ရှိန်နှင့် ဇနီး ဒေါ်သွန့်အေး (၄၈)နှစ်၊ (ဘ) ဦးတင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၂)ဦးအား ခပ်ပုံ၊ ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နမ္မတီး)မယ(ပ) ၂၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၈ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းကျေးရွာအုပ်စု၊ ကော့ဒွတ်ကျေးရွာ လှေဆိပ်နေ ကိုသက်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ ကူးတို့ဆိပ်ရပ်နေ သက်ဝင်း(၅၁)နှစ်၊ (ဘ)ဦးလှထွန်း၏ ဈေးဆိုင်နှင့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတမ်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လမိုင်း)မယ(ပ)၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကွန်းချောင်းရွာနေ ဒေါ်ဝင်းနှင့် သဲချောင်းရွာနေ ဒေါ်ညွန့်ရီတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာအုပ်စု၊ သဲချောင်းကျေးရွာနေ ဒေါ်ညွန့်ရီ (ခ)ညွန့်ညွန့်ရီ (၂၈)နှစ်၊ (ဘ)ဦးထွန်းလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၅၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ဆက်လက်၍ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာနေ ဒေါ်ဝင်း (၇၆)နှစ်၊ (ဘ)ဦးလှရှိန်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တွတ်ပီ(ခ)အောင်မိုး (၃၅)နှစ်၊(ဘ)ဦးထွန်းဝင်း၊ ငါးအိုးကျေးရွာနေသူအား တွေ့ရှိရပြီး နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ၊ တွတ်ပီ (ခ)အောင်မိုး၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူနှင့် WY စာတမ်းပါ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ (မဘိမ်း) မယ(ပ) ၅၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၁၉ (က)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်နေ့အထိ အမှုပေါင်း (၁၃၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၅)ဦး၊ မ(၃၅)ဦး၊ ပေါင်း(၂၁၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၇၈၆.၄၄)ဂရမ်၊ ICE(၀.၅၅)ဂရမ်၊ ဘိန်းမဲ(၂၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၈၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၇.၅၀)ဂရမ်၊ ဘိန်းချေးခဲ(၂၇.၅၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွဆေးပြား (၇၇၅၆၈)ပြား၊ ဆေးခြောက်(၁၇၆၆.၀၈)ဂရမ်၊ ဘိန်းရည်(၀.၁၀)လီတာ၊ ဘိန်းဆီခဲ (၂၁၃.၄၀)ဂရမ်၊ ဘိန်းစေ့(၆၀) ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း လက်နက်နှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ၇-၈-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ထင်ဇင်ကျေးရွာနှင့် ဘုက္ကန်ကျေးရွာကြား တမူး-ကလေးလမ်းပေါ်တွင် တရားခံအမျိုးသား(၂)ဦးအား ခြောက်လုံးပြူး သေနတ်(၁)လက်၊ ကျည်(၄)တောင့်၊ စိတ်ကြွဆေးပြား(၉၃၅၃၀)ပြား၊ အိုက်စ်(၅.၅)ကီလိုဖြင့် လည်းကောင်း၊ ၁၁-၈-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကံရိုးကျေးရွာတွင် တရားခံအမျိုးသား(၁)ဦးအား ပစ္စတိုသေနတ် (၁)လက်၊ ကျည်(၁၅)တောင့်၊ လက်ပစ်ဗုံး(၁)လုံး၊ စိတ်ကြွဆေးပြား(၅၄၈၁)ပြား ဖြင့်လည်းကောင်း၊ ပြန်လည်ခုခံထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်လည်း(၂)ခုရှိခဲ့ပြီး ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ယမ်းခေါင်ကျေးရွာအနီး လွယ်စီတုံ- မိုင်းဟဲကားလမ်းမပေါ်၌ ပိတ်ဆို့စစ်ဆေးစဉ် မော်တော်ယာဉ်(၂)စီးမှာ မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ တရားခံအမျိုးသား(၁)ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ၎င်းယာဉ်(၂)စီးပေါ်မှ စိတ်ကြွဆေးပြား(၇၈၂၀၀၀၀) ပြားအားလည်းကောင်း၊ ၁၁-၈-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ အမှတ်(၃)ကျေးရွာအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ သွားရောက်စစ်ဆေးစဉ် တရားခံအမျိုးသား(၁)ဦးမှ ပြန်လည်ခုခံပြီး ရဲတပ်ဖွဲ့ဝင်၏ သေနတ်အားဆွဲလုသဖြင့် ပစ်ခတ်ဖမ်းဆီးသေဆုံးခဲ့ပြီး စိတ်ကြွဆေးပြား(၂၀၀)ပြားနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုအနေဖြင့် ယခုသီတင်းပတ်(၅-၈-၂၀၁၈ ရက်နေ့မှ ၁၁-၈-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၃၅၈)မှုတွင် တရားခံကျား(၄၃၀)ဦး၊ မ(၅၆)ဦး၊ ပေါင်း(၄၈၆)ဦးကို ဘိန်းဖြူ (၆၁၂၀.၉၇)ဂရမ်၊ ICE (၇၂၉၅.၅၀)ဂရမ်၊ ဘိန်းစိမ်း(၅၀၇၉၈.၃၉)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၆၀)ဂရမ်၊ ဘိန်းစာမှုန့်(၇၆၀)ဂရမ်၊ ဘိန်းစာရွက်(၅၃၀၇)ဂရမ်၊ စိတ်ကြွဆေးပြား (၈၂၃၉၃၃၉)ပြား၊ ဆေးခြောက် (၃၂၅၃၀၀၉၄)ဂရမ်၊ စိတ်ကြွဆေးပြားအမှုန့်(၂၂)ဂရမ်၊ ဘိန်းဆီခဲ (၂၆၂.၂၀) ဂရမ်၊ ဆေးခြောက် အဆီခဲ(၁၃.၂၀)ဂရမ်၊ ကတ်တမင်း(၁၀၀၀)ဂရမ်၊ အက်တက်စီဆေးပြား (၃၆)ပြား၊ ဒိုင်ယာစီပင်ထိုးဆေး (၆)ပုလင်း၊ လက်နက်(၂)လက်၊ ကျည်(၁၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀

**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃

**အီးမေးလ်လိပ်စာ** - **antinarcotics@presidentoffice.gov.mm**

# ပင်လည်ဘူးမြို့နယ်၌ တရားမဝင်လက်နက်ကိုင်ဆောင်သူနှစ်ဦး ဖမ်းမိ

**ပင်လည်ဘူး ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူး မြို့နယ် သစ်ဖြူကျင်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာသွား လမ်းမပေါ်မှ တရားမဝင် လက်နက်ကိုင်ဆောင်သူ နှစ်ဦးကို ပြည်သူများ ဝိုင်းဝန်းဖမ်းမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက် ည ၁၂ နာရီခွဲခန့်က ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာ သွားလမ်းမပေါ်၌ မသင်္ကာသူနှစ်ဦး ထိန်းသိမ်းထားကြောင်း သတင်းအရ ပင်လည်ဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းစိန် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပင်လည်ဘူး မြို့နယ် ဝါးယူးသာကျေးရွာနေ သိန်းစိုးနှင့် မြေသာကျေးရွာနေ မျိုးမင်းကျော်တို့ ဖြစ်ပြီး ၎င်းတို့ထံမှ လေသေနတ်တစ်လက်နှင့်အတူ ခဲကျည် ၁၂၀ ပါ တစ်ဘူး၊ MADE IN NAGA တံဆိပ်ပါ လုပ်သေနတ်အတိုတစ်လက်၊ ယင်းကျည်လေးတောင့်တို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင် လက်နက်များ ကိုင်ဆောင်သူ မျိုးမင်းကျော်နှင့် စိုးသိန်းတို့ကို ပင်လည်ဘူး မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း ရဲမှူး အောင်မင်းစိန်ထံမှ သိရသည်။

**လှအောင်(ကသာ)**

# နောင်ချိုမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နောင်ချို ဩဂုတ် ၁၃**

နောင်ချိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်နိုင်အေး ဦးစီးပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီခန့်က နောင်ချိုမြို့နယ် မဲပုတ်ကျေးရွာ၌ မူးယစ်ဆေးဝါးသတင်းအရ မောင်မောင်ညွန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၁၀ နှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများ သုံးစွဲရောင်းချလက်ဝယ်ထားရှိသူ မောင်မောင်ညွန့်(၃၉နှစ်)အား နောင်ချိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်သစ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ်၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၆၉ စီး၊ သွင်းကုန် ၇၈၀ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၂၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၉၈၄ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄ ဒသမ ၃၀၄ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Toyota Alphard ယာဉ်နှစ်စီးအား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်များ ၂ ဒသမ ၄၄၀၂ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၃၂၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မောင်ခင်မင်(ဓနုဖြူ)၏ စာအုပ်တစ်ရာပြည့် ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၃**

ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဌာနမှူး-ငြိမ်း) (မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်၊ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ)၏ စာအုပ်တစ်ရာပြည့် အထိမ်းအမှတ် **"မင်းသုဝဏ် ဋီကာ"** စာအုပ်ထုတ်ဝေခြင်း ဂုဏ်ပြုပွဲကို ၁၈-၈-၂၀၁၈ (စနေနေ့)၊ နံနက် ၉ နာရီမှ ၁၁း၀၀ နာရီအထိ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်၊ မြေညီထပ်၊ မြန်မာစာခန်းမတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာ မိသားစုက ဦးစီးကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၃**

မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေ ရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ရင် ဦးစီးသည့် တပ်ဖွဲ့ဝင်ခြောက်ဦးသည် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ အမြန်သွားတိုက်ခိုက်ရေး ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ်မှ Major Shariful Islam ဦးစီး ၁၂ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း မင်္ဂလာကြီး ချောင်းဝထိပ်နတ်မြစ်အလယ် နှစ်နိုင်ငံနယ်နိမိတ်အနီးဆုံးရပ်၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ ဦးရှည်ကျချောင်းဝအနီး ရေမိုင်(၁၁)သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**



## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း၏ စကားဝိုင်းဆွေးနွေးပွဲ

**ရန်ကုန် ဩဂုတ် ၁၃**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း AUAA ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို **မျိုးစစ်ပျိုးမှန်ရရှိရန် ပူးပေါင်းဆောင်ရွက်တောင်သူအတွက်** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ ရန်ကုန်မြို့ ကြို့ကုန်းမျိုးစေ့ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒေါက်တာထွန်းရွှေ(ညွှန်ကြားရေးမှူး၊ DAR)၊ ဦးသက်ဇင်မောင်(ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာန၊ DOA)၊ ဦးစိန်အောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ DOA)၊ ဦးဝင်းမော်(B.Ag တောင်သူ)၊ ဒေါ်သိန်းသိန်းအောင်၊ မဇင်မာကျော်(လယ်ယာ၊ စီးပွားလုပ်ငန်းရှင်)တို့က ရှုထောင့်အသီးသီးမှ ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်ဒိုသည် လာဇီယိုကွင်းလယ်ကစားသမား ဆာဂျီ မီလန်ကိုဗစ်-ဆာဗစ်ကို ခေါ်ယူရန် ဂျူဗင်တပ်စ်အသင်းကို တိုက်တွန်းလိုက်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၃နှစ်) အရွယ် ဆားဘီးယားကစားသမားသည် မန်ယူနှင့် ချယ်လ်ဆီးတို့ကခေါ်ယူရန် စိတ်ဝင်စားခြင်းခံခဲ့ရသူလည်း ဖြစ်သည်။
- ပီအက်စ်ဂျီကွင်းလယ်ကစားသမား ရာဘီရော့ (၂၃နှစ်) သည် လီဂူးဝမ်းချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့်အတူ သက်တမ်းတိုးစာချုပ်ရန် ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း ပြင်သစ်ဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်း၏ စာချုပ်သက်တမ်းသည် ယခုနှစ်ရာသီအကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။
- အေစီမီလန်အသင်းသည် အသက် (၂၃နှစ်) အရွယ် ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုအား အမြဲတမ်းခေါ်ယူနိုင်ရန် အလို့ငှာ တစ်ရာသီအငှားဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးတိုက်စစ်ကစားသမား ရာဟင်စတားလင်းအနေဖြင့် မန်စီးတီးအသင်းနှင့်အတူ သက်တမ်းတိုးရန် သဘောတူညီမှုမရရှိသေးသော်လည်း ၎င်းအား အသင်းတွင် ဆက်လက်ရှိနေစေလိုသည်ဟု နည်းပြ ဂွါဒီယိုလာက အသင်းကို ပြောကြားလိုက်ကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- ဩဂုတ် ၁၃ ရက်က စပိန်စူပါဖလားအဖြစ် ဆီဗီလာအသင်းနှင့် ဘာစီလိုနာအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ပထမပိုင်းပွဲချိန် ကိုးမိနစ်တွင် ဆီဗီလာအသင်းအတွက် ဆာရာဘီယာက မူရီရယ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၂ မိနစ်နှင့် ၇၈ မိနစ်တို့တွင် ပီကေးနှင့် ဒမ်ဘီလီတို့က ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဓာတ်ရောင်ခြည်ဌာန၌ ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်၊ လူထိခိုက်မှုတစ်စုံတစ်ရာမရှိ

**ရန်ကုန် ဩဂုတ် ၁၃**

လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာဓာတ်ရောင်ခြည်ပြင်ပလူနာဌာနတွင် ဩဂုတ် ၁၃ ရက် ည ၆ နာရီ ၃၅ မိနစ်က ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားသည်။

အဆိုပါမီးလောင်မှုမှာ ကင်ဆာရောဂါ ပြင်ပလူနာဌာန အသေးစားခွဲစိတ်ခန်းရှိ မီးခလုတ်ခုံ အပူလွန်ကဲရာမှ စတင်ကာ မျက်နှာကြက်ရှိသစ်သားတန်းများ၊ ဝိုင်ယာကြိုးများကို မီးကူးစက်လောင်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မီးလောင်မှုအား Level 2 အဆင့် သတ်မှတ်ခဲ့ပြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၈၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦးတို့က မီးသတ်ယာဉ် ၂၅ စီး၊ အထောက်အကူပြုယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ်ရှစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄ မိနစ်တွင် မီးထိန်းနိုင်ခဲ့ကာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် လူထိခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ပညာရေးဝန်ကြီးဌာန အဏုမြူစွမ်းအင်ဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ ဓာတ်ရောင်ခြည်လုံခြုံမှုနှင့် ပတ်သက်၍ ထိခိုက်မှုမရှိကြောင်း ဆေးရုံအုပ်ကြီးရုံးမှ ထုတ်ပြန်ထားသည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဆေးရုံအတွင်းရှိ လူနာများအား အပြင်သို့ ဝိုင်းဝန်းကူညီရွှေ့ပြောင်းပေးခဲ့ရပြီး အဆိုပါ လူနာများအား မီးငြိမ်းသွားပြီးနောက် ည ၈ နာရီခွဲခန့်တွင် မူလနေရာများ၌ ပြန်လည်နေရာချထားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**





ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး၊ လက်ဝှေ့ပြိုင်ပွဲဆုပေးပွဲကို ဩဂုတ် ၁၁ ရက်က သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(YTC) သုဝဏ္ဏကွင်းရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အားကစားရုံ၌ ကျင်းပခဲ့ရာ ရွှေလေးခု၊ ငွေတစ်ခုဖြင့် တံခွန်စိုက်ဖလားရရှိသွားသော အင်းစိန်မြို့နယ်အသင်းအား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က ဆုဖလားချီးမြှင့်စဉ်။ အေကေလင်း

## KBZ Bank Women's League ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ် ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၃**

၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၄)ကို ဩဂုတ် ၁၄ ရက်(**ယနေ့**)မှစ၍ အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ချန်ပီယံဆုအတွက် နောက်ဆုံးအချိန်ထိ စောင့်ကြည့်ရမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် မြဝတီနှင့် သစ္စာအားမာန်ပွဲကို နောက်ဆုံးပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်(၁၄) အဖြစ် ဩဂုတ် ၁၄ ရက်တွင် တက္ကသိုလ်အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ ဩဂုတ် ၁၅ ရက်တွင် YREO အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ ဩဂုတ် ၁၆ ရက်တွင် ဇွဲကပင်အသင်းနှင့် ဂန္ဓမာအသင်း၊ ဩဂုတ် ၁၇ ရက်တွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချန်ပီယံဆုအတွက် အမှတ်တူဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေသည့် မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ နောက်ဆုံးပွဲတွင် အဆုံးအဖြတ်ခံယူမည်ဖြစ်ပြီး ဂိုးကွာခြားချက်တွင် အသာရထားသည့် မြဝတီအသင်းက သရေကျရုံဖြင့် ဖိုလ်စွဲမည်ဖြစ်သည်။ သစ္စာအားမာန်အသင်းသည် အနိုင်ကစားနိုင်မှသာ ချန်ပီယံဆုရယူနိုင်မည်ဖြစ်ကာ ပထမအကျော့တွေ့ဆုံမှုတွင် တစ်ဂိုးစီသရေကျထားသည်။

မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား



**နေပြည်တော် ဩဂုတ် ၁၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် ၆၈×၆၉ လမ်းကြား လမ်းသွယ်(၁၅) အိမ်အမှတ် ယ(၆/၃၇)နေ ဦးနေဝင်း၏ နေအိမ်ရှေ့ကားလမ်းပေါ်၌ ဩဂုတ် ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲသံကြားရ၍ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့် မှုခင်းရဲတပ်ဖွဲ့/သတင်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၉၁၀)စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ AAA ဓာတ်ခဲ တစ်လုံး(အားမရှိ)၊ တိပ်အဖြူပတ်ထားသည့် ဝိုင်ယာကြိုး အနီတစ်ချောင်းနှင့် ဆမ်ဆောင်း အမျိုးအစား ၆×၃ လက်မ လက်ကိုင်ဖုန်းအပျက်တစ်လုံး (ရှေ့အဖုံး Cover နှင့် ဖုန်းဆင်းကတ်မပါ)၊ ပေါက်ကွဲသည့်နေရာနှင့် ၅၈ ပေခန့်အကွာတွင် အပြာရောင်ပူဖောင်း အပိုင်းအစများနှင့် ဖြောက်အိုးတွင် အသုံးပြုပတ်ထားသည့် စက္ကူအပိုင်းအစများ တွေ့ရှိခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

၎င်းပစ္စည်းများအား ယမ်းအမျိုးအစားနှင့် အနံ့ခံစစ်ဆေးသည့် စက်ဖြင့် စမ်းသပ်ရာ စက်မှုယမ်းအမျိုးအစား ပြသခြင်းမရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပေါက်ကွဲမှုသည် ဖုန်းပျက်တစ်လုံးအား အသုံးပြု၍ ဖုန်းအသုံးပြုပေါက်ကွဲသည့် သဏ္ဌာန်ပြုလုပ်ထားကာ လူအများထိတ်လန့်စေရန် ရည်ရွယ်ချက်ဖြင့် ဖြောက်အိုးအား ပူဖောင်းဖြင့် ပတ်ချည်၍ အသံမြည်ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း၊ လူ/အဆောက်အအုံများ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှု မရှိကြောင်းနှင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းထားရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်၍ တရားခံစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ၅၃ လမ်းနှင့် မနော်ဟရီလမ်းထောင့်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ကျောက်တလုံးမြို့ ကောင်ဝိန်းရပ်ကွက်နေ ဦးဝေဖြိုး၏သား ခါန်ကောလား(ခ) မောင်မျိုးအား ဆိုင်ကယ်တစ်စီး၊ ပွိုင့် ၃၂ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၂၂ တောင့်၊ ကျည်အိမ်နှစ်ခု၊ ကျည်ခွံတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည်ကို ဆက်လက်စစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၈-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၈း၃၅ | - | "စီးပွားရေးစကားဝိုင်း" (ကုန်သွယ် ဖွံ့ဖြိုး စီးပွားတိုး) (ပထမပိုင်း) |
| ၉း၂၀ | - | ဥပဒေရေးရာအဖြာဖြာ "ပြည်သူများအကြား သိမှတ်ဖွယ်ရာ ဥပဒေရေးရာစကားဝိုင်း"(၂)(ဦးဟန်ညွန့် (ဥပဒေ)တရားလွှတ်တော် ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ခင်ဖြူဖြူသန့်၊ဝေဖြိုးဟိန်း) ဒါရိုက်တာ-ဝေဠု(ဝသန်) |
| ၉း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၃း၅၀ | - | Yes or No Talk Show |
| ၁၄း၁၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း -၁၁) |
| ၁၅း၀၀ | - | "တစ်ခုခုဖြစ်သွားခြင်းအကြောင်း" |

**ညပိုင်း**

| | | |
|---|---|---|
| ၁၇း၁၀ | - | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၆၉) |
| ၁၇း၃၅ | - | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၃၅ | - | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် ဝေလ) |
| ၁၈း၅၅ | - | "CHOICE"(အပိုင်း-၇၇) |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၃၄) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ |
| ၂၀း၃၅ | - | **"စီးပွားရေးစကားဝိုင်း" (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ဒုတိယပိုင်း)** |
| | - | နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး "စားသောက်ဖွယ်ရာ ရောင်းချခြင်းလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ခြင်းနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းအကြောင်း သိကောင်းစရာ" |
| | - | အနုပညာခန်းရိပ်သာ "ဒါရိုက်တာအောင်မြင့်မြတ်နှင့်တွေ့ဆုံခြင်း" |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၆) |

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၃**

မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာနေ သန်းထွန်းဦး(ခ)စိုင်းဦး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တောင်းကော့ကျေးရွာနေ မစန်းစန်းဌေး(ခ)မဌေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အမှတ်(၂) ရပ်ကွက်နေ ခွန်အောင်ထွန်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား၊ ဘိန်းဆီရည် ၀ ဒသမ ၀၅ လီတာနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကျိုက်မရော**

အလားတူ ယင်းနေ့ နံနက်ပိုင်းက ကျိုက်မရောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုက်မရောမြို့နယ် ဖားပျောက်ကျေးရွာအုပ်စု မြန်မာလှိုင်ကျေးရွာနေ ရဲလင်း(ခ) ရဲလင်းအောင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဖခင်ဖြစ်သူ ဦးရွှေအောင်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၊ နေအိမ်အပေါ်ထပ် အလယ်တိုင်တွင် ချိတ်ထားသည့် အရှည်နှစ်ပေ တစ်လက်မရှိ လက်လုပ်ခါးချိုး ပွိုင့်-၂၂ တစ်လက်၊ ၎င်းကျည် ၁၆ တောင့်နှင့် အရှည်နှစ်ပေလေးလက်မရှိ လက်လုပ်တူမီးသေနတ်တစ်လက်တို့ကို လည်းကောင်း။

**ပင်လောင်း**

မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၇ နာရီက ပင်လောင်းမြို့နယ် ပင်လောင်း-ဖယ်ခုံသွားကားလမ်းတွင် ခွန်ထွန်းဝေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ဖမ်းဆီးပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**မူဆယ်**

ယင်းနေ့ညနေပိုင်းတွင် တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအုပ်စု မန့်ဟောင်းလွယ်ကျေးရွာတွင် ၁၂ ဘီး မော်တော်ယာဉ်တစ်စီးသည် လမ်းကြောပိတ်ဆို့နေပြီး မော်တော်ယာဉ်ပေါ်မှ အက်ဆစ်အနံ့များရနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မော်တော်ယာဉ်မှာ မိုးကာအုပ်၍ သော့ခတ်ထားသည်ကို တွေ့ရှိပြီး မေးမြန်းရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသဖြင့် မော်တော်ယာဉ်ကို စစ်ဆေးရာ ပလတ်စတစ်ပီပါဖြင့် ထည့်လျက် တစ်ပီပါလျှင် ဟိုက်ဒရိုကလိုရစ် အက်ဆစ် ၁၆၀ လီတာစီပါ ပီပါ ၆၀ စုစုပေါင်း လီတာ ၉၆၀၀နှင့် ဆင်းကတ်မပါ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**သိန်းနီ**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညနေပိုင်းတွင် သိန်းနီမြို့ အမှတ်(၄)ရပ်ကွက် ခရစ်ယာန်သုသာန်ဟောင်းအနီးတွင် စိုင်းမူးလိန်အားရှာဖွေရာ ဘိန်းဖြူ ၂၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ နှင့် မြန်မာငွေကျပ် ၄၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ပြောပြချက်အရ တရုတ်သုသာန်အတွင်းရှိ ချုံတောတွင် မူးယစ်ဆေးဝါးများ သိုဝှက်ထားသဖြင့် သွားရောက်ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ၈၆ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၁ ဒသမ ၀၃၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စိုင်းမူးလိန်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လွိုင်ကော်မြို့၌ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**လွိုင်ကော် ဩဂုတ် ၁၃**

ကယားပြည်နယ် မှုခင်းအကူဌာနစိတ်မှ ရဲအုပ် ခင်ကိုကိုနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ် မြင့်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၆ နာရီက လွိုင်ကော်မြို့ ဒေါဆန်းဘွန်းကျေးရွာနေ လားရှိုး(ခ)လရှိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိခဲ့သည်။

သတင်းအရ လားရှိုး(ခ)လရှိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာနေ ကျော်ကျော်(၂၇ နှစ်)၊ လွိုင်ကော်မြို့ ကန်နီရွာနေသူ ဓောကာဗရီအေးလား (၂၆ နှစ်)တို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၊ (အလေးချိန် ၁၇၁) ဂရမ်ခန့်၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်ကိုင်ဖုန်းတစ်လုံး၊ သေနတ်နှစ်လက်၊ ခဲသီးအတောင့် ၆၀၊ အမြင့် သုံးလက်မခန့်ရှိ လက်ပစ်ဗုံးနှစ်လုံး၊ ၇ ပွိုင့် ၆၂ ကျည် ၂၅ တောင့်၊ ပွိုင့် ၂၂ ကျည် ၈၄ တောင့်၊ ၅ ပွိုင့် ၅၆ ကျည် ကိုးတောင့်၊ ငွေစက္ကူရောရာ ငွေကျပ် ၅၃၇၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများနှင့် ပတ်သက်၍ ၎င်းတို့ သုံးဦးကို လွိုင်ကော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**



# ကျိုက်ထို၌ အရက်မူးနေသူတစ်ဦးက ဓားဖြင့် ခုတ်မှုကြောင့် ကလေးတစ်ဦးသေ၊ သုံးဦးဒဏ်ရာရ

**ကျိုက်ထို ဩဂုတ် ၁၃**

ကျိုက်ထိုမြို့နယ် မာလာဖူးကျေးရွာတွင် ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခွဲခန့်က အရက်အလွန်အကျွံသောက်စား မူးယစ်နေသူတစ်ဦးက ကျေးရွာအတွင်း ဓားဖြင့် လိုက်လံခုတ်မှုကြောင့် ကလေးငယ်တစ်ဦးပွဲချင်းပြီးသေဆုံးပြီး ကျန်သုံးဦး စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မာလာဖူးကျေးရွာနေ ဖားအေး (စိစစ်ဆဲ)သည် ဩဂုတ် ၁၂ ရက် ညနေပိုင်းက အရက်အလွန်အကျွံသောက်စားမူးယစ်ပြီး ကျေးရွာအတွင်း တွေ့ရှိသည့်လူများအား ဓားဖြင့်လိုက်ခုတ်ရာ အဆိုပါကျေးရွာနေ မသမီးဦး(၇ နှစ်)မှာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး မနော်ကေဖော(၆ နှစ်)၊ မစန်းမိုးအေး(၈ နှစ်)နှင့် မောင်လွင်ဦးတို့ သုံးဦးတွင် စိုးရိမ်ရဒဏ်ရာများ ရရှိခဲ့၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်သိန်းဦးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာ ဒဏ်ရာရရှိသူများအား ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မိုင်းတုံနှင့် မိုင်းဆတ်မြို့မှ လက်နက်ကိုင်ဆောင်သောင်းကျန်းသူနှစ်ဦးအား အရေးယူ

**နေပြည်တော် ဩဂုတ် ၁၃**

မိုင်းတုံမြို့နယ် နားကောင်းမူးကျေးရွာ ရပ်ကွက်(၄) နာရီစင်လမ်းကြား၌ ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက ယင်းကျေးရွာနေ ကျဲရှဲ(၃၅ နှစ်)သည် အရှည်လေးပေလေးလက်မခန့်ရှိ လက်လုပ်တူမီးသေနတ်တစ်လက်ကို ကိုင်ဆောင်၍ ဆူပူသောင်းကျန်းနေကြောင်း သတင်းအရ နားကောင်းမူးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ပြီး ကျဲရှဲအား နားကောင်းမူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၈ နာရီက မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက်နေ မြင့်နိုင်ဦး (၃၅ နှစ်)သည် ရပ်ကွက်အတွင်း အရှည်လေးပေခွဲခန့်ရှိ လက်လုပ်တူမီးသေနတ်တစ်လက် ကိုင်ဆောင်၍ ဆူပူသောင်းကျန်းနေကြောင်း သတင်းအရ မိုင်းဆတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ပြီး မြင့်နိုင်ဦးအား မိုင်းဆတ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တိမ်းမှောက်မှုဖြစ်၊ တစ်ဦးသေဆုံး

**နေပြည်တော် ဩဂုတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၁၄/၃ အနီးတွင် ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ က ယာဉ်တစ်စီး တိမ်းမှောက်၍ တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၃) လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်ဘက်သို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၅)ရပ်ကွက်နေ တက်ထွန်းလင်း (၃၀ နှစ်)မောင်းနှင်ပြီး တစ်မြို့နယ်တည်းနေ မမြတ်သီတာထွန်း (၂၄ နှစ်)လိုက်ပါလာသော 4E/---- တိုယိုတာဗစ်ယာဉ်သည် ယာဘက် ရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ မဲဇလီပင်ကို ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် တက်ထွန်းလင်းတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားခဲ့ပြီး မမြတ်သီတာထွန်းတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ တက်ထွန်းလင်းအား အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တောင်နှင့်မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ စက်တင်ဘာလအတွင်း ပြုံယမ်း၌ ကျင်းပမည်




**ဆိုးလ် သြဂုတ် ၁၃**

တောင်နှင့် မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲကို ပြုံယမ်းမြို့၌ စက်တင်ဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း တနင်္လာနေ့က စစ်မဲ့ဇုန်တွင် ပြုလုပ်သည့် တောင်နှင့် မြောက်နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် သဘောတူညီချက်ရခဲ့သည်ဟု တောင်ကိုရီးယား ယွန်ဟတ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

နှစ်ဖက်စလုံးမှ တောင်နှင့်မြောက် ထိပ်သီးအစည်းအဝေးကို စက်တင်ဘာလအတွင်းတွင် ကျင်းပရန်သဘောတူထားကြောင်း သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ ယွန်ဟတ်သတင်းဌာနတွင် ဖော်ပြထားသည်။ သို့သော် အစည်းအဝေးကျင်းပမည့် တိကျသည့်အချိန်စာရင်းကိုမူ မသိရသေးပေ။

ဆယ်စုနှစ်တစ်ခုကျော်အတွင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းအနေဖြင့် မြောက်ကိုရီးယားမြို့တော်သို့ သွားရောက်သည်မှာ ပထမဦးဆုံးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ မွန်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ဧပြီလအတွင်း ငြိမ်းချမ်းရေးကျေးရွာဖြစ်သည့် ပန်မွန်ဂျုံကျေးရွာတွင် တွေ့ဆုံခဲ့စဉ်က သမ္မတ မွန်ဂျေအင်းအနေဖြင့် ပြုံယမ်းသို့လာရောက်မည်ဟု သဘောတူခဲ့သည်။

တနင်္လာနေ့က ပြုလုပ်ခဲ့သော နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရီဆွန်ဂွမ်က ပြုံယမ်းမြို့တွင် ပြုလုပ်မည့် နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံမည့် အစည်းအဝေးအကြောင်း ဆွေးနွေးနေကြောင်း ပြည်သူလူထု၏ဆန္ဒအတိုင်း ဖြစ်လာမည်ဟုယူဆကြောင်း အဖွင့်စကားတွင် ပြောကြားခဲ့သည်။

ထို့အပြင် ကိုရီးယားစစ်ပွဲကာလအတွင်း ကွဲကွာသွားခဲ့ရသည့် မိသားစုဝင်များ ပြန်လည်တွေ့ဆုံပွဲကို လာမည့်အပတ်တွင် ပြုလုပ်ရန်စီစဉ်ထားပြီး ယခုတစ်ကြိမ်မှာ သုံးနှစ်အတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

## ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့၌ ပစ်ခတ်မှုဖြစ်ပွားရာ လူ ၁၀ ဦး ဒဏ်ရာရ

**မန်ချက်စတာ သြဂုတ် ၁၃**

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့ မော့စ်ဆိုက်ရေိယာတွင် သြဂုတ် ၁၂ ရက်အစောပိုင်းက လမ်းမများပေါ်တွင်ပြုလုပ်သော ပါတီပွဲတစ်ခု၌ ပစ်ခတ်မှုတစ်ခုဖြစ်ပွားပြီးနောက် ကလေးငယ်နှစ်ဦး အပါအဝင် ဒဏ်ရာရရှိသူ ၁၀ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဗြိတိန်ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ကာရေဘီယံကာနီဗယ်ပွဲတော် အပြီးတွင် အဆိုပါ ပါတီပွဲကို ဆက်လက်ကျင်းပခဲ့ခြင်းဖြစ်သည်။ အန္တရာယ်ရှိသည့် တိုက်ခိုက်မှုအပြီး အမျိုးသားတစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကာ အခြားကိုးဦးမှာလည်း ဒဏ်ရာများရရှိထားကြောင်း သိရသည်။

အဆိုပါပစ်ခတ်မှု ဖြစ်ပွားရာသို့ ရဲများ ချက်ချင်းလာရောက်ခဲ့ကြပြီး ပစ်ခတ်မှုတွင် အသုံးပြုခဲ့သောလက်နက်မှာ ပြောင်းတိုသေနတ် တစ်လက်ဖြစ်ကြောင်း သိရသည်။ ပစ်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

---

## တိုင်ပေမြို့သစ်ဆေးရုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ ကိုးဦးသေဆုံး

**တိုင်ပေ သြဂုတ် ၁၃**

ထိုင်ဝမ် တရုတ် (တိုင်ပေ) တွင် သြဂုတ် ၁၃ ရက်အစောပိုင်းက ဆေးရုံတစ်ရုံ၏ နာတာရှည် ရောဂါကုသဆောင်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ကိုးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီးသတ်အရာရှိများက ပြောကြားခဲ့သည်။

တိုင်ပေမြို့သစ် ကိုးထပ်အဆောက်အအုံ၏ ခုနစ်ထပ်မြောက် နာတာရှည်ရောဂါကုသဆောင်ထဲတွင် ဝန်ထမ်းသုံးဦးအပါအဝင် စုစုပေါင်း လူနာ ၃၆ ဦးကို မီးစတင်လောင်ကျွမ်းသည်နှင့်တစ်ပြိုင်နက် ပြောင်းရွှေ့မှုများလုပ်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် ၁၆ ဦးမှာ နှလုံးရပ်သွားပြီး ကျန်ခုနစ်ဦးမှာ သတိပြန်လည်လာခဲ့ကြောင်း သိရသည်။

အခြား ကိုးဦးမှာ မီးခိုးငွေ့များ အလွန်အကျွံရှူရှိုက်မိသဖြင့် သေဆုံးခဲ့ကြောင်း မြို့တော်မီးသတ်ဌာနက ပြောခဲ့သည်။

တိုင်ပေမြို့သစ် မီးသတ်ဌာနအကြီးအကဲ ဟောင်တီချင်က မီးလောင်မှုဖြစ်ပွားခဲ့ရသည့်ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားပါက သတ်မှတ်အပူချိန်ကျော်သည့်အခါ အလိုအလျောက်ရေဖျန်းစနစ်မှာ ချွတ်ယွင်းနေသည်ဆိုသည့်ဖော်ပြချက်ကို ငြင်းဆိုထားကြောင်း သိရသည်။

ရေဖျန်းစနစ်ကို တပ်ဆင်ထားကြောင်း၊ သို့သော်လည်း အဆိုပါ ရေဖျန်းစနစ်မှာ မီးစတင်လောင်ကျွမ်းသည့်နေရာနှင့် အတန်ငယ်အလှမ်းကွာဝေးနေသောကြောင့် ရုတ်တရက်ချက်ချင်း ရေဖျန်းစနစ်ဖြင့် မီးငြိမ်းသတ်၍မရကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။

စီစီတီဗွီရုပ်မြင်ပြကွက်တွင် ဝန်ထမ်းများမှာ နာတာရှည်ဆောင်ဝရန်တာမှ တစ်ဆင့်ဝရန်းသုန်းကား ပြေးထွက်လာပြီး သူတို့၏ လက်ထဲတွင်လည်း လူနာများကို ပွေ့ချီသူက ပွေ့ချီ၊ လက်တွန်းကုလားထိုင်ဖြင့် တွန်းလာသူက တွန်းလာသဖြင့် မီးဘေးမှ လွတ်ရာသို့ ကြိုးစားပမ်းစား အလုအယက် ပြေးလွှားနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဒဏ်ရာရရှိသူများကို နီးစပ်ရာ အခြားဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အချို့ လူနာရှင်ဆွေမျိုးများက ပေါက်ကွဲမှုတစ်ခုကို ကြားခဲ့ကြောင်းနှင့် ဖြစ်နိုင်ခြေရှိသည်က အောက်ဆီဂျင်ကန်မှ ပေါက်ကွဲမှုဖြစ်နိုင်ကြောင်း၊ ယင်းက မီးလောင်မှုကို ဖြစ်ပွားစေနိုင်ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဝန်ကြီးချုပ် ဝီလီယံလိုင်က ပြည်သူလူထုသို့ ဝမ်းနည်းကြောင်းတောင်းပန်စကားဆိုခဲ့သည်။

နောက်တစ်ကြိမ် ယခုကဲ့သို့ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် ယခုဖြစ်စဉ်ကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



---

## ဆုရ ဘင်္ဂလားဒေ့ရှ် ဓာတ်ပုံဆရာကို ထောင်သွင်းအကျဉ်းချ

**ဒါကာ သြဂုတ် ၁၃**

ဆုရ ဘင်္ဂလားဒေ့ရှ် ဓာတ်ပုံဆရာ ရှာဟီဒူအလမ်ကို သြဂုတ် ၁၃ ရက်က ထောင်သွင်းအကျဉ်းချထားလိုက်ကြောင်း သိရသည်။

အယ်လ်ဂျာဇီးရားနှင့် ကျောင်းသားထောင်ပေါင်းများစွာ ဆန္ဒပြမှုအပေါ် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ပြီး ၁၀ ရက်အကြာတွင် ၎င်းကိုယခုလို ထောင်သွင်းအကျဉ်းချထားလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။




အသက် ၆၃နှစ်ရှိ ၎င်းက ရဲများက သူ့ကို ကိုယ်ထိလက်ရောက် ကျူးလွန်ကာ ဖမ်းဆီးခဲ့ကြောင်း စွပ်စွဲခဲ့သည်။ အဆင့်မြင့်တရားရုံးက အမိန့်ထုတ်ပြန်ပြီးနောက် ၎င်းကို ကျန်းမာရေးအခြေအနေစစ်ဆေးရန် ဆေးရုံတစ်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် တရားရုံးက ၎င်းကို ထောင်ချခဲ့ကြောင်း ရဲအရာရှိ မိုရှီရာမန်က အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ဇူလိုင်နှောင်းပိုင်းနှင့် သြဂုတ်အစောပိုင်းတွင် ဒါကာမြို့၌ ကျောင်းသားထောင်ပေါင်းများစွာ ဆန္ဒပြမှုနှင့် ပတ်သက်ပြီး အလမ်ကို သတင်းအမှားနှင့် ပဋိပက္ခလှုံ့ဆော်သည့်ဖော်ပြမှုမျိုးကို အယ်လ်ဂျာဇီးရားနှင့် ဖေ့ဘုတ်တိုက်ရိုက်ထုတ်လွှင့်မှုတွင် ထုတ်လွှင့်ခဲ့သည်ဆိုကာ စွပ်စွဲအရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

---

## လာအိုရေဘေးသင့်ပြည်သူများ အစားအသောက်နှင့် ချက်ပြုတ်ရေးပစ္စည်းများ လိုအပ်လျက်ရှိ

**ဗီယန်ကျင်း သြဂုတ် ၁၃**

လာအိုနိုင်ငံတောင်ပိုင်းခရိုင် ဆာနာမက်ဆီခရိုင်တွင် ရေလွှမ်းမိုးမှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရသူများသည် အစားအသောက်နှင့် ချက်ပြုတ်ရေးပစ္စည်းများ လိုအပ်နေဆဲဖြစ်ကြောင်း လာအိုနေ့စဉ်ထုတ်သတင်းစာဖြစ်သော ဗီယန်ကျင်းသတင်း စာတွင် တနင်္လာနေ့က ဖော်ပြထားသည်။ အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ရွာသားများသည် လာအိုနိုင်ငံ မြို့တော်ဗီယန်ကျင်းမြို့နှင့် ကီလိုမီတာ ၅၆၀ အကွာရှိ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြသည်။ "ရေကြီးမှုကြောင့် ဇနီးနဲ့ နှစ်နှစ်အရွယ်သမီးတို့ ပျောက်ဆုံးခဲ့ရတယ်။ နေအိမ်လည်း ဆုံးရှုံးခဲ့ရတယ်။ ဆန်၊ ရေ၊ ဟင်းချက်စရာပစ္စည်းတွေ လိုအပ်နေဆဲပါပဲ" ဟု ရေဘေးဒဏ်ခံပြည်သူတစ်ဦးက သတင်းထောက်များကို ပြောသည်။

အသက် ၂၅ နှစ်အရွယ် ကော့ခ်ခေါင်ကျေးရွာမှ ချန်သာဗွီကလည်း အစားအသောက်နှင့် ဟင်းချက်စရာပစ္စည်းများလိုအပ်လျက်ရှိကြောင်း အကူအညီတောင်းခံခဲ့သည်။ လူပေါင်းများစွာသည် အစိုးရထံမှဆန်နှင့် အခြားထောက်ပံ့ရေးပစ္စည်းများ တောင်းဆိုခဲ့ကြကြောင်း ပြည်နယ်အလုပ်သမားနှင့် လူမှုဖူလုံရေးဌာနမှ ညွှန်ကြားရေးမှူး အမ်ခါဆီဟာသက်ကပြောသည်။ "အခုဆိုရင်ယာယီအိမ်အချို့ဆောက်လုပ်လို့ ပြီးပါပြီ။ ပြည်သူတွေကို အစားအသောက်နဲ့ တခြားလိုအပ်တဲ့ပစ္စည်းတွေ ထောက်ပံ့ပေးသွားမှာပါ" ဟု ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## စပိန်၌ ဂီတစင်မြင့်ပြိုကျ ပရိသတ် ၃၀၀ ဒဏ်ရာရ

**မက်ဒရစ် ဩဂုတ် ၁၃**

စပိန်နိုင်ငံတွင် ပြုလုပ်ခဲ့သော တေးဂီတပွဲတော် စင်မြင့်တစ်ခုပြိုကျပြီးနောက် လူ ၃၀၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံ တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်က ပြောခဲ့သည်။

စပိန်နိုင်ငံ အနောက်မြောက်ဘက် ဗီဂိုမြို့ရှိ ယင်းစင်မြင့်တွင် ဩဂုတ် ၁၂ ရက်က ရက်ပ်အဆိုတော်တစ်ဦး သီဆိုဖျော်ဖြေနေစဉ် လူအများစုပြုံတိုးကြည့်ရင်း ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဗီဂိုမြို့တော်ဝန် အဘယ်လ်ကာဗယ်လာရိုက ပြောခဲ့သည်။ အဆိုပါစင်ပြိုကျရသည့် အကြောင်းရင်းကို စိစစ်နေဆဲဖြစ်ကြောင်းနှင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူ မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်အထူးတပ်ဖွဲ့ဝင် ၁၀၀ ခန့်ပျောက်ဆုံး

**ကဘူးလ် ဩဂုတ် ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ ဂါ့ဇ်နီပြည်နယ် အရှေ့ပိုင်းတွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း အာဖဂန်အထူးတပ်ဖွဲ့ဝင် ၁၀၀ ခန့် ပျောက်ဆုံးနေကြောင်း ဒေသတွင်း တိုလိုသတင်း ရုပ်သံတွင် ဩဂုတ် ၁၃ ရက်က ဖော်ပြခဲ့သည်။

ပျောက်ဆုံးနေသော အာဖဂန် အထူးတပ်ဖွဲ့ဝင် ၁၀၀ အနက် တပ်ဖွဲ့ဝင် ၁၀ ဦးမှာ သေဆုံးခဲ့ပြီဖြစ်ကြောင်းနှင့် အခြားတပ်ဖွဲ့ဝင် ၂၀ ကို အသက်ရှင်လျက် ပြန်တွေ့ခဲ့ကြောင်း ဒေသတွင်း တိုလိုသတင်းရုပ်သံတွင် ဖော်ပြထားသည်။ ကဘူးလ်မှ တောင်ဘက် ၁၂၅ ကီလိုမီတာအကွာရှိ ဂါ့ဇ်နီပြည်နယ် မြို့တော် ဂါ့ဇ်နီမြို့တွင် ဩဂုတ် ၁၀ ရက်က တာလီဘန်နှင့် အစိုးရတပ်ဖွဲ့တို့ကြား ထိပ်တိုက်တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး လူပေါင်းများစွာ သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အာဖဂန်၌ အရပ်သား ငါးဦး ဒုံးကျည်ထိမှန်သေဆုံး

**ကဘူးလ် ဩဂုတ် ၁၃**

အာဖဂန်နိုင်ငံမြောက်ပိုင်း တက်ခ်ဟာပြည်နယ်၌ တနင်္လာနေ့က လူနေရပ်ကွက်များအတွင်း ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ငါးဦးသေဆုံးခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောသည်။

မည်သည့်အရပ်မှ ပစ်လွှတ်လိုက်ခြင်းမသိရသော ဒုံးကျည်သည် အာရပ်ကာကယ်ကျေးရွာသို့ ကျရောက်ခဲ့ပြီး အရပ်သားငါးဦး သေဆုံးခဲ့ရသည်ဟု ပြည်နယ် ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူခါလီအဆာက ဆင်ဟွာသို့ ပြောသည်။ အဆိုပါကျေးရွာမှ ရွာသားများကမူ တာလီဘန်များ သို့မဟုတ် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်ဟု ပြောဆိုကြသည်။

အာဖဂန်တိုက်ပွဲများတွင် ပါဝင်နေသော အခြားအုပ်စုများနှင့် တာလီဘန်တို့က ယခုဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့ကြသည်။ **ဆင်ဟွာ**

# မိုးခေါင်မှုက ပေးတဲ့ဒုက္ခ

••••••••• **ချူးစန္ဒီနွေး** •••••••••

**မိုးမရွာလို့ ဂျုံစိုက်ခင်းတွေ ခြောက်သွေ့ကုန်တဲ့အခါမှာတော့ ဂူလန်အဘတ်စ်ဟာ တခြားသောလယ်သမားတွေလိုပဲ မွေးမြူထားသမျှအကောင်တွေနဲ့ ပိုင်ဆိုင်ထားသမျှတို့ကို ရောင်းချကာ မြို့ကိုပြောင်းရွှေ့ခဲ့ပါတော့တယ်။ စစ်ဒဏ်ကြောင့် ကြေမွနေတဲ့ အာဖဂန်နစ္စတန်ကို မိုးခေါင်မှုကလည်း တစ်ဖန်နှိပ်စက်လိုက်ပြန်ပါပြီ။ တိုင်းပြည်တစ်ဝန်း မိုးရွာသွန်းမှု၊ ဆီးနှင်းကျဆင်းမှု အလွန်အမင်းနည်းပါးသွားခြင်းကြောင့် ဆောင်းရာသီသီးနှံရိတ်သိမ်းရမယ့်အချိန်မှာ သီးနှံတွေပျက်စီးခဲ့ရပါတယ်။ ဒါ့ကြောင့်မို့ သန်းနဲ့ချီနေတဲ့ လယ်သမားတွေရဲ့ဘဝကိုခြိမ်းခြောက်မှုဖြစ်လာစေသလို အစားအစာရှားပါးမှုဖြစ်လာမှာကိုလည်း အကြီးအကျယ် သတိပေးလျက်ရှိနေပါတယ်။**

### လယ်ယာမြေကိုစွန့်ခွာ

ဒီလိုသီးနှံစိုက်ခင်းတွေ ပျက်စီးမှုကြောင့်လည်း ချာခင့်ရွာက လယ်သမားတွေနဲ့သူတို့ရဲ့ မိသားစုဝင်တွေဟာ လယ်ယာမြေကို စွန့်ခွာကြပြီး မြို့ကို ပြောင်းရွှေ့နေထိုင်ကြပါတယ်။ ချာခင့်ရွာဆိုတာ ပုံမှန်အားဖြင့်တော့ မြောက်ပိုင်း ဘာ့ခ်ပြည်နယ်မှာ စိုက်ပျိုးမြေအကောင်းဆုံးနေရာလည်း ဖြစ်တယ်။



အဘတ်စ်ကတော့ စိုက်ပျိုးမရတဲ့ အဆုံး သူ့မိသားစုဝင် ၁၁ ယောက်လုံးကို ခေါ်ကာ တခြားအလုပ်ပြောင်းလုပ်ဖို့ မာဇာအိုင်ရှာအစ်ဖ်ဆိုတဲ့ မြို့ကို ပြောင်းရွှေ့သွားကြပါတယ်။ ဒီနှစ်လောက်ဆိုးဆိုးရွားရွား မိုးခေါင်တဲ့နှစ် မရှိဘူးလို့ အနှစ်သုံးဆယ်ကြာ လယ်သမားအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုလာတဲ့ အဘတ်စ်က အေအက်ဖ်ပီသတင်းဌာနကို ပြောပါတယ်။

အတိတ်ကာလတုန်းကလည်း မိုးခေါင်တာမျိုး၊ သီးနှံပျက်စီးသွားတာမျိုးတွေ ကြုံတွေ့ခံရဖူးတာပဲ။ ဒါပေမယ့် ဒီလိုမျိုးပိုင်ဆိုင်သမျှ အားလုံးရောင်းပြီး ရွာကနေ မြို့ကိုပြောင်းနေရတာမျိုးတော့မကြုံဖူးပါဘူးလို့ သူက ဆက်ပြောပါတယ်။

အပူချိန်မြင့်တက်မှုတွေ၊ ခြောက်သွေ့မှုတွေကို ခံနိုင်ရည်ရှိပေမယ့် အခုနှစ် နှောင်းပိုင်းမှာ ရိတ်သိမ်းရမယ့် နွေသီးနှံတွေ ပျက်စီးသွားမှာကိုတော့ ပိုပြီးစိုးရိမ်ကြပါတယ်။ ၂၀၁၈ ခုနှစ် အာဖဂန်မှာ ဂျုံရိတ်သိမ်းမှုဟာ ၂၀၁၁ ခုနှစ်ကစလို့ အဆိုးဆုံးအခြေအနေမှာရှိနေတယ်လို့ USAID အဖွဲ့အစည်းက ထူထောင်ထားတဲ့ ငတ်မွတ်ခြင်းဘေးကြိုတင်အသိပေးရေးစနစ် ကွန်ရက်ကနေ ခန့်မှန်းထားပါတယ်။

### စိုက်ပျိုးရေးသည် အာဖဂန်၏ အသက်သွေးကြော

ယခုနှစ်မှာ ဂျုံတန်ချိန် ၂ ဒသမ ၅ သန်းခန့် လျော့နည်းပြီး လူပေါင်း နှစ်သန်းခန့် အစာရှားပါးမှုဒဏ်ကို ခံစားရနိုင်တယ်။ လာမယ့် ခြောက်လအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ လိုအပ်လာလိမ့်မယ်လို့ ကုလသမဂ္ဂက သတိပေးထားပါတယ်။

စိုက်ပျိုးရေးဆိုတာ အာဖဂန်နစ္စတန် နိုင်ငံအတွက် အသက်သွေးကြောပါပဲ။ ပြည်နယ်ပေါင်း ၂၀ ခန့်မှာ အဆိုးရွားဆုံး မိုးခေါင်မှုနဲ့ ကြုံတွေ့နေရတော့ စိုက်ပျိုးရေးလုပ်ငန်းခွင်မှာ လုပ်ကိုင်နေကြတဲ့ လူပေါင်း ၁၅ သန်းခန့်ဟာ မိုးခေါင်မှုဒဏ်ကို ထိခိုက်ခံစားခဲ့ရတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။

နဂိုကမှ အလုပ်လက်မဲ့အရေအတွက်များနေရတဲ့အထဲ စစ်ပွဲကြောင့် အီရန်နဲ့ တခြားသောတိုင်းပြည်တွေကို ထွက်ပြေးနေခဲ့ပြီး အခုမှအာဖဂန်ကို ပြန်လာကြတဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်ရှာဖွေနိုင်မှုဟာလည်း ခက်ခဲလာပါတယ်။

### သိုးနဲ့ဆိတ်ဈေးနှုန်းတွေထိုးကျ

လယ်သမားတွေဟာလည်း အလျင်စလို သိုးနဲ့ဆိတ်တွေ ရောင်းချကာ မြို့ကို ပြောင်းရွှေ့နေထိုင်မှုကြောင့် သိုးနဲ့ ဆိတ်ဈေးနှုန်းတွေဟာလည်း ထိုးကျသွားတယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အက္ကဘာရက်စ်တာမီက အေအက်ဖ်ပီကို ပြောပါတယ်။

တစ်ချိန်တည်းမှာပဲ တိရစ္ဆာန်အစာဈေးနှုန်းဟာလည်း တစ်ဟုန်ထိုးမြင့်တက်သွားတယ်။ နိုင်ငံရဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ တိရစ္ဆာန်အစာတွေ အရေးပေါ်လိုအပ်လာတယ်။ အာဖဂန်အာဏာပိုင်တွေဟာလည်း လယ်သမားတွေနဲ့မွေးမြူရေးသမားတွေကို အကန့်အသတ်နဲ့သာ ထောက်ပံ့မှုပြုနိုင်တယ်။

အပြည်ပြည်ဆိုင်ရာက အေဂျင်စီတွေကလည်း လိုအပ်ချက်နဲ့ ပေးစွမ်းနိုင်မှု မညီမမျှဖြစ်လာတဲ့အတွက် အခက်ကြုံလာကြတယ်။ ကုလသမဂ္ဂ အစားအစာနဲ့ တခြားသော ထောက်ပံ့ရေးကလည်း မိုးခေါင်မှုဒဏ်ခံစားရတဲ့ နေရာဒေသက လူပေါင်း လေးသိန်းခြောက်သောင်းကျော်ကို ထောက်ပံ့ကူညီပြီးပြီ ဖြစ်တယ်။

ဒါပေမယ့်လည်း တကယ်တမ်းလိုအပ်နေတဲ့ လူဦးရေရဲ့ လေးပုံပုံတစ်ပုံမျှသာ အကူအညီပေးနိုင်ခဲ့တာ ဖြစ်တယ်။

### ဘိန်းပြန်လည်စိုက်ပျိုးဖို့ တွန်းအားလေလား

အပြည်ပြည်ဆိုင်ရာ အေဂျင်စီတွေနဲ့ အာဖဂန်အစိုးရတို့ သဘောတူညီမှုအရ ဂျုံတန်ချိန်ပေါင်း ခြောက်သောင်းခန့်ကို တိုင်းပြည်ရဲ့အရေးပေါ် အရန်ဂျုံအဖြစ်ထားရှိဖို့ ကူညီပေးရမှာပဲဖြစ်တယ်။ ဒါမှသာ ဒီထက်အခြေအနေတွေ ပိုဆိုးရွားလာရင် အထောက်အပံ့ကောင်းရမှာပဲ ဖြစ်တယ်။

တကယ်လို့များ လယ်သမားတွေဆီ အကူအညီအထောက်အပံ့တွေ ထိထိရောက်ရောက်မရဘူး။ အခြေအနေတွေ ဒီထက်ပိုဆိုးလာမယ်ဆိုရင် မိုးခေါင်မှုဒဏ်ကိုခံနိုင်တဲ့ ဘိန်းစိုက်ပျိုးတာတွေ ဖြစ်လာနိုင်တယ်လို့လည်း သတိပေးထားပါတယ်။

အာဖဂန်နစ္စတန်နိုင်ငံဟာ ကမ္ဘာပေါ်မှာဘိန်းစိုက်ပျိုးမှု အများဆုံးနိုင်ငံလည်းဖြစ်တယ်။ ၂၀၀၁ ခုနှစ် အမေရိကန်က စတင်ကျူးကျော်ခဲ့တဲ့ အချိန်ကစလို့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဒေါ်လာဘီလီယံနဲ့ ချီပြီး အကုန်အကျခံ ဆောင်ရွက်ခဲ့ပေမယ့် အကြီးဆုံးဘိန်းထုတ်လုပ်တဲ့ နိုင်ငံဖြစ်နေဆဲပါပဲ။

ဝေးလံခေါင်သီတဲ့ဒေသက ပြည်သူတွေ အကာအကွယ်ပေးနိုင်ဖို့ရာ အစိုးရဟာ သူ့ရဲ့ တပ်ဖွဲ့ဝင်တွေကို စေလွှတ်နိုင်စွမ်းမရှိပါဘူး။ ဒီလိုအခြေအနေမျိုးတွေကြောင့် လူတွေကို ဘိန်းတစ်ဖန်စိုက်ပျိုးဖို့ တွန်းအားတွေပေးနေပါတယ်လို့ လယ်သမားအဖြစ် အနှစ်သုံးဆယ်ကျော် လုပ်ကိုင်ခဲ့တဲ့ မစ္စတာ အဘတ်စ်က ပြောပါတယ်။

### စားကျက်မြေတွေပျက်စီး

သိုးတွေ၊ ဆိတ်တွေဟာလည်း သေကုန်ကြတယ်။ လယ်သမားတွေဟာလည်း နောက်နှစ်စိုက်ရမယ့်မျိုးအဖြစ်ထားရှိတဲ့ သီးနှံတွေကို စားပစ်ကြတယ်။

မြစ်ရေတွေခန်းခြောက်လာသလို စားကျက်မြေတွေဟာလည်း ဖုန်မှုန့်တွေအဖြစ် ပြောင်းလဲကုန်တယ်။ အစိုးရနဲ့ အပြည်ပြည်ဆိုင်ရာကသာ လက်ရှိ စိန်ခေါ်မှုတွေကို ဘာမှ လုပ်ဆောင်မှုမရှိဘူးဆိုရင် နောက်နှစ်ဆောင်းရာသီကျရင် ငတ်မွတ်မှုဘေးနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ အာဖဂန်မှာ ရောက်ရှိနေတဲ့ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမှ တာဝန်ရှိသူ တိုဘိုင်လန်ဇာက ပြောပါတယ်။

### လက်ရှိအခြေအနေကို တောင့်မခံနိုင်တော့တဲ့ လယ်သမားတွေ

အစောပိုင်းကဖော်ပြခဲ့တဲ့ မစ္စတာအဘတ်စ်လိုပဲ လက်ရှိအခြေအနေကို ဆက်လက် တောင့်မခံနိုင်တော့လို့ လက်လျှော့လိုက်ကြတဲ့ လယ်သမားတွေ အများကြီးပါပဲ။ မိုးခေါင်မှုကြောင့် လယ်သမားပေါင်း ၇၀၀၀၀ ခန့်ဟာ မြို့ကို ပြောင်းရွှေ့နေထိုင်ကြတယ်လို့ ကုလသမဂ္ဂက ခန့်မှန်းထားပါတယ်။

"လွန်ခဲ့တဲ့သုံးနှစ်ကဆို မိုးလည်းမှန်တယ်။ နှင်းလည်း ပုံမှန်ကျတယ်။ သီးနှံတွေလည်းကောင်းတယ်။ အဲဒီတော့ ဝင်ငွေကောင်းခဲ့တာ ပေါ့ဗျာ" လို့ အဘတ်စ်က ပြောပါတယ်။ "အခုနှစ်မှာတော့ ပိုင်ဆိုင်သမျှ သိုးတွေ၊ ဆိတ်တွေ ရောင်းတာတောင် အမေရိကန်ဒေါ်လာ တစ်ထောင့်လေးရာခန့်ပဲ ရပါတယ်"လို့သူကဆက် ပြောပါတယ်။

လယ်သမားနဲ့ ဆိတ်ကျောင်း၊ သိုးကျောင်းသမား လေးသိန်းခွဲခန့်ဟာ သူတို့ရဲ့ စားဝတ်နေရေးအခက်အခဲကြောင့် သိုးတို့၊ ဆိတ်တို့ကို ဆက်လက် မွေးမြူနိုင်မှုမရှိတော့ပါဘူး။ ရွာသားတွေဟာလည်း သူတို့ ဘယ်လို အသက်မွေးဝမ်းကျောင်းပြုရမယ်ဆိုတာ မသိတော့ပါဘူးလို့ သိုးနဲ့ ဆိတ်အမိက မွေးမြူသူ ဟာ့ဂျ်ဆိုဘတ်က ပြောပါတယ်။

### အစိုးရ၏အခက်အခဲ

ဒီလိုမျိုး မိုးခေါင်လို့ ဒုက္ခရောက်နေရတဲ့အချိန် အစိုးရဟာ တာလီဘန်တွေနဲ့ အိုင်အက်စ် အကြွင်းအကျန်တွေကို တိုက်ထုတ်နေရလို့ ဆုံးရှုံးမှုတွေများနေပြီး မအားမလပ်နိုင်ဖြစ်နေပါတယ်။ အရပ်သားတွေရဲ့ ပျက်စီးဆုံးရှုံးမှုဟာလည်း စံချိန်တင်မြင့်မားဆဲပါ။ ။

**ကိုးကား-နယူးယောက်တိုင်းမ်**

❐ **တကယ်လို့များ လယ်သမားတွေဆီ အကူအညီအထောက်အပံ့တွေ ထိထိရောက်ရောက် မရဘူး။ အခြေအနေတွေ ဒီထက်ပိုဆိုးလာမယ်ဆိုရင် မိုးခေါင်မှုဒဏ်ကို ခံနိုင်တဲ့ ဘိန်းစိုက်ပျိုးတာတွေ ဖြစ်လာနိုင်တယ်လို့လည်း သတိပေးထားပါတယ်။**

# လူငယ်ပွဲတော် ဆင်နွှဲပျော်သူတို့ ရင်တွင်းစကား

မန္တလေး ဩဂုတ် ၁၃

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့ ပွဲတော်ကျင်းပရာ မန္တလေးတက္ကသိုလ်ဝင်းအတွင်း လူငယ်လူရွယ်များဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။ ပွဲတော်နောက်ဆုံးနေ့လည်းဖြစ်၊ ကျောင်းဖွင့်ရက်လည်း တိုက်ဆိုင်နေရာ မန္တလေးမြို့ပေါ်မှ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ပညာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ ပြည်သူများဖြင့် ယခင်ရက်များကထက် ပိုမိုစည်ကားလျက်ရှိသည်။ လူငယ်ပွဲတော်သို့ လာရောက်ဖျော်ဖြေသူ၊ လေ့လာသူ ကျောင်းသား ကျောင်းသူအချို့နှင့် တွေ့ဆုံကာ လူငယ်ပွဲတော်နှင့် ပတ်သက်၍ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။**


ဒေါ်သန်းမြင့်အောင်


မဇင်မာအေး


လွေးဆိုင်းဟာ


မီမီဝင်းဖေ


ပါရီဂျူးသွယ်


မဆွေဆွေဝင်း

**ဒေါ်သန်းမြင့်အောင် [ဒုတိယဥက္ကဋ္ဌ (၁)]**
**[ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း]**

လူငယ်တွေကြားမှာ သားဆက်ခြားရေး အသိပညာပေးမှုတွေ ပြန့်ပွားအောင် လုပ်ဆောင်နေပါတယ်။ လူငယ်တွေကြားမှာလည်း ပြဿနာတွေ အနည်းအများတော့ ရှိကြတာပဲ။ ဒီလိုပဲ အိမ်ထောင်သည်တွေကြားမှာလည်း ပြဿနာတွေ ရှိကြတယ်။ လူမှုရေး၊ စီးပွားရေးတွေအရ သားသမီးတွေကို စနစ်တကျ ရယူမှု၊ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု မလုပ်နိုင်ကြပါဘူး။ သားဆက်ခြားခြင်းအားဖြင့် ရရှိမယ့်အကျိုးကျေးဇူးတွေက မိဘရော၊ မွေးဖွားလာမယ့် သားသမီးတွေအတွက်ရော ကောင်းတဲ့ အကျိုးတရားတွေ ရရှိစေမှာပါ။ မူးယစ်ဆေးဝါးသုံးစွဲမှုတွေကြောင့်လည်းလမ်းမှားတွေ ရောက်ကြတယ်။ အရွယ်ရောက်လာတဲ့ ယောကျ်ားလေး၊ မိန်းကလေးတွေအားလုံး သားဆက်ခြားမှုအသိပညာတွေ သိထားသင့်ပါတယ်။ ဒါကြောင့် ဒီလို လူငယ်ပွဲတော်မှာ သားဆက်ခြားမှု အသိပညာတွေ ဖြန့်ဝေပေးခြင်းအားဖြင့် သူတို့လေးတွေ အသိတရားတွေ ရရှိသွားစေမှာဖြစ်ပါတယ်။ လူငယ်တွေဆိုတာ ဘက်ပေါင်းစုံက အသိပညာ၊ အတတ်ပညာတွေ လေ့လာဆည်းပူးထားဖို့၊ သိရှိထားဖို့လိုအပ်ပါတယ်။ ဒီလို လူငယ်ပွဲတော်တွေ လုပ်ပေးတယ်ဆိုတာကလည်း ကိုယ်တိုင်ပါဝင်လေ့လာ သိရှိနိုင်အောင်လို့ဖြစ်ပါတယ်။

**မဇင်မာအေး**
**(တတိယနှစ်၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး တက္ကသိုလ်)**

အခုလို လူငယ်တွေအတွက် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပတာဟာ သမီးတို့လူငယ်တွေအတွက် စွမ်းဆောင်ရည်မြင့်မားပြီး အသိပညာဉာဏ်နဲ့ ပြည့်စုံတဲ့ လူငယ်တွေဖြစ်အောင် တွန်းအားပေးတဲ့ပွဲလို့ ခံယူမိပါတယ်။ သမီးတို့အနေနဲ့လည်း လူငယ်ဘဝမှာ အသိပညာ၊ အတတ်ပညာတွေ ပြည့်စုံအောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းကြိုးစားသွားဖို့ လိုအပ်တယ်ဆိုတာ ဒီပွဲတော်တွေကတစ်ဆင့် အသိတရားတွေ ပိုမိုရရှိစေပါတယ်။ ဒီလိုလူငယ်ပွဲတော်မျိုးကို လူငယ်တွေ လာရောက်လေ့လာစေချင်ပါတယ်။

**လွေးဆိုင်းဟာ (ပထမနှစ်၊ ပထဝီဝင်)**
**[ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်]**

ဒီလိုပွဲတော်ကတော့ သမီးတို့လို လူငယ်တွေအတွက် အသိတရားတွေ ရရှိစေတဲ့ပွဲလို့ မြင်မိပါတယ်။ လူငယ်တွေဟာ ကျန်းမာကြံ့ခိုင်ရမယ်၊ ဗဟုသုတကြွယ်ဝရမယ်။ တစ်ဦးနဲ့ တစ်ဦး ဆက်ဆံရေးကောင်းမွန်ဖို့လည်း လိုအပ်တာကို ဒီလိုပွဲတော်မျိုးက သတိပေးနေသလိုပါပဲ။ ဒီပွဲတော်မှာ ပါဝင်ဆင်နွှဲခွင့်ရလို့လည်း ဘဝမှာ ဖြည့်ဆည်းဖို့လိုအပ်နေသေးတဲ့ အတွေးအခေါ်တွေနဲ့ အသိပညာတွေ အများကြီးရှိနေပါသေးတယ်ဆိုတာ နားလည်မိပါတယ်။ စွမ်းရည်ပြည့်ဝတန်ဖိုးရှိတဲ့ လူငယ်တစ်ဦးအဖြစ် ကြိုးစားသွားမှာပါ။

**မီမီဝင်းဖေ (အဆိုတော်)**

လူငယ်တွေကို သီဆိုဖျော်ဖြေခွင့်ရတာ တကယ်ပျော်ရွှင်ကြည်နူးဖို့လည်း ကောင်းပါတယ်။ လူငယ်တွေအနေနဲ့ ကိုယ့်ရဲ့ငယ်ရွယ်နုပျိုတဲ့အချိန်ကို တန်ဖိုးရှိစွာ အသုံးချသင့်ပါတယ်။ ကိုယ်ဝါသနာပါရာ အလုပ်မှာ ထူးချွန်အောင်မြင်အောင် ဇွဲရှိရှိနဲ့ ကြိုးစားအားထုတ်စေချင်ပါတယ်။ ကိုယ့်ရဲ့ငယ်ရွယ်နုပျိုချိန်ကို သတိရှိရှိနဲ့ တန်ဖိုးထားပြီး ဘဝတစ်လျှောက်လုံး အောင်မြင်စွာ ဖြတ်သန်းနိုင်ဖို့ အခုအရွယ်ကတည်းက အရည်အချင်းကောင်းတွေ ဖြည့်ဆည်းဖို့၊ ဆည်းပူးနေဖို့ လိုအပ်ပါတယ်။ လူငယ်တွေရဲ့တန်ဖိုးကို သိရှိလို့လည်း နိုင်ငံတော်က အခုလို လူငယ်ပွဲတော်တွေ ကျင်းပပေးပြီး စွမ်းရည်ပြည့်ဝသူတွေအဖြစ် အသိကျန်းအောင်းနိုင်အောင် ဆောင်ရွက်ပေးတာလို့လည်း ယုံကြည်ပါတယ်။ လူငယ်ဘဝတန်ဖိုး ဘယ်လောက်အထိ ကြီးမားတယ်ဆိုတာ အခုအချိန်ကတည်းက သိရှိနားလည်အောင် နေထိုင်လေ့လာဆည်းပူးဖို့ လိုအပ်ပါတယ်။

**ပါရီဂျူးသွယ် (သတ္တမတန်း၊ အလက-၄)**
**အောင်မြေသာစံမြို့နယ်**

ဒီပွဲတော်မှာ ပြခန်းတွေလည်း အများကြီး၊ အားကစားပြိုင်ပွဲတွေလည်း အများကြီးပါဝင်လို့ ပျော်ရပါတယ်။ ပြခန်းတွေက စိတ်ဝင်စားဖို့ကောင်းပြီး မှတ်သားစရာတွေ၊ စိတ်ဝင်စားစရာတွေ များပါတယ်။ စာအုပ်တွေလည်း အများကြီးတွေ့ရတော့ လူငယ်တွေ စာဖတ်ဖို့လိုတယ်ဆိုတာ သတိပြုမိပါတယ်။ လူငယ်တိုင်း ကျန်းမာသန်စွမ်းဖို့အတွက် အားကစားလှုပ်ရှားမှုတွေမှာလည်း ပါဝင်ဖို့လိုပါတယ်။ ကျန်းမာပြီး အသိပညာ၊ အတတ်ပညာပြည့်ဝမှ မိမိဘဝကိုရော၊ မိသားစုဘဝသာမက နိုင်ငံတော်အတွက်ပါ တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်လာမှာပါ။

**မဆွေဆွေဝင်း**
**(တတိယနှစ်၊ သူနာပြုတက္ကသိုလ်)**

ဒီပွဲတော်မှာ ပါဝင်ပြသထားတဲ့ ပြခန်းတွေက လူငယ်တွေအတွက် စိတ်ဝင်စားစရာကောင်းပြီး ဗဟုသုတလည်း ရရှိစေပါတယ်။ အထူးသဖြင့် စာအုပ်အရောင်းပြခန်းတွေမှာ ခင်းကျင်းပြသထားတဲ့ စာအုပ်တွေက လူငယ်တွေအတွက် စာဖတ်ဖို့၊ စာဖတ်ဖို့ စိတ်ကိုဖြစ်ပေါ်စေအောင်လည်း နိုးကြားစေဖို့ လိုပါတယ်။ ဒါ့အပြင် ဆွေးနွေးပွဲတွေမှာ ပါဝင်ဆွေးနွေးနေကြတဲ့ လူငယ်တွေကို ကြည့်ပြီး အားကျစိတ်လည်း ဖြစ်ရပါတယ်။ အားကစားပြိုင်ပွဲတွေလည်း ထည့်သွင်းကျင်းပပေးထားတာမို့ လူငယ်တွေ ကျန်းမာသန်စွမ်းဖို့ လိုအပ်တယ်ဆိုတာကိုလည်း သတိပြုအလေးထားစရာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့**

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု ဉာဏ်စမ်းပဟေဠိ ဆုရရှိသူများ ချီးမြှင့်

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှု အစီအစဉ်များကို မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ အင်းဝ (၉)ခန်းမ၌ ယနေ့နံနက် ၈ နာရီမှ စတင်ကျင်းပသည်။

တေးသီချင်း ဖျော်ဖြေမှုအဖြစ် တေးသံရှင် ဆူမိုနှင့် သဇင်သီရိခေတ်တို့က သီဆိုဖျော်ဖြေကြပြီး မသန်စွမ်းလူငယ်များ၏ စိန်ခေါ်မှု၊ အတားအဆီးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများအစီအစဉ်၊ "ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်လို့ သာယာအေးချမ်းတဲ့ မိသားစုဘဝ ထူထောင်စို့" စကားဝိုင်း၊ မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးမှုများကို ဆောင်ရွက်ကြသည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးနှင့် ဗဟုသုတဖြစ်စေမည့် မေးခွန်းများမေးမြန်းရာ ပြိုင်ပွဲဝင်များက စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ပထမရရှိသူ မောင်နိုင်းကိုဇင်၊ ဒုတိယရရှိသူ မောင်လှဝင်းဦး၊ တတိယရရှိသူ မခင်အုန်းလှိုင်နှင့် နှစ်သိမ့်ဆုရရှိသူ ခုနစ်ဦးတို့အား ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**အေးမြ(မန္တလေး)**




# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၅ ဒသမ ၅၂ လက်မ၊ ထမံသီမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၄ ဒသမ ၃၄ လက်မ၊ ရွှေဂူနီးတွင် ၃ ဒသမ ၆၆ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၁၄ လက်မ၊ မဒေါက်မြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ လှိုင်းဘွဲမြို့နှင့် ကတိုင်တိတို့တွင် ၂ ဒသမ ၈၀ လက်မစီ၊ ပိုင်ကျုံမြို့နှင့် ကမမောင်းမြို့တို့တွင် ၂ ဒသမ ၇၆ လက်မစီ၊ ဖာပွန်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဥက္ကံမြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၁၃ လက်မစီ၊ မော်ဘီမြို့နှင့် ဘားအံမြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်း

**နေပြည်တော် ဩဂုတ် ၁၃**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး ခေတ္တမျှ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းနေမည်။

**မိုး/ဇလ**

# အမာမြို့နယ်၌ ထူးကဲဒီရေမြင့်တက်ပြီး ရေလှိုင်းရိုက်ခတ်၍ အိမ်များပျက်စီး

**အမာ ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် အတွင်းရှိ ပင်လယ်ကမ်းစပ်ကျေးရွာများတွင် ဩဂုတ် ၁၂ ရက် ညနေပိုင်းအချိန်မှစတင်၍ ထူးကဲဒီရေမြင့် တက်လာပြီး ဒီရေလှိုင်းများရိုက်ခတ်မှုကြောင့် လူနေအိမ် သုံးလုံး ပြိုကျပျက်စီးခဲ့ကာ နေအိမ် ရှစ်လုံး ယိုင်နဲ့သွားခဲ့ကြောင်း သိရသည်။

ပင်လယ်ကမ်းစပ်ရွာများဖြစ်သော နောက်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာတွင် မွန်းလွဲ ၂ နာရီခွဲအချိန်မှစ၍ ပင်လယ်ဒီရေမြင့်တက်ခဲ့ပြီး ရေလှိုင်းရိုက်ခတ်မှုကြောင့် ဓနိမိုးဓနိကာဝါးခင်း အိမ် ရှစ်လုံး၏ အကာနှင့်အခင်းများ ပျက်စီးပြီး ယိုင်နဲ့သွားခဲ့ကြောင်း နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးရင်စိန်ထံမှသိရသည်။ ထို့အတူ ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာတွင်လည်း ညနေ ၃ နာရီကျော်တွင် ပင်လယ်ဒီရေမြင့်တက်လာပြီး ရေလှိုင်းများရိုက်ခတ်မှုကြောင့် သွပ်မိုးပျဉ်ခင်း နေအိမ်တစ်လုံး၊ ခါးပြတ်ကျေးရွာတွင် ဓနိမိုးဓနိကာဝါးခင်း အိမ် နှစ်လုံး စုစုပေါင်း သုံးလုံး ပြိုကျပျက်စီးခဲ့ကြောင်း ဒေါ်ညိမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေပေါ်ထံမှ သိရသည်။

ဒီရေကြောင့် နေအိမ်များ ပြိုကျခြင်းနှင့် ယိုင်နဲ့ခြင်းများ ဖြစ်ခဲ့သော်လည်း လူနှင့် တိရစ္ဆာန်များ ထိခိုက်မှု မရှိကြောင်းနှင့် နေအိမ်ပြိုကျ ယိုင်နဲ့သွားသော အိမ်များမှ ပြည်သူများအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်နိုင်ကြရန် ကူညီစီစဉ်ပေးထားပြီး အခြား ပင်လယ်ကမ်းစပ်နှင့်နီးနေသည့် နေအိမ်များမှ



ပြိုကျပျက်စီးခဲ့သည့် အိမ်တစ်အိမ်မှ ပြည်သူများ။

ပြည်သူများကိုလည်း ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နေထိုင်ကြရန် အသိပညာပေးနှိုးဆော်ထားကြောင်း သိရသည်။

ယခု ဩဂုတ်လတွင်တက်လာသော ပင်လယ်ဒီရေသည် အမာမြို့အတွက် ထူးကဲဒီရေဖြစ်ပြီး ယခင်လများထက် ပိုမိုမြင့်တက်လာမှုကြောင့် အမာမြို့အတွင်း ရေဝင်ရောက်မှုများရှိနေပြီး အချို့နေရာများတွင် ရေကြီးရေလျှံမှုများဖြစ်နိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကဝမြို့နယ်မှ ရေမြုပ်စိုက်ခင်းများတွင် ပြန်လည်စိုက်ပျိုးရန် ထွန်စက်ကြီးများရောက်ရှိ

**ပဲခူး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်တွင် ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ခင်းများတွင် အချိန်မီ



ပြန်လည်စိုက်ပျိုးနိုင်ရေး ထွန်ယက်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများသည် အုန်းနဲ့မြို့ရှိ အမှတ်(၃၄) စက်မှုလယ်ယာစခန်းသို့ ဩဂုတ် ၁၂ ရက်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ပဲခူးခရိုင်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သည့်မိုးစပါးများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာတို့ ပူးပေါင်း၍ စက်မှုလယ်ယာဦးစီးဌာနပိုင် စက်ယန္တရားများနှင့်အတူ တောင်သူပိုင်စက်ကိရိယာများဖြင့် ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ကဝမြို့နယ်အတွင်း ဇူလိုင်လကုန်ပိုင်းက ရေကြီးမှုကြောင့် စိုက်ပျိုးထားပြီးဖြစ်သော မိုးစပါး ဧက ၅၂၀၀၀ နီးပါး ရေမြုပ်ခဲ့ပြီး ဧက ၂၀၀၀၀ ခန့်ပျက်စီးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ နိုင်ငံတကာလူငယ်များနေ့အခမ်းအနား ကျင်းပ

**ထားဝယ် ဩဂုတ် ၁၃**

ဩဂုတ် ၁၂ ရက်တွင်ကျရောက်သည့် နိုင်ငံတကာလူငယ်များနေ့အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က နိုင်ငံတကာလူငယ်များနေ့အခမ်းအနားကို နိုင်ငံတကာတွင်ကျင်းပသလို မြန်မာနိုင်ငံတွင်လည်း အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှစ်စဉ်ကျင်းပလေ့ရှိကြောင်း၊ မိမိတို့ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့်မူ ယခုကျင်းပသည့်ပွဲသည် ပထမဆုံးဖြစ်၍ တက်ရောက်လာသောလူငယ်များက ရင်တွင်းအသံများကို ဖွင့်ဟဆွေးနွေးကြရန်နှင့် မိမိတို့ဒေသဖွံ့ဖြိုးရေးတွင်လည်း ပါဝင်နိုင်ရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ အခွင့်အရေးအပြည့်အဝရရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒကို ရေးဆွဲဆောင်ရွက်နေကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ဦးသူရစိုး(ခ)ကိုဟိန်းထက်က နိုင်ငံတကာလူငယ်များနေ့အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြီး တက်ရောက်လာသည့် ကဏ္ဍအသီးသီးမှလူငယ်များက လူငယ်မူဝါဒရေးရာစကားဝိုင်းပြုလုပ်၍ ဆွေးနွေးကြသည်။ ထို့နောက် လူငယ်မူဝါဒပါကဏ္ဍများနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးအတွက် လက်တွေ့ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အုပ်စုဖွဲ့ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် လူငယ်ရေးရာ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ဘီးလင်းမြို့နယ်မှ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များလှူဒါန်း

**ဘီးလင်း ဩဂုတ် ၁၃**

ဘီးလင်းမြို့နယ်တွင် ဇူလိုင်လနောက်ဆုံးပတ်က မိုးသည်းထန်၍ ရေကြီးမှုများဖြစ်ခဲ့စဉ် ရေနစ်မြုပ်ခဲ့သည့် နတ်ကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာ ပညာအလင်းရောင်စာကြည့်သို့ စာအုပ်စာစောင်များကို မွန်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းက ဩဂုတ် ၁၂ ရက်က လှူဒါန်းခဲ့သည်။

စာအုပ်များလှူဒါန်းပွဲတွင် မွန်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်း နာယက ဦးကိုကိုလေးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးချိုချိုက စာကြည့်တိုက်ပြန်လည်ရှင်သန်ရေး၊ ရန်ပုံငွေများတိုးတက်အောင်ဆောင်ရွက်ရန်နည်းလမ်းများ၊ အလုပ်အမှုဆောင် ဦးထွန်းနောင်က စာအုပ်များပြန်လည်ဖြည့်တင်းနိုင်ရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာဖတ်ပရိသတ်များတိုးပွားရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက ၎င်းတို့ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် စာကြည့်တိုက်အတွက်လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။ ဆက်လက်၍ ရှမ်းစုကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်ပေါင်း ၂၀၀ ကို မွန်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၅ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၅ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀/၁၀၃၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၄ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ · ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၃ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၀၈ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၁ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ · ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၇၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၃ · ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၃၂၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# သာယာဝတီနှင့် ဆရာစံ

မောင်သာ(ရှေးဟောင်းသုတေသန)



ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ သာယာဝတီမြို့နယ်သည် ကုန်းဘောင်ဆက်ဘုရင် ၁၁ ပါး အနက် အဋ္ဌမမြောက်ဘုရင် သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆) မင်းသားဘဝက အပိုင်စားရခဲ့သည့်မြို့အဖြစ် ထင်ရှားခဲ့သည်။ ထို့အတူ ကိုလိုနီခေတ်တွင် နယ်ချဲ့များကို တော်လှန်တိုက်ခိုက်ခဲ့သည့် လယ်သမားခေါင်းဆောင်ဆရာစံ (ခရစ်နှစ် ၁၈၇၆-၁၉၃၁) ၏ တော်လှန်ရေးအခြေချခဲ့သည့်နေရာလည်း ဖြစ်ပေသည်။

သာယာဝတီမြို့သည် စာရေးဆရာမ စိန်စိန်၊ ပါမောက္ခ ဦးအောင်လှ၊ သာယာဝတီ ဦးမောင်မောင်တို့၏ ဇာတိမြေအဖြစ် ထင်ရှားကာ သာယာဝတီနှင့် တစ်ဆက်တည်းတည်ရှိသည့် သုံးဆယ်မြို့သည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇော၊ ဗိုလ်စိန်မှန်နှင့် စာရေးဆရာ ပီမိုးနင်းတို့၏ မွေးရပ်မြေဖြစ်သည်။

သာယာဝတီအကြောင်း ပြောကြလျှင် ဆရာစံနှင့် သာယာဝတီထောင်တို့ ပါဝင်မြဲဖြစ်ရာ ဆရာစံသည် ကိုလိုနီခေတ် အင်္ဂလိပ်အစိုးရအား တွန်းလှန် တိုက်ခိုက်ခဲ့သော တောင်သူလယ်သမားထုကို ဦးဆောင်ခဲ့သူဖြစ်၍ သာယာဝတီထောင်သည်လည်း နယ်ချဲ့ကိုဆန့်ကျင်သည့် မျိုးချစ်များကို နှိပ်ကွပ်ရာ အကျဉ်းထောင်ကြီးအဖြစ် ထင်ရှားခဲ့သည်။

မူလသာယာဝတီမြို့သည် ကြို့ပင်ကောက်မြို့မှ အရှေ့ဘက် ခြောက်မိုင်အကွာတွင် တည်ရှိနေသော မြို့တွင်းရွာနေရာဖြစ်ကာ ယခုသာယာဝတီမြို့သည် ရွာကြီးကုန်းအမည်ရှိ ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ ၁၈၅၄ ခုနှစ်တွင် ဗြိတိသျှတို့က သာယာဝတီဒိစတြိတ်ကို သတ်မှတ်ခဲ့ပြီး ရွာကြီးကုန်းတွင် ခရိုင်ရုံးစိုက်ရာမှ ရွာကြီးကုန်းသည် သာယာဝတီဟု အမည်တွင်ခဲ့သည်။



**သမိုင်းထဲက သာယာဝတီ**

ရန်ကုန်မြို့မှ မိုင် ၈၀ ကွာဝေး၍ ရန်ကုန်-ပြည် မော်တော်ကားလမ်းနှင့် မီးရထားလမ်းပေါ်တွင် တည်ရှိသည့် သာယာဝတီမြို့သည် ရှေးအခါက ဟံသာဝတီဘုရင်များ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့ပြီး အလောင်းမင်းတရား နန်းတက်ခဲ့ပြီးနောက် မြန်မာပိုင်နယ်မြေဖြစ်လာခဲ့သည်။ မြန်မာ့စွယ်စုံကျမ်းတွင် သာယာဝတီဟူသည့်အမည်သည် ပါဠိဝေါဟာရ သာရဝတ္တမှ ဆင်းသက်လာပြီး ပေါများကြွယ်ဝခြင်းဟူသည့် အနက်ကိုဆောင်ကြောင်းနှင့် သာယာဝတီမင်းသားသည် နောင်တော် ဘကြီးတော် စစ်ကိုင်းမင်းကိုနန်းချရန် သာယာဝတီနယ်အတွင်းရှိ မြို့တွင်း၌လူသူလက်နက်များစုဆောင်းခဲ့ကြောင်း ဖော်ပြထားသည်။ ဆက်လက်၍ မြို့တွင်း၌ ကျုံးနှင့် မြို့ရိုး အပျက်အစီးများကို တွေ့နိုင်သည်ဟု ရေးသားထားသည်။

၁၈၅၂ ခုနှစ်တွင် သာယာဝတီသည် သာရဝေါခရိုင်အတွင်း၌ သာရဝေါနှင့် မြန်အောင်မြို့နယ်တို့နှင့်အတူ ပါဝင်ခဲ့ကာ မြို့ဝန် ဦးပိုက အုပ်ချုပ်ခဲ့သည်။ ၁၈၅၄ ခုနှစ်တွင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်းနယ်မြေများကို သာရဝေါခရိုင်အတွင်းမှ ခွဲထုတ်၍ သာယာဝတီခရိုင်ဟု သတ်မှတ်ခဲ့သည်။ ၁၈၆၁ ခုနှစ်တွင် သာယာဝတီခရိုင်ကို ဟင်္သာတခရိုင်နှင့် ပေါင်းခဲ့ပြီး ၁၈၇၃ ခုနှစ်တွင် သီးသန့်ခရိုင်တစ်ခုအဖြစ် ပြန်လည်ခွဲထုတ်ခဲ့သည်။

လက်ရှိ သာယာဝတီမြို့ကို အင်္ဂလိပ်အစိုးရက ၁၈၇၈ ခုနှစ်တွင်တည်ထားခဲ့သည်။ သို့သော် သာယာဝတီမြို့၏ တောင်ဘက် နှစ်မိုင်အကွာတွင်ရှိသည့် သုံးဆယ်က ပိုမိုအချက်အချာကျကာ စည်ကား ဖွံ့ဖြိုးခဲ့သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၃၁ ရက်တွင် သာယာဝတီမြို့ကိုလည်းကောင်း၊ ၁၉၇၃ ခုနှစ် မတ်လ ၅ ရက်တွင် သုံးဆယ်မြို့ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။

လက်ရှိ သာယာဝတီခရိုင်တွင် သာယာဝတီ၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ အုတ်ဖိုနှင့် ကြို့ပင်ကောက်မြို့နယ်များပါဝင်ကာ သာယာဝတီမြို့နယ်ကို မြို့နှစ်မြို့၊ ရပ်ကွက် ၂၁ ခု၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၆၂ ရွာဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၇ ခုနှစ် မတ်လ စာရင်းဇယားများအရ သာယာဝတီမြို့နယ်၏ လူဦးရေသည် ၁၅၄၆၀၆ ဦးဖြစ်သည်။

သာယာဝတီမြို့သည် ၃ ဒသမ ၂၉ စတုရန်းမိုင်ကျယ်ဝန်း၍ သုံးဆယ်မြို့က ၃ ဒသမ ၀၅ မိုင်ကျယ်ဝန်းကာ မြို့နယ်တစ်ခုလုံး၏ ဧရိယာသည် ၃၉၈ ဒသမ ၈၉ စတုရန်းမိုင်ဖြစ်သည်။ သာယာဝတီမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူး မြို့နယ်၊ အနောက်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် တိုက်ကြီးမြို့နယ်၊ မြောက်ဘက်တွင် လက်ပံတန်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိဆက်နေသည်။ သုံးဆယ်မြို့ကို အရှေ့မှ အနောက်သို့ဖြတ်သန်းစီးဆင်းနေသည့် သုံးဆယ်ချောင်းသည် မြို့၏ အနောက်ဘက် ၂၄ မိုင်ရှိ မြစ်စောင်းကျေးရွာတွင် မြောက်မှ တောင်သို့ စီးဆင်းနေသည့် ဖိုးခေါင်မြစ်ခေါ် မြစ်မခမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။

**ဆရာစံ**

လယ်သမားခေါင်းဆောင် သုပဏ္ဏကဂဠုန်ရာဇာ ဘွဲ့မည်ခံ ဆရာစံကို မြန်မာသက္ကရာဇ် ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (ခရစ်နှစ် ၁၈၇၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်) အင်္ဂါနေ့တွင် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် သရက်ကန် အရှေ့ရွာ၌ တောင်သူလယ်သမား မိဘများဖြစ်ကြသည့် ဦးကျေးနှင့် ဒေါ်ဖက်တို့က ဖွားမြင်ခဲ့သည်။ ဆရာစံသည် မောင်နှမ ငါးယောက်တွင် အငယ်ဆုံးဖြစ်ပြီး ငယ်မည်မှာ မောင်စံရှားဖြစ်သည်။ သာယာဝတီ သူပုန်အမှုတွဲမှတ်တမ်းတွင် ဆရာစံ အမည်နှင့်တွဲ၍ စံကျော်၊ ဆရာမြိုင်၊ ဦးဉာဏဟူသည့် ဆရာစံ၏ အခြားအမည်များကိုပါ ဖော်ပြထားသည်။

ဆရာစံသည် ငယ်စဉ်က သရက်ကန် အရှေ့ရွာနှင့် အနောက်ရွာအကြားရှိ ဦးသူရိယ အုတ်ကျောင်းတွင် ပညာသင်ယူခဲ့ပြီး မန္တလေးရတနာဘုမ္မိအရပ်ရှိ မဏိရတနာရာမ မြတောင်တိုက်တွင် သင်္ကန်းစည်းကာ နှစ်နှစ် ပညာသင်ယူခဲ့သည်။ ထိုကျောင်းမှ လူထွက်ခဲ့ပြီးနောက် ဖြူးမြို့အရှေ့ဘက်ရှိ ငါးခေါင်းအင်းရွာတွင်နေထိုင်ခဲ့စဉ် ဒေါ်ကေနှင့် အကြောင်းပါ၍ မစိန်နှင့် မောင်ဘိုးသင်း အမည်ရှိ သမီးနှင့်သား ထွန်းကားခဲ့သည်။

ဆရာစံသည် မော်လမြိုင်ခရိုင် ဘီလူးကျွန်း ကမာမိုရွာတို့တွင် မြန်မာဆေးဆရာအဖြစ် လှည့်လည်ဆေးကုအသက်မွေးနေစဉ် လက္ခဏာဇ ဆေးကျမ်းကို ရေးသားခဲ့သည်။ ဝိဇ္ဇာသိပ္ပံ အင်္ဂုတ္တကျမ်းနှင့် ဉာဏောဒီဇဆေးကျမ်းတို့ကိုလည်း ရေးသားပြုစုခဲ့သည်။ ဘီလူးကျွန်း ကညော်တလိုင်း ဆရာတော်ထံတွင် နက္ခတ်ဗေဒင်ပညာကို သင်ယူခဲ့ပြီး သင်္ကြန်စာများကို ဆရာစံအမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။ ဆရာစံသည် အင်္ဂရတ်ပညာနှင့် ဗေဒင်နက္ခတ်ပညာဆိုင်ရာ ဉာဏောဓိရုံကျမ်းကိုလည်း ရေးသားခဲ့သည်။

ဆရာစံသည် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ အသားညိုညို၊ နှာတံပေါ်ပေါ်နှင့် နှုတ်ခမ်းမွေးရေးရေးရှိပြီး စကားပြော၊ တရားဟောလည်း အလွန်ကောင်းသည်ဟု ဆိုကြသည်။ ဆရာစံသည် တောင်သာဂိုဏ်းဝင် ဆေးဆရာအဖြစ် အသက်မွေးခဲ့စဉ် လူမှုရေး၊ ဘာသာရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၁၉၀၇ခုနှစ်တွင် ကမာမိုရွာ၌ ဓမ္မရက္ခိတအသင်းကို ဦးစီးတည်ထောင်ခဲ့ပြီး ထိုအသင်း၏ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၂၀ ပြည့်နှစ်က ဂျီစီဘီအေ နိုင်ငံရေးအသင်းကြီး(General Council of Burmese Association) ပေါ်ပေါက်ခဲ့ပြီးနောက် ဆရာစံသည် ၁၉၂၃ ခုနှစ်တွင် ဂျီစီဘီအေအသင်းကြီးသို့ ဝင်ရောက်ခဲ့ကာ ၁၉၂၅ခုနှစ်တွင် ရွှေဘိုမြို့၌ကျင်းပသော (၁၂) ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံသို့ မော်လမြိုင်ခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ဂျီစီဘီအေ စုံစမ်းရေးကော်မတီဥက္ကဋ္ဌအဖြစ် သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်၊ အင်းစိန်ခရိုင်များအတွင်းရှိ ကျေးရွာများသို့ လှည့်လည်ကာ တောင်သူလယ်သမားတို့၏ ပကတိအခြေအနေများကို စုံစမ်း၍ ဂျီစီဘီအေအသင်းကြီးသို့ အစီရင်ခံစာများကို တင်သွင်းခဲ့သည်။

ဆရာစံသည် တောင်ငူညီလာခံပြီးချိန်၌ နယ်ချဲ့များအား လက်နက်ကိုင်လမ်းစဉ်ဖြင့် ကိုယ်တိုင်ဦးဆောင်ဆန့်ကျင်ရန် ဦးစိုးသိမ်း ဦးဆောင်သည့် ဂျီစီဘီအေအသင်းကြီးနှင့် အဆက်အသွယ်ဖြတ်ခဲ့သည်။ ထို့နောက် အင်္ဂလိပ်အစိုးရ၏ ပြည်သူလူထုအပေါ် လူခွန်နှင့် သဿမေဓအခွန်များ ကောက်ခံနေခြင်းကို ဆန့်ကျင်ရန် လျှို့ဝှက်အသင်းများ တည်ထောင်ခဲ့ပြီး ထိုအသင်းများကို ဂဠုန်အသင်းများဟု အမည်ပေးခဲ့သည်။ ဆရာစံသည် အင်္ဂလိပ်အစိုးရ၏ ဖိနှိပ်မှုများကြောင့် အစိုးရအပေါ် ဒေါသထွက်နေသော သာယာဝတီနယ်ကို အခြေပြုကာ နယ်ချဲ့အစိုးရအား တော်လှန်ပုန်ကန်မှုပြုလုပ်ပါက အောင်မြင်နိုင်မည်ဟု ယူဆလျက် အင်္ဂလိပ်နယ်ချဲ့တို့အား တိုက်ခိုက်ရန် သာယာဝတီနယ်ကို ရွေးချယ်ခဲ့သည်။

**ဆရာစံ အောင်မြေ**

ရန်ကုန်-ပြည် မော်တော်ကားလမ်းပေါ်ရှိ ဝွေးချောင်းတာဆုံတွင် ကားလမ်း၏ အရှေ့ဘက်ခြမ်း၌ ဝွေးချောင်း၊ ဖားရွှေကျော်ရွာသို့ ဟူသည့် လမ်းညွှန်ကို စိုက်ထူထားသည်။ ဖားရွှေကျော်ရွာသည် ဆရာစံ၏ ဂဠုန်တပ်ဖွဲ့များနှင့် နယ်ချဲ့စစ်ပုလိပ်များ တိုက်ပွဲဖြစ်ပွားခဲ့သည့် ကျေးရွာဖြစ်သည်။ (ဖားရွှေကျော်ရွာတိုက်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ပင်လယ်ကူးသင်္ဘောတစ်စင်းကို ဖားရွှေကျော်ဟု ဂုဏ်ပြုအမည်ပေးခဲ့သည်)

တာဆုံ-သာယာအေး-ဖားရွှေကျော်ရွာလမ်းသည် ငါးမိုင် နှစ်ဖာလုံ ရှည်လျားသည်။ ဖားရွှေကျော်ရွာမှ တောင်ဘက် နှစ်မိုင်အကွာရှိ ဆရာစံအောင်မြေသို့ဝင်သည့်နေရာတွင် 'သုပဏ္ဏကရာဇာဂဠုန်ဆရာစံအောင်မြေကုန်း'ဟု အနီရောင်မှန်ဦး စိုက်ထူထားသည်။ သာယာဝတီမြို့မှ ကိုးမိုင် နှစ်ဖာလုံကွာဝေးသည့် ဆရာစံအောင်မြေကုန်းသို့ မော်တော်ဆိုင်ကယ်ဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။

ဆရာစံအောင်မြေကုန်းအတွင်းရှိ ဆရာစံအလွမ်းပြေ သစ္စာမဏ္ဍိုင်စေတီအား အင်္ဂလိပ်အစိုးရက ဆရာစံကို ကြိုးပေးအပြီး တစ်နှစ်အကြာ ၁၉၃၂ ခုနှစ်တွင်တည်ထားခဲ့သည်ဟု ဆရာစံကုန်းကို စောင့်ရှောက်နေသူ သီလရှင်ဆရာကြီး ဒေါ်ဥမ္မာသိဂီက ရှင်းပြခဲ့သည်။

ဆရာစံအောင်မြေသည် ၁၅ ပေ ပတ်လည် မြေကွက်လပ်ဖြစ်ကာ မြက်ပင်များ စိမ်းလန်းစွာပေါက်ရောက်နေသည်။ အောင်မြေအတွင်းရှိ ဆရာစံရုပ်တုအောက်၌ ဆရာစံသည် အင်းဝအောင်မြေ၊ မန္တလေးအောင်မြေ၊ ပုဂံအောင်မြေ၊ တောင်ငူအောင်မြေနှင့် တွံတေးအောင်မြေများပေါ်တွင် ဗြိတိသျှနယ်ချဲ့ကို တွန်းလှန်ရန် သစ္စာဆို၍ပန္နက်ရိုက်ခဲ့သည်ဟု ကမ္ပည်းစာရေးထိုးထားသည်။ နောင်လာနောက်သား သားသမီးများ ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်စေရန် ရည်သန်၍ သစ္စာမဏ္ဍိုင်စေတီကို အောင်မြေပေါ်တွင် တည်ထားကိုးကွယ်ခဲ့သည်ဟုလည်း ရေးသားထားသည်။

ဆရာစံသည် ဗြိတိသျှနယ်ချဲ့အစိုးရကို မတိုက်ခိုက်မီ မြန်မာလူမျိုးများ၏ ထုံးတမ်းတစ်ခုအဖြစ် စိတ်ခွန်အားနှင့် ယုံကြည်မှုခိုင်မာစေရန် အောင်မြေများ နင်းခဲ့သည်။ ဆရာစံသည် သာယာဝတီတွင် ရှိနေခဲ့စဉ် ရေကောက်ရွာနှင့် အင်းကောက်ရွာအကြားရှိ အောင်မြေကိုနင်းပြီးမှ ဗြိတိသျှတပ်များကို တိုက်ခိုက်ခဲ့သည်။

အောင်မြေအနီး၌ ဆရာစံနှင့် သွေးသောက်ရဲဘော်များ သစ္စာဆိုခဲ့ကြသည့် အထိမ်းအမှတ်အုတ်တိုင်ကို စိုက်ထူထားသည်။ အုတ်တိုင်လေးဖက်ပတ်လည်တွင် အနီရောင်အောက်ခံပေါ်၌ စာများကို အဝါရောင်ဆေးဖြင့် ရေးထိုးထားသည်။ မျက်နှာစာတစ်ဖက်တွင် အာဇာနည်ကြီးများအား သတိရဂုဏ်ပြုကျောက်စာတိုင်၊ ကုန်ကျငွေ ၁၅၇ ဟု ရေးထားပြီး အုတ်တိုင်အောက်ခြေတွင် သစ္စာဆိုခဲ့သူ ပုဂ္ဂိုလ်များ၏ အမည်များကို ရေးထိုးထားရာ အချို့အမည်များကို ဖတ်၍မရတော့ချေ။ အုတ်တိုင်ပတ်လည်ရှိ အထိမ်းအမှတ်အုတ်ဂူ နှစ်ခုအနက် တစ်ခုတွင် ဗိုလ်ချစ်ပုဟု အင်္ဂတေဖောင်းကြွစာလုံး ရေးထိုးထားသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်ညတွင် ဆရာစံသည် သာယာဝတီမြို့နယ် ရေတိုက်ရွာတွင် သုပဏ္ဏက ဂဠုန်ရာဇာဘွဲ့ကို ခံယူခဲ့ပြီး သူ၏ ဂဠုန်တပ်သားများသည် ဓားကိုယ်စီစွဲလျက် ဗြိတိသျှအစိုးရအား စတင်တိုက်ခိုက်ခဲ့သည်။ ရေတိုက်အနီးဝန်းကျင်မှ ရွာများကလည်း အင်္ဂလိပ်အစိုးရအား တော်လှန်ခဲ့ကြသည်။ ထိုကျေးရွာများမှ ဂဠုန်တပ်သားများသည် အဖွဲ့လေးဖွဲ့ဖွဲ့ကာ ဒီဇင်ဘာလ ၂၃ ရက်တွင် သာယာဝတီမြို့ မြောက်ဘက်ရှိ အင်းရွာဘူတာကို စီးနင်းခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်တွင် ဖားရွှေကျော်ရွာ၌ အင်အား ၅၀ ကျော်ရှိသည့် စစ်ပုလိပ်အဖွဲ့နှင့် တိုက်ပွဲဖြစ်ခဲ့ပြီး ဖားရွှေကျော်ရွာတိုက်ပွဲဟု ထင်ရှားခဲ့သည်။ ထိုရက်များအတွင်းမှာပင် ဂဠုန်တပ်သားများသည် အရေအတွက် ၃၀၀၀ အထိ တိုးတက်လာခဲ့သည်။

ဆရာစံသည် နယ်ချဲ့တော်လှန်ရေးအတွက် သာယာဝတီမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ခြေတွင်ရှိသည့် အလံတောင်ဒေသအား ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဌာနချုပ် ပြုလုပ်ခဲ့သည်။ ဆရာစံသည် ဂဠုန်တပ်၏အောင်လံအား နဂါးကို ဂဠုန်သုတ်နေသည့်ပုံ ရေးဆွဲခဲ့သည်။ နဂါးသည် နယ်ချဲ့အင်္ဂလိပ်တို့ကို ရည်ညွှန်းပြီး နယ်ချဲ့အင်္ဂလိပ်နဂါးကို ဂဠုန်ကသုတ်ချီသည့်အဓိပ္ပာယ်ကို ရည်ညွှန်းခဲ့သည်။

ဆရာစံ၏ဂဠုန်တပ်များသည် စည်းရုံးရေးအားကောင်းခဲ့သော်လည်း လက်နက်အင်အားမှာမူ အလွန်အားနည်းခဲ့သည်။ နယ်ချဲ့ကိုတော်လှန်ချိန်တွင် လုပ်သေနတ်အလက် ၃၀ ခန့်သာရှိခဲ့ပြီး ကျန်လက်နက်များမှာ ဓား၊ လှံ၊ ဝါးချွန်၊ ဒူးလေး၊ ကောက်ဆွ၊ ဝါးရင်းတုတ် စသည်တို့သာ ဖြစ်သည်။ ခေတ်မီသေနတ်များ စွဲကိုင်ထားသော နယ်ချဲ့ဗြိတိသျှကို တိုက်ခိုက်ရန် မလွယ်ကူသော်လည်း မျိုးချစ်စိတ်ဓာတ်ကိုအားပြုကာ ဆန့်ကျင်နိုင်သမျှ ဆန့်ကျင်ခဲ့ကြသည်။

လယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်ရခြင်းနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ယင်းတို့၏အစီရင်ခံစာ၌ မင်းလောင်းရူးနှင့်ဓားပြတစ်စုတို့၏ ထကြွခြင်းသာဖြစ်သည်ဟု နှိမ့်ချဖော်ပြခဲ့သည်။ တောင်သူလယ်သမားအရေးတော်ပုံသည် သာယာဝတီနယ် ဇိမ်စာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ ဆီနှစ်ခွ၊ လှည်းလမ်းကူး အစရှိသော ကျေးရွာများမှစတင်ကာ ရက်အနည်းငယ်အတွင်း သာယာဝတီနယ်အနှံ့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ နယ်ချဲ့အစိုးရက အခြားနယ်များသို့ တော်လှန်ပုန်ကန်မှုများ မပြန့်ပွားစေရန်လည်း အစွမ်းကုန်တားဆီးခဲ့သည်။

**ဆရာစံ၏ နောက်ဆုံးအချိန်များ**

ဗြိတိသျှအစိုးရသည် ဆရာစံအား ဖမ်းဆီးနိုင်ရန် ဆုငွေ ၅၀၀၀ ကျပ်ပေးမည်ဟု ၁၉၃၁ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကြေညာခဲ့သည်။ ဧပြီလ ၂၃ ရက်နေ့တွင် ၁၀၀၀၀ ကျပ်အထိပေးမည်ဟု ဆုကြေးငွေ တိုးမြှင့်ကြေညာခဲ့သည်။

ဆရာစံသည် သာယာဝတီခရိုင်အတွင်း တော်လှန်ပုန်ကန်မှုများပြုလုပ်နေသဖြင့် နယ်ချဲ့တပ်များက အလုံးအရင်းနှင့်တိုက်ခိုက်ခဲ့ရာ ဌာနချုပ်ဖွင့်လှစ်ထားသည့် အလံတောင်စခန်းအား ဘားမားရိုင်ဖယ်တပ်များ သိမ်းပိုက်ခဲ့သည့်နေ့တွင် ရှမ်းပြည်နယ်သို့ တိမ်းရှောင်သွားခဲ့သည်။

၁၉၃၁ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် ဆရာစံသည် နောင်ချိုမြို့ မြောက်ဘက် သုံးဆယ်နယ်၊ ကုလားကဒိုင် ဟိုခိုနောင်ကွမ်းရွာအနီးတွင် အင်္ဂလိပ်တို့၏ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။ ဆရာစံအား နောင်ချိုမှ သာယာဝတီထောင်သို့ပို့ခဲ့ပြီး ၁၉၃၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် သာယာဝတီတရားရုံးသို့ ရုံးထုတ်စစ်ဆေး၍ ဩဂုတ်လ ၂၈ ရက်နေ့တွင် သေဒဏ် အမိန့်ချမှတ်ခဲ့သည်။ ဆရာစံသည် နယ်ချဲ့အစိုးရက သေဒဏ်ပေးခဲ့သည်ကို အယူခံဝင်ခြင်း၊ အသနားခံခြင်းတို့ကို မလုပ်ခဲ့ချေ။ တရားလွှတ်တော်ချုပ်က ဆရာစံအပေါ်ချမှတ်ထားသည့် သေဒဏ်ကို တစ်လအတွင်း အတည်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ရက် စနေနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ ဆရာစံအား အင်္ဂလိပ်အစိုးရက သာယာဝတီထောင်တွင် ကြိုးပေးကွပ်မျက်ခဲ့သည်။ ကွယ်လွန်ချိန်၌ ဆရာစံသည် အသက် ၅၅ နှစ်အရွယ်ဖြစ်ပြီး ဆရာစံ၏ရုပ်အလောင်းကို သာယာဝတီထောင်အနီးရှိ သာယာဝတီသုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။

ဆရာစံသည် လက်နက်အင်အားမမျှသည့် နယ်ချဲ့များအား အလွယ်တကူ အနိုင်မရရှိနိုင်ကြောင်း သိရှိခဲ့သော်လည်း မိမိကိုယ်တိုင်နှင့် မိမိ၏ဂဠုန်တပ်သားများအား စိတ်ဓာတ်ရေးရာစစ်ဆင်ရန်အတွက်လည်းကောင်း၊ ယုံကြည်မှုခိုင်မာစေရန်အတွက်လည်းကောင်း အောင်မြေကိုနင်းကာ စိတ်ခွန်အားတိုးမြှင့်ပေးခဲ့သည်။ နယ်ချဲ့တော်လှန်ရေးတွင်ကျရှုံးခဲ့ရသော်လည်း သူ့ကျွန်ဘဝလွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင်ကြီး ဆရာစံ၏ သက်စွန့်ကြိုးပမ်းခဲ့မှုများသည် ယနေ့တိုင် ကမ္ပည်းတင်ကျန်ရှိနေပေသည်။ ။

## သတင်းတိုများ

### ချို့တဲ့ကလေးများ၏ပညာရေးအတွက် ထောက်ပံ့ငွေများလှူဒါန်း

တောင်ငူမြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးကြသည့် ဟိန္ဒူနွယ်ဝင် လယ်သမားများနှင့် လက်လုပ်လက်စားများ၏သားသမီးများ ပညာရေးအတွက် တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ(သမာဓိမိသားစု)မှ ထောက်ပံ့ငွေ ကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၁ ရက်က တောင်ငူမြို့ ကန်တော်ကြီး ဓာတုကလျာလမ်းရှိ သမာဓိဂေဟာ၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် မြို့နယ်ပညာရေးဖောင်ဒေးရှင်း(ဟိန္ဒူအဖွဲ့)ဥက္ကဋ္ဌ ဆရာဦးကစ္စနားက အလှူငွေ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်ဦးကျော်လှ(သမာဓိ)က လှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖများ၊ တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်နာယက ဆရာကြီးဦးလှထွန်း၊ မဟာမေတ္တာပညာရေးဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးသိန်းထိုက်အေးနှင့် မြို့နယ်ဟိန္ဒူကောင်စီဥက္ကဋ္ဌ ဦးမောင်မြတို့ကမုဒိတာစကားများ ပြောကြားခဲ့သည်။ အလှူရှင်သမာဓိမိသားစုသည် ယခင်ကလည်း တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်နှင့် မဟာမေတ္တာ ပညာရေးဖောင်ဒေးရှင်းတို့ထံသို့ ပညာရေးထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဝ၄၈**

### ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာနှင့် ဝန်ထမ်းများအဖွဲ့သည် ဩဂုတ် ၁၂ ရက်က ပွင့်ဖြူမြို့နယ် ပေတောကျေးရွာအုပ်စု ပေါက်ကုန်းကျေးရွာသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။ မြို့နယ်ဦးစီးမှူးက မိမိတို့ဝန်ထမ်းများအနေဖြင့် ကျေးလက်နေပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ အလွယ်တကူရရှိနိုင်ရေးအတွက် ကျေးရွာအရောက် ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးပါက မပျောက်မပျက်အောင် စနစ်တကျ ကိုင်တွယ်အသုံးပြုကြစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး ဦးနန်းဝင်းအောင်နှင့် ဝန်ထမ်းများအဖွဲ့က ပေါက်ကုန်းကျေးရွာရှိ ဒေသခံပြည်သူ ၂၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

### မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရှမ်းပြည်နယ်ဓာတ်ပုံအသင်း နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သော ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ၏ ဆုပေးပွဲကို ဩဂုတ် ၁၂ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ဓာတ်ပုံပညာသည် အသက်မွေးမှုပညာရပ်တစ်ခုအဖြစ်သာမက အနုပညာတစ်ရပ်လည်းဖြစ်၍ ကမ္ဘာကျော် အနုပညာရှင်၊ ဓာတ်ပုံပညာရှင်များ ပေါ်ထွန်းလာအောင် ကြိုးစားကြရန် အားပေးတိုက်တွန်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးကျော်သန်းက အသင်းဖြစ်ပေါ်လာပုံနှင့် အသင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်ဓာတ်ပုံအသင်း၏ လပတ်ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများ၊ မြတ်ပန်းတော်ဝင် မင်္ဂလာဝတ်စုံနှင့်ပိုးထည်တိုက် အလှဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများနှင့် နှစ်ပတ်လည်အထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကာ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများကိုယ်စား ၂၀၁၈ ခုနှစ် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရရှိသူ ကိုထိုက်(ရှမ်းပြည်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

### တွန်းဇံမြို့၌ ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်

ချင်းပြည်နယ် တွန်းဇံမြို့၌ ၂၀၁၈ ခုနှစ် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းစစ်ဆေးခြင်းနှင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း ယာယီခန်းမ၌ ဩဂုတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား မြို့နယ်ဒုတိယပညာရေးမှူး ဦးစောထန်းက ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ကြရေး တိုက်တွန်းပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှန်းခိုင်က ကျောင်းကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာနန်ခန့်လျန်းက သွားနှင့်ခံတွင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းဟောပြောကြပြီး ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးကာ သားဖွားဆရာမ ဒေါ်ကျိန်ရှင်းလွန်က ကျောင်းသား ကျောင်းသူများအား လက်ဆေးနည်း သရုပ်ပြပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### ကမ္ဘာ့ဘဏ်မှအဖွဲ့ ဘီးလင်းမြို့နယ် ကျေးရွာများသို့ ကွင်းဆင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းတတိယနှစ် စက်ဝန်းအတွက် ကမ္ဘာ့ဘဏ်အဖွဲ့နှင့် ပြည်နယ်စီမံကိန်းတာဝန်ခံတို့သည် ယမန်နေ့က ဘီးလင်းမြို့နယ် စီမံကိန်းရုံး၌ စီမံကိန်းဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံစဉ် လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာများ ဖြစ်သည့် မဲလံကျေးရွာအုပ်စု ဖားကဒူးကျေးရွာနှင့် ကျောက်ရေတွင်းအုပ်ရွာအုပ်စု ဆင်စုကျေးရွာများသို့ သွားရောက်ကွင်းဆင်းပြီး ကော်မတီဝင်များ၊ ကျေးရွာလူထုများနှင့် တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မောင်မွှေး**

## နန့်ကောင်းချောင်းရေတိုက်စားမှုကြောင့် မိုးကောင်းမြို့ကမ်းနားလမ်း၌ ကမ်းပါးပြိုကျ

**မိုးကောင်း ဩဂုတ် ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့ ကမ်းနားလမ်း၌ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခန့်က နန့်ကောင်းချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျခဲ့၍ ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချမ်းမြေ့ဦးဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းပြီး အရေးပေါ်ဆောင်ရွက်ထားရကြောင်း သိရသည်။

မိုးကောင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ နန့်ကောင်းချောင်းရေမြင့်တက်လာမှုကြောင့် မီးရထားသံလမ်းတံတားအနီးရှိ စျေးကုန်းရပ်ကွက်နှင့် နတ်ကြီးကုန်းရပ်ကွက်ကြား ဆက်သွယ်ထားသည့် ကမ်းနားလမ်း၌ ကမ်းပါး အကျယ် ၁၂ ပေ၊ အရှည်ပေ ၇၀ ခန့် ပြိုကျခဲ့ခြင်းဖြစ်သည်။ ပြိုကျသည့်ကမ်းပါးမှာ ကတ္တရာလမ်းနှင့် ခုနစ်ပေခန့်သာ ဝေးကွာတော့သောကြောင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းကို အရေးပေါ်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း သိရသည်။



ချမ်းမြေ့ဦးဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးစောထွေးက “အခုလောလောဆယ်တော့ ချောင်းကမ်းပါးက ကတ္တရာလမ်းနဲ့ ခုနစ်ပေပဲကွာတော့တဲ့အတွက် ဒီထက်ပိုပြီးဆိုးမသွားအောင် ယာယီကာရံပြီး အောက်ခြေကို သဲကျောက်အိတ်တွေစီပြီး ထည့်မှာပါ။ လာမယ့်ဘတ်ဂျက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ စတီးဘားစကက်အဖြစ် အခိုင်အမာဖြစ်အောင် ဆောင်ရွက်နိုင်ဖို့ ပြည်နယ်အစိုးရကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်”ဟု ပြောသည်။

အရေးပေါ်ကမ်းပါးထိန်းသိမ်းမှုအဖြစ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်၊ မြို့နယ်မီးသတ် ဒုတိယဦးစီးမှူး ဦးချမ်းငြိမ်းသူတို့ ဦးဆောင်ကာ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်အဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နတ်ကြီးကုန်းရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဝါးလုံးများဖြင့် ကာရံခြင်းနှင့် သဲကျောက်အိတ်များ ချခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဆွေးနွေး

**မူဆယ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်ရာ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေမှု အခြေအနေနှင့် တိုးတက်မှုအခြေအနေများကို ရှမ်းပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးနှင့် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးတို့ဦးဆောင်သော ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဩဂုတ် ၁၁ ရက်က လာရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးနှင့်အဖွဲ့အား ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူးနှင့် One Stop Service အဖွဲ့ဝင် ဌာနများမှ တာဝန်ရှိသူများက ကြိုဆိုပြီး တွေ့ဆုံပွဲကို ပင်မအစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့်ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှုန်တစ်လုံတို့က ကုန်သွယ်ရေးဇုန်တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များအား မှန်ကန်တိကျစွာလုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရန်အတွက် ဌာနဆိုင်ရာအချင်းချင်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း အမှာစကားပြောကြားပြီး ဖမ်းဆီးရမိသော တရားမဝင်ကုန်သွယ်မှုများအတွက် ဆုကြေး ၃၀ ရာခိုင်နှုန်းပေးမည့်ကိစ္စ၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ဆောင်ရန်၊ ဌာနအလိုက် ရည်ရွယ်ချက်၊ ရည်မှန်းချက်များအတိုင်း တကယ်ဖြစ်အောင် ဆောင်ရွက်ရန်၊ အောက်ခြေတွင် အမှန်တကယ်ပြင်ဆင်ရန် လိုအပ်ချက်များကို သုံးသပ်တင်ပြပေးရန်နှင့် အထူးအဖွဲ့ဆိုသည့်အတိုင်း တကယ်ထူးခြားအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။




ထို့နောက် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက ကုန်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကုန်သွယ်မှုလုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေစိုးက အကောက်ခွန်လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။ **သန့်ဇင်(မူဆယ်)**

## သထုံ၌ ကျောင်းသား ကျောင်းသူများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သထုံ ဩဂုတ် ၁၃**

မွန်ပြည်နယ် သထုံမြို့ အထက(၂) ကျောင်း လုမ္ဗိနီခန်းမ၌ ကျောင်းသား ကျောင်းသူများအား လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)၏ စီစဉ်မှုဖြင့် ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံ လူ့အခွင့်အရေးများကို သိရှိနားလည်ပြီး အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာသည့်အခါ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်လျက် အသိပညာပေးဆွေးနွေးပွဲကို လာရောက်ပြုလုပ်ရခြင်းဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ ပြည်တွင်းတာဝန်ခံ ဦးအောင်မျိုးကျော်က ပြောသည်။




ဆွေးနွေးပွဲတွင် လူ့အခွင့်အရေး၏ အဓိပ္ပာယ်နှင့် သဘောတရားများ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အသိပညာများနှင့် ကျောင်းသား ကျောင်းသူတို့၏ အမြင်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ သိလိုသည့် မေးခွန်းများကိုလည်း AAPP အသင်းဝင်များက ရှင်းလင်းဖြေကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ အထက(၂) ကျောင်းမှ အထက်တန်း ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး AAPP အနေဖြင့် အလားတူဆွေးနွေးပွဲများကို သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၇ ကျောင်း၌ လိုက်လံပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **၁၃၉**



## မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ပင်လယ်ဒီရေ ထူးကဲစွာမြင့်တက်လာမှုကြောင့် နေအိမ် ၃၇ လုံးပျက်စီးမှုဖြစ်

**နေပြည်တော် ဩဂုတ် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စု တောင်ပိုင်းကျေးရွာ၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ပင်လယ်ဒီရေ ထူးကဲစွာမြင့်တက်လာပြီး အဆိုပါ ဒီရေ၏အရှိန်ကြောင့် ပင်လယ်ကမ်းစပ်အနီးတွင်ရှိသော လူနေအိမ် ၃၇ လုံး ပြိုကျပျက်စီးခဲ့ရာ အိမ်ထောင်စု ၃၇ စုမှ လူဦးရေ ၁၈၈ ဦးတို့ကို ဘုန်းကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

အဆိုပါ နေအိမ် ၃၇ လုံးအတွက် အိမ်တစ်လုံးလျှင် တစ်သိန်းနှုန်းဖြင့် ၃၇ သိန်း အပါအဝင် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ရိက္ခာဖိုးငွေများစုစုပေါင်း ၅၂၉၁၈၆၀ ကျပ်ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံးနှင့် သထုံခရိုင်ဦးစီးမှူးရုံးမှ ယနေ့နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ပေးခဲ့ပြီး လိုအပ်သည်များ ဆက်လက်ပူးပေါင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောင်းဆုံမြို့နယ်အတွင်း ပင်လယ်ဒီရေတက်ခြင်းကြောင့် ကျေးရွာအချို့နှင့် ပင်လယ်ကမ်းစပ်ကျေးရွာနေရာများ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**ချောင်းဆုံ ဩဂုတ် ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ပင်လယ်ဒီရေတက်ခြင်းကြောင့် ပင်လယ်ကမ်းနားကျေးရွာများဖြစ်သည့် ဇီးကုန်းကျေးရွာ၊ တော်ပွန်ကျေးရွာ၊ ဆယ်ပလာကျေးရွာ၊ ဟသ်ာကျွန်းကျေးရွာနှင့် သံလွင်မြစ်ကမ်းနားတစ်လျှောက်ရှိ ကညော်ကျေးရွာ၊ ကွမ်သဲကျေးရွာ၊ မရမ်းကျေးရွာ၊ တိုးချဲ့ရပ်ကွက်တို့တွင် ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခန့်တွင် ရပ်ကွက်၊ ကျေးရွာများရှိ လူနေအိမ်များအထိ ပင်လယ်ဒီရေ ဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒီရေဝင်ရောက်မှုကြောင့် သံလွင်မြစ်ကမ်းနားလမ်းတစ်လျှောက်လယ်ယာများနှင့် ကျေးရွာအချို့ရှိ နေအိမ်များအထိ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ရာ ရေပြန်လည်ကျသွားချိန်၌ တော်ပွန်ကျေးရွာအုပ်စုတွင် (ဆည်/မြောင်း)ဌာနမှ ထိန်းသိမ်းထားသော တော်ပွန်တာတမံ ပေ ၃၅၀ ခန့် မြေသားလျော့ကျခဲ့ပြီး ကွမ်ရိုက်ကျေးရွာအုပ်စု ကွင်းအမှတ် ၆၈၃ ကွင်းတွင် လယ်သမားတာတမံ ၈ ပေခန့်နှင့် ကွင်းအမှတ် ၆၈၂ (က)ကွင်းတွင် လယ်သမားတာတမံ ၁၀ ပေခန့် ကျိုးပေါက်ခဲ့ပြီး ယနေ့နံနက် ၆ နာရီခန့်တွင် ဟသ်ာကျွန်းကျေးရွာရှိ ကွင်းအမှတ် ၇၉၃ ကွင်းတွင် လယ်သမားတာတမံ ပေ ၁၀၀ ခန့် ကျိုးပေါက်ခဲ့ကာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ချောင်းဆုံမြို့နယ်တွင် ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ဟသ်ာကျွန်းကျေးရွာအုပ်စုနေ ဦးကျော်ဝင်း၊ ဦးလေးနိုင်၊ ဦးရွှေကြည်၊ ကညော်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ရော်ဘာပင်ပြိုလဲရာ ဦးထွန်းရှိန်၏ နေအိမ်အပါအဝင် စုစုပေါင်းလူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ပြီး အဆိုပါ မိသားစုဝင်များအား ရပ်/ကျေးမှ တာဝန်ရှိသူများက ဆွေမျိုးများနေအိမ်တွင် နေထိုင်ရေးများ ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ စစ်တောင်းမြစ်ရေတက်မှုကြောင့် မြေနိမ့်ပိုင်းမှ လူနေအိမ်များ ရွှေ့ပြောင်းရ

**ကျိုက်ထို ဩဂုတ် ၁၃**

ကျိုက်ထိုမြို့နယ်၌ ဩဂုတ် ၁၃ ရက် နံနက် ၅ နာရီက စစ်တောင်းမြစ်ရေ ထူးကဲဒီရေမြင့်တက်မှုကြောင့် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ ပိုက်ဆိပ်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းသို့ ရေအမြင့် ငါးပေခန့်အထိ ဒီရေဝင်ရောက်ခဲ့သည်။

ရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန် အဆောက်အအုံ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်းနှင့် မြေနိမ့်ပိုင်း ရေဝင်ရောက်သော ပိုက်ဆိပ်ရပ်ကွက်နေ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၈၄ ဦးတို့ကို မရမ်းချောင်းကျေးရွာရှိ ရွှေဂူကုန်းကျောင်းတိုက် ဓမ္မာရုံသို့ ယာယီရွှေ့ပြောင်းထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအဖွဲ့များက ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏ ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ထိုကဲ့သို့ ရေပိုလွှဲမှ ရေကျော်ကျခြင်းကြောင့် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်းနှင့် ရေပိုလွှဲမှရေကျော်ကျခြင်းမှာ မူလဆည်/တမံများ၏ ရေသိုလှောင်မှုပမာဏ ပြည့်မီသွားခြင်းကြောင့် ပိုလျှံသောရေကို ရေပိုလွှဲမှတစ်ဆင့် မူလချောင်းထဲသို့ ပြန်လည်ထုတ်လွှတ်စီးဝင်စေခြင်းသာဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယနေ့တွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ဆည်/တမံ ၃၇ ခုရှိပြီး အဆိုပါ ဆည်/တမံများမှာ အောက်ပါအတိုင်း ဖြစ်သည် -

နေ့စွဲ - ၁၃ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ကရင်ပြည်နယ် | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၅၅ | ၃၂၄၅၃ | ၃.၁၅ | (၁.၅၅)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | ချင်းပြည်နယ် | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၅၀ | ၁၉၃၀ | ၁.၆၀ | (၀.၇၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၃ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၆၅ | ၁၃၉၅ | ၁.၄၆ | (၀.၆၅)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၄ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၃၀ | ၁၁၅၁ | - | (၀.၃၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၅ | မြောက်ယာမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၁၀ | ၁၄၁၂၂ | - | (၀.၁၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၆ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၉၀ | ၅၃၈၀၅ | ၀.၀၇ | (၁.၉၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | ပဲခူးတိုင်းဒေသကြီး(အရှေ့) | | | | | | |
| ၇ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၁၅၀၀ | ၈၀.၈၀ | ၃၁၂၆၀ | - | (၀.၈၀)ပေ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | ရေကျော် |
| ၈ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၄၀ | ၂၃၉၀ | ၂.၀၀ | (၀.၄၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၉ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၀၅.၉၀ | ၉၄၉၃၆၂ | ၂.၃၅ | (၀.၉၀)ပေ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | ရေကျော် |
| ၁၀ | ဆောမ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၃.၅၀ | ၃၆၀၀၀ | ၁.၅၆ | (၀.၅၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၁ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၂၀ | ၁၁၄၅၀ | ၁.၈၆ | (၁.၂၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၂ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၃၀ | ၂၈၀၂၄ | ၀.၁၂ | (၁.၃၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၃ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၀.၅၀ | ၂၀၀၀၀ | ၁.၃၈ | (၁.၀၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| | | ပဲခူးတိုင်းဒေသကြီး(အနောက်) | | | | | | |
| ၁၄ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၈၂ | ၂၃၇၄၉ | ၀.၀၈ | (၀.၈၂)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၁၅ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၃.၁၀ | ၂၆၁၂၅၀ | ၀.၅၂ | (၁.၁၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၁၆ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၈.၈၀ | ၁၈၉၃၀ | - | (၀.၈၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၁၇ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၀၀၀၀ | ၉၆.၃၀ | ၂၂၁၀၀၀ | ၀.၃၉ | (၁.၃၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၁၈ | ဘော်ဘင်ရေလှောင်တမံ(၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၀၀ | ၂၇၅၆၈ | ၂.၀၂ | (၁.၀၀)ပေ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၁၉ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၆.၇၀ | ၅၆၇၀၀ | ၀.၆၄ | (၀.၇၀)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |

နေ့စွဲ - ၁၃ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၀ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၀၀ | ၃၈၄၁၈၀ | - | (၁.၀၀)ပေ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | ရေကျော် |
| ၂၁ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၇၀ | ၆၄၉၄၃၉ | ၀.၀၄ | (၂.၇၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၂၂ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၀၀ | ၁၂၄၀၀၀ | - | (၁.၀၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၂၃ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၄၀ | ၃၂၉၉၆၀ | ၀.၀၈ | (၂.၉၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| | | မွန်ပြည်နယ် | | | | | | |
| ၂၄ | ဝါးပါးရေလှောင်တမံ | သထုံခရိုင်/ | ၆၁ | ၄၁၅၀ | ၆၁.၂၅ | ၄၁၈၉ | ၂.၈၄ | (၀.၂၅)ပေ |
| | | သထုံမြို့ | ၁၇ | ၁၇၃ | | | | ရေကျော် |
| ၂၅ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၆ | ၅၆၉၄၅ | ၁၂၆.၄၀ | ၅၇၃၂၅ | ၃.၀၉ | (၀.၄၀)ပေ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | ရေကျော် |
| ၂၆ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၈၅ | ၅၃၉၇ | ၁.၃၆ | (၀.၈၅)ပေ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၂၇ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၀.၈၄ | (၀.၃၀)ပေ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | ရေကျော် |
| | | ရခိုင်ပြည်နယ် | | | | | | |
| ၂၈ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၁.၁၀ | ၆၅၀ | - | (၀.၅၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၂၉ | ဓီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၂၀ | ၄၃၆ | - | (၀.၂၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၃၀ | ပေလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၃၀ | ၁၄၉၁ | - | (၀.၃၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၃၁ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၂.၅၀ | ၁၄၆ | - | (၂.၅၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| | | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၃၂ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၈၅ | ၁၉၂၂ | ၀.၈၀ | (၀.၈၅)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၃၃ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်(တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၃.၂၅ | ၆၂၅၄ | ၀.၇၉ | (၁.၂၅)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | ရှမ်းပြည်နယ်(မြောက်ပိုင်း) | | | | | | |
| ၃၄ | မုံးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၆.၆၀ | ၂၆၅၆၁ | - | (၀.၆၀)ပေ |
| | | နမ္မတူမြို့ | ၅၆ | ၅၃၈၅ | | | | ရေကျော် |
| | | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၃၅ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၅၀ | ၉၉၂၅၀ | ၀.၅၂ | (၀.၅၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၃၆ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၈.၈၀ | ၄၀၈၇၁ | ၁.၆၀ | (၀.၈၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၃၇ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၃၀ | ၁၄၇၄၅၇ | ၁.၂၀ | (၁.၃၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

# ဟိုင်းကြီးကျွန်း၌ ပင်လယ်လှိုင်းရိုက်မှုပြင်း၍ ကမ်းခြေကျေးရွာများ၌ ပျက်စီးမှုရှိပြီး ငါးဖမ်းစက်လှေတစ်စင်းနစ်မြုပ်

ဟိုင်းကြီးကျွန်း ဩဂုတ် ၁၃

**ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်း မြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများတွင် ပြီးခဲ့သည့် ဩဂုတ်၁၂ရက်ကစ၍ ပင်လယ် ရေလှိုင်းရိုက်ခတ် တိုက်စားမှုများကြောင့် ကမ်းခြေကျေးရွာများတွင်ထိခိုက်ပျက်စီးမှုအချို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။**



ဘန့်ဘွေးကျေးရွာ ကမ်းခြေသို့ ပင်လယ်ရေလှိုင်းဝင်ရောက်နေစဉ်။

ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာအနီး မော်တင်စွန်းကမ်းခြေရှိ ကမ်းခြေပတ်လမ်း (ကတ္တရာလမ်း)၏ ကမ်းဘေးမြေသားနံရံများကို ပင်လယ်ရေ လှိုင်းရိုက်ခတ်တိုက်စားခြင်းကြောင့် လမ်းအောက်ရှိ ကျောက်နှင့် မြေသားပဲ့ကျမှုများ နေရာအနှံ့ဖြစ်ပေါ်လျက်ရှိသည်။ ကတ္တရာလမ်းအောက် မြေသားပဲ့ကျလာမှုများမှာ ဩဂုတ် ၁၂ ရက်က စတင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ပိုမိုဆိုးရွားလာကြောင်း၊ နောက်ရက်များတွင် ဆက်လက်၍ ပင်လယ်ရေလှိုင်း ရိုက်ခတ်တိုက်စားမှုများလာပါက ကျုံ့ကျပျက်စီးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကမ်းခြေပတ်လမ်းအနီး(နတ်တောင်) ပင်လယ်ကမ်းခြေရှိ လယ်များမှာလည်း လှိုင်းရိုက်မှုကြောင့် ပျက်စီးနေပြီဖြစ်ကြောင်း ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းအတွင်း ပင်လယ်ရေမြင့်တက်ခြင်းကြောင့် ခမောက်မော်နှင့် ကံချိုင်ကျေးရွာချင်းဆက် လမ်းတွင် ရေတက်ချိန်၌ ဆိုင်ကယ်နှင့် ကားများ မောင်းနှင်၍ မရတော့ဘဲ ရေပြန်ကျချိန်ကို စောင့်ဆိုင်းသွားလာနေရကြောင်းလည်း သိရှိရသည်။

ပင်လယ်ရေ မြင့်တက်မှုနှင့်အတူ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုများလာခြင်းကြောင့် ဘန့်ဘွေးကျေးရွာအနီး ပင်လယ်ကမ်းခြေရှိလူနေအိမ်များ ထိခိုက်မှုများရှိနေပြီး ဒေသခံများက ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေကြကြောင်း သိရှိရသည်။ “ မနေ့ကထက် ဒီနေ့ပိုဆိုးလာတယ်။ ကမ်းခြေကလူတွေ ပြောင်းကုန်ကြပြီ။ ရေအခြေအနေကို စောင့်ကြည့်နေတာ အခုနေလို့မရတော့လို့ ပြောင်းဖို့လုပ်နေပါတယ်” ဟု ငါးခြောက်အရောင်းအဝယ် အလုပ်လုပ်ကိုင်သူဒေသခံ မလင်းလင်းအေးက ပြောသည်။ လက်ရှိအချိန်တွင် ဘန့်ဘွေးကမ်းခြေအနီးရှိ သုသာန်မြေအတွင်းသို့လည်း ပင်လယ်ရေများ ဝင်ရောက်နေပြီဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက်ရှိ အထက(ခွဲ)အဏ္ဏဝါကျောင်း၌ ထူးကဲဒီရေမြင့်တက်မှုကြောင့် KG တန်းမှ စတုတ္ထတန်းအထိ ယနေ့မှစ၍ နှစ်ရက် ယာယီပိတ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ မြို့ပေါ်ရပ်ကွက်များရှိ မြေနိမ့်ပိုင်း ရပ်ကွက်များတွင် ပုံမှန်ထက် ပင်လယ်ရေမြင့်တက်ခဲ့မှုကြောင့် နေအိမ်အချို့ကြမ်းခင်းများ ရေမြုပ်ခဲ့ပြီး အချို့လမ်းများမှာ ကားနှင့်ဆိုင်ကယ်များ မောင်းနှင်သွားလာ၍ မရသည်အထိ ဖြစ်ပေါ်ခဲ့သည်။

အမှတ်(၂)ရပ်ကွက် ကပ္ပလီ ပင်လယ်ကမ်းခြေတွင်လည်း လူနေအိမ်များအောက်သို့ ပင်လယ်ရေလှိုင်းများ ရိုက်ခတ်မှုများရှိနေပြီး ဒီရေမြင့်တက်မှုကြောင့် နေအိမ်အချို့ ကြမ်းခင်းများ ရေမြုပ်ခဲ့ကြောင်းနှင့် ပင်လယ်ရေလှိုင်းများလူနေကုန်းမြင့်ကို ကျော်ကျ၍ စိုက်ပျိုးပြီး လယ်များအတွင်း ဆားငန်ရေများ ဝင်ရောက်လျက်ရှိကြောင်း သိ ရသည်။ ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာတွင် ယခင်ထက် ဒီရေမြင့်တက်ခဲ့ခြင်းကြောင့် တစ်ရွာလုံးနီးပါး ပင်လယ်ရေဝင်ရောက်ခဲ့ရာ အသုံးပြုနေသည့် သောက်ရေကန်သုံးကန် အနက်နှစ်ကန်မှာ ပင်လယ်ရေများ ဝင်ရောက်သွားခဲ့ပြီး ချောင်းဝကျေးရွာ ဆိပ်ခံတံတား ရေမြုပ်သွားခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့အနီး သမီးလှကျွန်း(လိပ်ကျွန်း)နှင့် မော်တင်စွန်းအကြား ပင်လယ်ပြင်တွင် ပြင်ခရိုင်ကျေးရွာအုပ်စု ကင်းဆိပ်ကျေးရွာမှ ငါးဖမ်းစက်လှေတစ်စင်း ဩဂုတ် ၁၂ ညနေပိုင်းက လှိုင်းလေပြင်းထန်၍ ရေဝင်နစ်မြုပ်ခဲ့ပြီး စက်လှေပေါ်ပါရေလုပ်သားလေးဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ငါးဖမ်းစက်လှေ နစ်မြုပ်မှုသတင်းရရှိပြီး ယင်းနေ့၌ပင် ပမ္မဝတီရေတပ်စခန်းဌာနချုပ်၏ ကွပ်ကဲမှု အောက်ရှိ စစ်ရေယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၃ ရက်နံနက်ပိုင်းတွင် နစ်မြုပ်စက်လှေပေါ်ပါရေလုပ်သားလေးဦးကို ဟိုင်းကြီးကျွန်းမြို့ ကပ္ပလီချိုင်အနီး ပင်လယ်ပြင်၌ ပလတ်စတစ်ပုံးတစ်လုံးဖြင့် အသက်ရှင်လျက် မျောပါနေသည်ကို တွေ့ရှိ ကယ်ဆယ်နိုင်ခဲ့ပြီး ယင်းနေ့နံနက်ပိုင်းတွင်ပင် ၎င်းတို့နေထိုင်ရာ ဒေသသို့ ဟိုင်းကြီး- ပြင်ခရိုင် ခရီးသည်တင်ရေယာဉ် လှိုင်ဝင်းသန်းစက်လှေဖြင့် ပြန်လည်ပို့ဆောင်ပေးခဲ့ရာ နေအိမ်များသို့ ပြန်လည်ရောက်ရှိသွားကြပြီ ဖြစ်ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင် ပင်လယ်ကမ်းခြေကျေးရွာများရှိ ဒေသခံများအနေဖြင့် မိုးရာသီကာလများ၌ နှစ်စဉ်ကြုံတွေ့ရမြဲဖြစ်သည့် ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုများနှင့် ရေတိုက်စားမှုများ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာမှုများကို သတိပြုစောင့်ကြည့်လျက်ရှိပြီး ပင်လယ်ရေတက်သည့်ကိစ္စနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မြစ်ရေတက်၍ မော်လမြိုင်ကျွန်းမြို့နယ်ရပ်ကွက် / ကျေးရွာအချို့ရေဝင်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၃**



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့ပေါ်တွင် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်ကစပြီး ရာလူတိုင်မြစ်နှင့် တုံးလုံချောင်းတို့တွင် ထူးကဲမြစ်ရေတက်လာသဖြင့် မြို့ပေါ်ရှိအနိမ့်ပိုင်း ရပ်ကွက်များဖြစ်သော ၉၊ ၁၀၊ ၁၁ နှင့် ၁၂ ရပ်ကွက်များသို့ ရေများဝင်ရောက်ပြီး အချို့လမ်းမကြီးများနှင့် လမ်းသွယ်များတွင် ရေများလျှံတက်သွားသည်။ မြို့ပေါ် ၆ ရပ်ကွက်၊ ၇ ရပ်ကွက်နှင့် တုံးလုံ ၈ ရပ်ကွက် ကမ်းနားပိုင်းလမ်းမများတွင်မြစ်ရေများ တက်လာပြီး ဖုံးလွှမ်းသွားသည်။ မြို့ပေါ်ပြည်သူများနှင့် ယာဉ်မျိုးစုံတို့မှာ မြစ်ရေလျှံလမ်းများပေါ်တွင် သွားလာလှုပ်ရှားလျက်ရှိကြသည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ် အောက်ဘက်ပင်လယ်နှင့် ထိစပ်လျက်ရှိသောကျေးရွာများ၊ အမှတ် ၄ နယ်မြေ၊ အမှတ် ၁ နှင့် အမှတ် ၂ နယ်မြေတို့တွင်လည်း မြစ်ရေတိုးမှုများရှိပြီး အမှတ် ၃ နယ်မြေမှာ မြစ်ရေတိုးမှုအနည်းငယ်သာရှိသည်။ ထူးကဲမြစ်ရေများမှာ ဩဂုတ် ၁၃ ရက် နံနက်စောပိုင်း ၄ နာရီခန့်မှစပြီး မြစ်ရေတက်လာပြီး အနိမ့်ပိုင်းကျေးရွာများ၏ လမ်းအချို့တွင် မြစ်ရေပြည့်လျှံဖုံးလွှမ်းမှုများရှိသည်။

**မော်ကျွန်း-မြင့်အောင်**

# ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်၊ ဒလမြို့နယ်အတွင်း မြေနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ချောင်းဘေး ရေဝင်မှုများပြား

**ရန်ကုန် ဩဂုတ် ၁၃**

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေများ မြင့်တက်လာမှုကြောင့် ယနေ့ ညနေ ၄ နာရီခန့်က ဒလမြို့နယ်ရှိ သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန်ကူးတို့ဆိပ်ကမ်းများ၌ ရေပြည့်ရေလျှံခြင်း ဆက်လက်ဖြစ်ပွားခဲ့ပြီး မြေနိမ့်ပိုင်း ရပ်ကွက်များနှင့် မြစ်ချောင်းဘေးနေရာများ၌ ဒီရေဝင်ရောက်မှု အမြင့် လေးပေနီးပါးခန့်မြင့်တက်ခဲ့ကြောင်း၊ ယမန်နေ့ကထက်ပို၍ များပြားလာခြင်းကြောင့် ရပ်ကွက်အတွင်းရှိနေအိမ်များပါ ဒီရေဝင်ရောက်မှုများရှိခဲ့ပြီး ယနေ့ညနေ ၆ နာရီခွဲခန့်က ဒီရေပြန်လည်ကျသွားကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မြစ်အတွင်း ထူးကဲဒီရေမြင့်တက်သော်လည်း ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ချယ်ရီသင်္ဘောများဖြင့် ခရီးသည်များအား ပုံမှန်အချိန်တိုင်း ပို့ဆောင်ပေးလျက်ရှိကြောင်း တွေ့ရသည်။

ထူးကဲဒီရေများ မြင့်တက်လာမှုကြောင့် မြစ်ချောင်းဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ ဒေသခံပြည်သူများက စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ထူးကဲဒီရေ ဆက်လက်မြင့်တက်မှုကြောင့် မြစ်ဝနှင့်နီးသော ခနောင်ရွာ၊ မကျေးရွာအတွင်း ရေအမြင့်လေးပေနီးပါး မြင့်တက်မှုများရှိခဲ့ကြောင်း၊ ဒီရေမြင့်တက်မှုကြောင့် ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း အနည်းငယ် ပြိုလဲမှုဖြစ်သွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်စိုးက ပြောကြားသည်။

**ရေကျော်မှုများရှိ**

ထို့အတူ ကမာအောင်ချောင်းအတွင်း ရေလျှံမှုကြောင့် မြို့မ ၁ ရပ်ကွက်၊ မြို့မ ၂ ရပ်ကွက်၊ မြို့မ ၃ ရပ်ကွက်၊ မြို့မ ၄ ရပ်ကွက်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ အုံ့ကြီး အနောက်ရပ်ကွက်များ၌ လမ်းသွယ်များ၊ လမ်းမကြီးများ တစ်လျှောက် ရေကျော်ခြင်း၊ နေအိမ်များအတွင်း ရေဝင်ရောက်မှုများနှင့် ကမာအောင် ချောင်းကူးတံတားပေါ် ရေကျော်မှုများရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# တွံတေးတူးမြောင်း ထူးကဲဒီရေမြင့်တက်မှုကြောင့် တွံတေးမြို့ရပ်ကွက်နှင့်ကျေးရွာ ရေဝင်

**တွံတေး ဩဂုတ် ၁၃**

ရန်ကုန်မြစ်နှင့် တိုးမြစ်တို့၏ ထူးကဲဒီရေ မြင့်တက်လာမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ တွံတေးတူးမြောင်း ထူးကဲဒီရေမြင့်တက်လာပြီး ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီခွဲက တူးမြောင်းတစ်လျှောက်နှင့် တိုးမြစ်တို့တွင် ရေမြင့်တက်ခဲ့ကာ မြေနိမ့်ရပ်ကွက် နှင့်ကျေးရွာများတွင် တာလမ်းနှင့် လမ်းများပေါ်တွင် နှစ်ပေနှင့် အိမ်ခြံဝင်းများတွင် သုံးပေမှ လေးပေအထိ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

တွံတေးတူးမြောင်း ထူးကဲဒီရေမြင့်တက်လာမှုကြောင့် မြေနိမ့်ရပ်ကွက်များဖြစ်သော ကွမ်းခြံရပ်ကွက်၊ တွံတေး-ဒလ ကားလမ်းဟောင်း၊ ဈေးသစ်ရပ်ကွက်၊ အုန်းပင်စုရပ်ကွက်၊ မင်းပိုင်းရပ်ကွက်၊ အိုးဘိုအရှေ့ရပ်ကွက်၊ အိုးဘိုအနောက်ရပ်ကွက်ရှိ တူးမြောင်းကမ်းဘေးအနီး ဗိုလ်မှူးစိန်လွင်လမ်း (ကမ်းနားလမ်း)၊ အလောင်းဘုရားလမ်း၊ မဟာဗန္ဓုလလမ်း၊ ဘုရင့်နောင်လမ်းတစ်လျှောက်နှင့် တူးမြောင်းဝဲ၊ ယာရှိကျေးရွာများ၊ လမ်းသွယ်များ ရေနှစ်ပေခန့်နစ်မြုပ်ခဲ့ပြီး အဆိုပါ ထူးကဲဒီရေကြောင့် တူးမြောင်းအတွင်း သွားလာသောရေယာဉ်များ ရေစီးသန်သဖြင့် သတိဝီရိယနှင့် မောင်းနှင်ကြရန် သတိပေးနှိုးဆော်ထားသည်။ အဆိုပါထူးကဲဒီရေကြောင့် ကျေးရွာရှိ စာသင်ကျောင်းများ ပိတ်ထားခြင်းမရှိဘဲ ရေတက်၊ ရေကျအချိန်လွဲသဖြင့် စာများဆက်လက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ထူးကဲဒီရေမြင့်တက်လာမှုဖြစ်သည့်အတွက် တိုးမြစ်နှင့် တွံတေးတူးမြောင်းတစ်လျှောက်ရှိ ကျေးရွာများရေဝင်ရောက်မှုရှိပြီး နေအိမ်များ၊ ကျောင်းများ ရေကြီးနစ်မြုပ်မှုမရှိကြောင်း သိရသည်။

တွံတေးမြို့တွင်းရှိမြေနိမ့်ရပ်ကွက်များ၊ ကျေးရွာများ ထူးကဲဒီရေဝင်ရောက်မှုရှိသော်လည်း တက်ရေ၊ ကျရေဖြစ်သဖြင့် စိုးရိမ်စရာမရှိကြောင်း သိရသည်။ “ နှစ်စဉ်ဒီအချိန်မှာဒီရေတက်လေ့ရှိပြီး နှစ်စဉ်တက်နေကျဆိုပေမယ့် သက်ဆိုင်ရာကအသိပေးကြေညာထားတော့ သတိနဲ့နေရတာပါ။ အခုကျွန်တော်တို့ရွာတွေမှာသက်ဆိုင်ရာနဲ့ပူးပေါင်းပြီး ရေကင်းအစောင့်တွေ အလှည့်ကျ ချထားဆောင်ရွက်နေပါတယ်”ဟု အပြင်ရေကျော်ကျေးရွာမှ ဒေသခံ ဦးမောင်ငြိမ်းက ပြောကြားခဲ့သည်။

**မျိုးလှိုင် (တွံတေး)**



## နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိ မင်းတုန်းမင်း၏သိမ်အလှူပေစာကို မကွေးမြို့ ကန်ပြားရွာ၌ ထိန်းသိမ်းထား

**မကွေး ဩဂုတ် ၁၃**
မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကန်ပြားကျေးရွာ (အရှေ့ရွာ) မန်ကျီးတောဘုန်းတော်ကြီးကျောင်း၌ မင်းတုန်းမင်းကြီးလက်ထက် ရဟန်းသံဃာတော်များ ဥပုသ်ပဝါရဏာ ကံကြီးကံဖော် ဆောင်ရွက်နိုင်ရန်အတွက် သိမ်တည်ခွင့်ပြုရေး ဘုရင့်ထံလျှောက်တင်သော ပေရွက်စာချွန်လွှာ ၊ မင်းတုန်းမင်းကြီးက သိမ်တည်ခွင့်ပြုသော ဘုရင့်အမှတ်တံဆိပ် ရိုက်နှိပ်ထားသည့် သိမ်အလှူပေရွက် စာချွန်လွှာများကို ထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါ ဘုရင့်ထံလျှောက်တင်လွှာနှင့် ခွင့်ပြုပြန်ကြားလွှာပေစာတို့ကို မန်ကျီးတောကျောင်းတိုက်၌ လာရောက် လေ့လာနိုင်ကြောင်း ကျောင်းထိုင်ဆရာတော်ထံမှ သိရသည်။

"ရဟန်းလောကမှာ ဥပုသ်ပဝါရဏာ ကံကြီးကံငယ် ဆောင်ရွက်ဖို့အတွက် သိမ်ဆိုတာ မရှိရင်မဖြစ်ဘူး။ ရဟန်းကိစ္စမှာ အထွတ်အထိပ်ဖြစ်တဲ့ ကံကြီးကံငယ်ဆောင် (ရဟန်းခံ၊ ရှင်ပြု)ချင်တယ် ။ ဥပုသ်ပြုချင်တယ်။ ပဝါရဏာပြုချင်တယ်။ ဒီကိစ္စတွေအတွက် ဘုရင့်ထံ သိမ်မြေတောင်းရတာ။ သိမ်မရှိတဲ့ဘုန်းကြီးကျောင်းတွေမှာ ဒီကိစ္စတွေပြုချင်တယ်ဆိုရင်တော့ မိုးလေးလပတ်လုံး ရေတည်တဲ့နေရာဟာ သိမ်ပဲ။ မြစ်နဲ့နီးရင် မြစ်၊ ကန်နဲ့နီးရင် ကန်၊ အင်းနဲ့နီးရင် အင်း ၊ ချောင်းနဲ့နီးရင် ချောင်း၊ အဲဒီနေရာမှာ ဖောင်လုပ်ပြီး ဖောင်ပေါ်မှာ ရဟန်းခံ၊ ရှင်ပြုနဲ့ ဥပုသ်ပဝါရဏာတွေ ပြုကြရတယ်။ သံဃာတော်တွေကို ဒုက္ခမများရအောင် ဘုရင်က သိမ်လှူပေးခဲ့တာ"ဟု မန်ကျီးတောကျောင်းတိုက် ဆရာတော် ဦးတေဇနိယက မိန့်ကြားသည်။ ပေဘူးထဲတွင် နှစ်ပေါင်း ၁၅၀ ကျော် သိမ်းဆည်းထားသည့် ပေစာများအပြင် နှစ်ပေါင်းရာချီသက်တမ်းရှိ မန်ကျီးစေ့ ကမ္မဝါစာ ၊ ရွှေပေစာ၊ ပုရပိုက်များ၊ ကြွေပန်းကန်ကြီးများနှင့် တရားစာပေများ သိမ်းဆည်းသည့် စာတိုက်တို့ကိုလည်း ထိန်းသိမ်းထားလျက်ရှိရာ သမိုင်းလေ့လာသူများအနေဖြင့် မှတ်တမ်းပြု ကိုးကားစရာဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**

## ရေကြီးနစ်မြုပ်ပျက်စီးသော လယ်မြေများအား ပြန်လည်ထွန်ယက်စိုက်ပျိုး

**ညောင်လေးပင် ဩဂုတ် ၁၃**
ရေကြီးနစ်မြုပ်ပျက်စီးသော လယ်မြေများအား ပြန်လည်ထွန်ယက်စိုက်ပျိုးပွဲကို ဩဂုတ် ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အင်းချောင်ကျေးရွာအုပ်စုရှိ အင်းချောင်ကွင်း ကွင်းအမှတ် ၂၀၇ တောင်သူဦးစိန်ကုလား၏ လယ်မြေအတွင်း၌ ပြုလုပ်ခဲ့သည်။

ရေကြီးနစ်မြုပ်ပျက်စီးသော လယ်မြေများကို ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် တောင်သူများက ဆီထည့်ပေးရမည်ဖြစ်ပြီး ထွန်စက်နှင့် မောင်းသမားအခမဲ့ဆောင်ရွက်ပေးလျက်ရှိကာ ညောင်လေးပင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် လယ် ၄၉၈၄၉ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး ရေပြန်လည်ကျဆင်း၍ ရေနစ်မြုပ် လယ်မြေများအားလုံး ပြန်ပေါ်ပြီဖြစ်ကာ ဩဂုတ် ၁၂ ရက် စာရင်းအရ ထိခိုက်လယ်ဧက ၁၈၂၀၂ ဧကရှိပြီး ပျက်စီးလယ်ဧက ၈၂၄ ဧကရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



ထွန်ယက်စိုက်ပျိုးပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သော ထွန်ယက်ရေးကို စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနေမှုကို ဒေသခံပြည်သူများ သိရှိစေရန်နှင့် တိုက်ရိုက်အစေ့ချစနစ်ဖြင့် အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှားတောမြို့နယ်၌ လက်ကိုင်စက်လွှများ တရားမဝင် လက်ဝယ်ထားမှုမရှိစေရေး ဆောင်ရွက်

**ရှားတော ဩဂုတ် ၁၃**
ကယားပြည်နယ် ရှားတောမြို့နယ်အတွင်း တရားမဝင်သစ်ခုတ်လှဲမှုများကြောင့် သစ်တောပြုန်းတီးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် လက်ကိုင်စက်လွှများ တရားမဝင်ကိုင်ဆောင်ထားမှု မရှိစေရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြို့နယ်အဆင့် လက်ကိုင်စက်လွှ စစ်ဆေးကြီးကြပ်ရေးကော်မတီကို ဇူလိုင်လပထမပတ်က စတင်ဖွဲ့စည်းထားရှိပြီး လက်ကိုင်စက်လွှများ တရားမဝင် လက်ဝယ်ထားမှုများမရှိစေရေးအတွက် ပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

"လက်ကိုင်စက်လွှ ကိုင်ဆောင်လိုသူတိုင်းကို ကိုင်ဆောင်ခွင့်မှတ်ပုံတင်ပေးမယ်ဆိုရင်တော့ ဘာမှမထူးပါဘူး။ အိမ်သုံးထင်းခွဲစိတ် ဖြတ်တောက်ဖို့၊ သာရေး၊ နာရေးကိစ္စတွေမှာ ထမင်းဟင်းချက်ပြုတ်ဖို့အတွက် ထင်းခွဲစိတ်ဖြတ်တောက်ဖို့အတွက်ဆိုပြီး လူတွေကို ကိုင်ဆောင်ခွင့်ပေးမယ်ဆိုရင် သစ်တောမပြုန်းတီးရေးဆိုတာတွေက စိတ်ချရပါ့မလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ လက်ကိုင်စက်လွှတွေက စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာ အပင်ပေါင်းများစွာကို ခုတ်လှဲပစ်နိုင်တာဖြစ်တဲ့အတွက် သစ်တောတွေအတွက် အလွန်အန္တရာယ်ကြီးပါတယ်။ သာရေး၊ နာရေးကိစ္စတွေမှာ အသုံးပြုချင်တာဆိုရင်တော့ ရပ်ကွက်အလိုက်၊ ကျေးရွာ တစ်ရွာချင်းအလိုက် ရွာဘုံဆိုင်အဖြစ်နဲ့ ရပ်ကွက်၊ ကျေးရွာအဆင့် လက်ကိုင်စက်လွှ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းထားပြီး ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ရွာကို တစ်လက်တန်သည်၊ နှစ်လက်တန်သည်ထားရင်တော့ အဆင်ပြေမယ်ထင်ပါတယ်" ဟု ရှားတောမြို့နေ ဒေသခံတစ်ဦးက ပြောသည်။

ရှားတောမြို့နယ်သည် ၅၅၇၃၆၂ ဧက ကျယ်ဝန်းပြီး လယ်မြေဧက ၉၂၀ ၊ ယာမြေ ၂၉၉၄ ဧက၊ ဥယျာဉ်မြေ ၁၉ ဧက၊ တောင်ယာမြေ ၂၉၅၈ ဧက၊ လုပ်ထားသော ယာမြေ ၁၀၄၂ ဧက၊ မြို့မြေ ၁၇၅ ဧက၊ ရွာမြေ ၄၄၃၅ ဧက၊ အခြားမြေ ၆၈၈၅ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ဧက ၂၇၇၄၆၀၊ တောရိုင်း ၁၀၁၀၃၆ ဧက၊ မြေရိုင်း ၂၆၂၅၉ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သော ဧရိယာ ၁၂၀၈၄၃ ဧကရှိကြောင်း မြို့နယ်ဒေသဆိုင်ရာမှတ်တမ်းအရ သိရသည်။**ကြီးမြင့်နိုင်(လွိုင်ကော်)**

## ရိခေါဒါရ်၌ ဆိုင်ကယ်စီးရေ ၂၀၀ ကျော်ကို ဒေသလိုင်စင်ပြုလုပ်ပေး

**ရိခေါဒါရ် ဩဂုတ် ၁၃**
ချင်းပြည်နယ် ရိခေါဒါရ်မြို့ ဒေသအတွင်းရှိ မြို့ပေါ်နှင့်အနီးအနား ကျေးလက်နေပြည်သူများ၏ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ဒေသလိုင်စင်ရရှိနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးကျင်လမ်းခိုင်၏ စီစဉ်မှုဖြင့် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဩဂုတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နယ်မြေဒေသအရောက် ကွင်းဆင်းပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့်နိုင်ငံ၊ အမျိုးအစား၊ စက်စွမ်းအားများအပေါ်အခြေခံပြီး သတ်မှတ်ထား သည့် ဒေသတန်ဖိုး ၅၀ ရာခိုင်နှုန်း ဒဏ်ကြေးပေးဆောင်စေ၍ ဒေသလိုင်စင်ပြုလုပ်ပေးသည့်အပြင် လိုင်စင်ရရှိထားပြီး လိုင်စင်သက်တမ်းကုန်ဆုံးသွားသည့် မော်တော်ဆိုင်ကယ်များကိုလည်း လိုင်စင်သက်တမ်း တိုးမြှင့်ပေးခြင်းကိုပါ ဆောင်ရွက်ပေးကြောင်း သိရသည်။

ရိခေါဒါရ်မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် အနီးအနားကျေးရွာများမှ မော်တော်ဆိုင်ကယ်စီးရေ ၁၉၃ စီးအား ဒေသလိုင်စင်ပြုလုပ်ပေးခဲ့ပြီး ဆိုင်ကယ်စီးရေ ၂၅ စီးကို လိုင်စင်သက်တမ်းတိုးမြှင့် ဆောင်ရွက်ပေးကာ စုစုပေါင်း ဆိုင်ကယ်စီးရေ ၂၁၈ စီးကို နှစ်ရက်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည်။ အဆိုပါမော်တော်ဆိုင်ကယ် ဒေသလိုင်စင်ပြုလုပ်ခြင်းကို သက်ဆိုင်ရာဌာနများနှင့် မြို့မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ စိစစ်အရေးယူရေးအဖွဲ့တို့ ပူးပေါင်းပြီး အများပြည်သူတို့အတွက် အချိန်တိုအတွင်း ပြုလုပ်ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပုလောမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ပုလော ဩဂုတ် ၁၃**
ပုလောမြို့နယ် ရေရှမ်းကျေးရွာ ရေဘေးသင့်ပြည်သူများကို မြိတ်ဒေသလုံးဆိုင်ရာ ပရဟိတများ ကွန်ရက်အဖွဲ့မှ ဦးမျိုးအောင်နှင့်အဖွဲ့သည် ယမန်နေ့က ရေရှမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံများအား ဆန်၊ စားသောက်ကုန်များနှင့် အဝတ်အထည်များကို ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှု အသိပညာပေး

**ဝါးခယ်မ ဩဂုတ် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က အ.ထ.က (၂) ကျောင်း ဘုရင့်နောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မင်းမေသဲဝါအေးက သဘာဝဘေးနှင့် သက်ငယ်မုဒိမ်းဖြစ်ပွားမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်းကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်နိုင်က သက်ငယ်မုဒိမ်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြစ်စဉ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်ပြီး မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ပတ်သက်၍ ဖြစ်ပွားရသည့်အကြောင်းအရာများ ကြုံတွေ့ပါက အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ဆောင်ရွက်သင့်သည်များနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## နတ်တလင်းမြို့နယ်၌ မီးငြိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်

**နတ်တလင်း ဩဂုတ် ၁၃**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညို မြို့သစ် မီးသတ်စခန်း အောင်ဇေယျအုပ်စုတွင် ဩဂုတ် ၁၁ ရက်က မီးငြိမ်းသတ်ယာဉ်အား လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးက မီးသတ်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တောင်ညို မြို့သစ် အောင်ဇေယျအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးထွန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား ဒုဦးစီးမှူး ဦးစိုးရွှေ၊ မြေစာရင်းဦးစီးအရာရှိ ဦးကျော်ဇောနှင့် အဖွဲ့ဝင်များ၊ တောင်ညိုရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မင်းသန်း၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ဇီးကုန်း)**

## ရေဘေးသင့်ပြည်သူများအတွက် လှည့်လည်အလှူခံ




**ပုဏ္ဏားကျွန်း ဩဂုတ် ၁၃**
ရေဘေးဒုက္ခရောက်နေကြရသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ရေဘေးသင့်ပြည်သူများကို လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များအသင်းမှ အသင်းဝင်လူငယ်များက ယမန်နေ့က မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်အလှူခံလျက်ရှိကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေများမြင့်တက်နေချိန်တွင် ပင်လယ်ဒီရေပါ တက်လာသောကြောင့် မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ရာ ရေဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ကူညီစောင့်ရှောက်ပေးလျက်ရှိသကဲ့သို့ ပုဏ္ဏားကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလူငယ်များအသင်းကလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်လိုသော ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ပြုလုပ်ရခြင်းဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူ ကိုမြင့်အောင်၏ ပြောပြချက်များအရ သိရပြီး ကောက်ခံရရှိလာသော အလှူငွေများကို သက်ဆိုင်ရာရေဘေးသင့်ဒေသများသို့ ဆက်သွယ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# ဖားအောက်တောရ ဓမ္မခရီး

❖ ထွန်းလှိုင်(မြိုင်) ❖

စာရေးသူဟာ မော်လမြိုင်မြို့ ဖားအောက်တောရ ဓမ္မရိပ်သာမှာ တစ်လ ရဟန်းပြုခဲ့ပါတယ်။ မိမိဆန္ဒရှိနေသော်လည်း ရဟန်းမဝတ်ဖြစ်ခဲ့တဲ့ သားသမီးများ၏ တိုက်တွန်းချက်ဖြင့် ရဟန်းပြုခဲ့ခြင်းဖြစ်ပါတယ်။ အသက်အားဖြင့် အသက် ၇၀ ရှိပြီးဖြစ်၍ ၇၅ နှစ် သက်တမ်းနှင့်တွက်ပါက ၂၅၅၀ ရက် အသုံးပြုပြီးဖြစ်၍ လက်ကျန်ရက် ၁၈၂၅ ရက်သာကျန်တော့တဲ့အခါ စဉ်းစားကြည့်မိပါတယ်။ ငါသည် သေဘေးကို မည်ကဲ့သို့ ရင်ဆိုင်မည်နည်း။ ငါသေသည့်အခါ မည်သူက မျှဝေခံစားမည်လဲ။ ငါသေသည့်အခါ ငါ့မှာ ဘာအားကိုးရှိပြီလဲ။ ငါ၏သေခြင်းသည် ကောင်းသောသေခြင်းဖြစ်ပြီလား။ ငါသေသည့်အခါ ငါ၏စိတ်သည် ဖရိုဖရဲပြန့်ကျဲမှု ကင်းပြီလား။ မကောင်းနိမိတ်များ ပိတ်ဆို့နိုင်ပြီလား။ ငါသေသည့်အခါ ငါ့စိတ်သည် ငြိမ်းချမ်းရာတွင် တည်နိုင်ပြီလား။ ငါသေပြီးလျှင် အပါယ်လေးပါးမှ လွတ်မည်ဟု အာမခံချက်ရှိပြီလားဟု မေးခွန်းတွေ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ခဲ့ပါတယ်။ မိမိအပါအဝင် ဗုဒ္ဓဘာသာဝင်တိုင်းသည် သေလျှင်အပါယ်မှကင်း၍ နတ်ပြည်၊ လူ့ပြည် ကောင်းမြတ်သောသုဂတိဘုံ၊ သုဂတိဘဝကိုရရှိခြင်း စသည်တို့ကို တောင့်တကြတယ်။ ဆုတောင်းကြတယ်။ သို့သော် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ ဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်ကြပြီလား။ ထို့ကြောင့် လူ့ဘဝမှာ မပြီးဆုံးနိုင်တဲ့ကိစ္စတွေ ဆောင်ရွက်နေကြလို့ ကျန်ရှိနေတဲ့အချိန်တိုင်းမှာ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဖြစ်အောင် ဖားအောက်တောရဓမ္မရိပ်သာသို့ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး နည်းနိဿယယူနိုင်ရန် ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။

ဖားအောက်တောရလို့ စာရေးသူတို့သိထားတဲ့ ကမ္မဋ္ဌာန်းစခန်းဟာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာကြီးတစ်ခု ဖြစ်ပါတယ်။ ၁၂၉၂ ခုနှစ်ကစခဲ့သည့် ဖားအောက်တောရစကြံ်ကျောင်းဖြစ်ပါတယ်။ ဖားအောက်တောရဟာ မော်လမြိုင်မြို့နဲ့ ကိုးမိုင်ကွာဝေးတဲ့ ဖားအောက်ကျေးရွာအနီးမှာရှိပါတယ်။ မော်လမြိုင်-မုဒုံ ကားလမ်းမကြီးပေါ်မှာ မော်လမြိုင်မှ မုဒုံ ခရီးတစ်ဝက်တိတိဖြစ်တဲ့ မိုင်တိုင်အမှတ်(၉)မှာ “ဖားအောက်တောရကျောင်းသို့” ဆိုတဲ့ ဆိုင်းဘုတ်ကြီးတစ်ခု ပြုလုပ်ထားပါတယ်။ ဖားအောက်တောရကျောင်းလမ်းတစ်လျှောက်လုံးမှာ မိုးထိအောင်မြင့်မားပြီး စိမ်းလန်းစိုပြည်နေတဲ့ အနန်းပင်များဟာ လမ်းဘေးတစ်လျှောက် ဘယ်ညာစီတန်းနေကြပါတယ်။ ကားလမ်းမကြီးကိုကျော်ပေးပြီး အရှေ့ကမှိုင်းညို့ညို့တောင်တန်းဆီကို လျှောက်သွားတဲ့အခါ သဘာဝသစ်ပင်မျိုးစုံတို့က နေပြောက်မတိုးအောင် ကာမိုးပေးထားကြပါတယ်။ မှိုင်းညို့ညို့တောင်ကုန်းတောင်တန်းတွေမှာ နှစ်ထပ်၊ သုံးထပ်၊ ငါးထပ်ကျောင်းဆောင်ကြီးတွေ၊ ဓမ္မာရုံကြီးတွေ စိတ္တလတောင်ကျောင်း၊ ဓမ္မဝိဟာရသိမ်တော်ကြီး၊ သံဃာဆောင်၊ သီလရှင်ဆောင်၊ ယောဂီဆောင်တွေ၊ တစ်ပါးနေကျောင်းတွေနဲ့ ကားသံ၊ လူသံတွေ တိတ်ဆိတ်နေပြီး ကျေးငှက်သာရကာတို့ရဲ့ တွန်ကျူးသံတွေကြားနေရမှာဖြစ်ပါတယ်။

ဖားအောက်တောရ ဗုဒ္ဓဓမ္မရိပ်သာတစ်ခုလုံးတွင် စင်္ကြံကျောင်း၊ ကျွဲတည်ငင်ကျောင်း၊ နိဂြောဓာရုံကျောင်း၊ စိတ္တလတောင်ကျောင်းနှင့် သံဃာအပါး ၅၀၀ ခန့် နှစ်ထပ်သိမ်တော်ကြီး၊ ခြင်္သေ့ဝင်း၊ သီလရှင်ကျောင်းများ၊ အမျိုးသမီးဆောင်များ တောင်ကုန်းတောင်တန်းတွေမှာ အစီအရီဆောက်ထားတဲ့ တစ်ပါးနေကျောင်းများ၊ တောရနယ်မြေအပါအဝင် အကျယ်အဝန်း ဧက ၄၀၀ ကျော်ရှိပါတယ်။

စာရေးသူတို့နဲ့အတူ မိတ်ဆွေနှစ်ဦးအပါအဝင် ရဟန်းလောင်း အပါး ၂၀ ကို ဖားအောက်တောရစင်္ကြံကျောင်း မူလသိမ်မှာ နာယကဆရာ ဥပဇ္ဈာယ်ပြုပြီး မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါတယ်။ စာရေးသူရဟန်းပြုပြီးချိန်ကစပြီး ပီတိတွေဖြာလျက် ပိုပြီးအေးချမ်းလုံခြုံသွားတယ်လို့ ခံစားလိုက်ရပါတယ်။ ဘုရားသားတော်တစ်ပါးဖြစ်သွားပြီး ၂၂၇ သွယ်သော သိက္ခာပုဒ်ကို ထိန်းသိမ်းကျင့်ကြံအားထုတ်ရပါတော့မည်။ ယခင်ဒုလ္လဘဝတ်စဉ်က ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးပါတယ်။ “ဒုလ္လဘတွေ သတိထားကြနော်၊ လူဘဝတုန်းက ငရဲတွေ လှည်းစီးဝက်လောက်ပါလာကြတာ။ ဒုလ္လဘလဲဝတ်ပြီး ထွက်တဲ့အခါကျတော့ ငရဲတွေလှည်းတစ်စီးစာပြည့်ပါသွားတတ်တယ်” ဆိုတဲ့ မိန့်ကြားတာ ကြားယောင်မိပါတယ်။ ရဟန်းဝတ်တဲ့လူတွေ သတိထားရမယ့်အချက်ဖြစ်ပါတယ်။

ယခုအခါမှာ ဖားအောက်တောရ ဗုဒ္ဓဓမ္မရိပ်သာမှာ မြန်မာပြည်အရပ်ရပ်က ရဟန်းရှင်များ၊ သီလရှင်များ၊ ယောဂီများ၊ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ နိုင်ငံခြားသား ရဟန်း၊ သီလရှင်၊ အမျိုးသမီး၊ အမျိုးသမီးယောဂီများ မဟာယာနဂိုဏ်းဝင်များ လာရောက်တရားအားထုတ်နေကြပါတယ်။ ကြည်ညိုပြီး အတုယူဖို့ ကောင်းလိုက်တာ။ စာရေးသူတို့ရှိနေစဉ် ပြည်ပမှ တရားအားထုတ်လာကြသော နိုင်ငံခြားသား ထေရဝါဒဘိက္ခု ၈၈ ပါး၊ မဟာယာနဘိက္ခု ၁၇ ပါး၊ ထေရဝါဒသာမဏေ ၁၉ ပါး၊ မဟာယာနကိုရင်တစ်ပါး၊ နိုင်ငံခြားသား အမျိုးသားယောဂီ ၂၄ ဦး၊ နိုင်ငံခြားသားထေရဝါဒသီလရှင် ၆၄ ပါး၊ မဟာယာနဘိက္ခုနီ ၂၃ ပါး၊ မဟာယာနစာမဏေရီ သုံးပါး၊ အမျိုးသမီးယောဂီ ၁၃ ဦး စုစုပေါင်း အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ၁၀၃ ဦး စုစုပေါင်း ၂၅၂ ဦးရှိကြောင်း သာသနနုဂ္ဂဟရုံးအဖွဲ့ထံမှ သိရပါတယ်။

ဖားအောက်ရိပ်သာတစ်ခုလုံး၊ တရားအားထုတ်နေကြတာ သံဃာတော် ၆၂၉ ပါး၊ သီလရှင် ၂၇၆ ပါး၊ အမျိုးသားယောဂီ ၈၃ ဦး၊ အမျိုးသမီးယောဂီ ၇၄ ဦး စုစုပေါင်း ၁၀၆၂ ဦးရှိပါတယ်။ အဆိုပါ တရားအားထုတ်နေသော ပုဂ္ဂိုလ်များကို စေတနာရှင်အလှူရှင်များက အရုဏ်ဆွမ်း၊ နေ့ဆွမ်း သက်သတ်လွတ်ဟင်းများ မထပ်ရလေအောင် ဝေယျာဝစ္စအဖွဲ့များက ကုသိုလ်ယူချက်ပြုတ် ဆက်ကပ်ကြပါတယ်။ ထို့အပြင် တစ်ဦးချင်းအလှူရှင်များက မုန့်အမျိုးမျိုး၊ သစ်သီးအမျိုးမျိုး၊ အကြော်အလှော်အမျိုးမျိုး၊ ဘုရားကပ်ရန် ပန်းအမျိုးမျိုးကစပြီး နေ့စဉ်ကပ်လှူကြပါတယ်။ တစ်နေ့တာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ငွေကျပ် ၁၂ သိန်းမှ ၁၃ သိန်း ကုန်ကျပြီး ပြည်တွင်း ပြည်ပမှ အလှူရှင်များ လှူဒါန်းကြတာဟာဖြင့် ယခုနှစ် ဒီဇင်ဘာလကုန်အထိ လှူဒါန်းထားပြီး ဖြစ်ကြောင်း သိရပါတယ်။

တခြားရိပ်သာများကဲ့သို့ သီးခြားဆွမ်းကပ်ခြင်းမရှိဘဲ ရဟန်းအစ ယောဂီအဆုံး ဆွမ်းလောင်းရုံမှ ဆွမ်းခံ၊ ဆွမ်းစားကျောင်းမှာ ဆွမ်းဘုဉ်းပေးရပြီး ကိုယ်တိုင် သပိတ်ဆေးကြောသန့်စင်အောင် ပြုလုပ်ရပါတယ်။

စာရေးသူအနေနဲ့ နေ့စဉ်နှစ်ကြိမ်ကျ ချက်ပြုတ်ကျွေးမွေးကြတဲ့ ဝေယျာဝစ္စအဖွဲ့တွေရဲ့စေတနာကို အထူးလေးစားမိပါတယ်။ အဖွဲ့ပေါင်း ၁၀၀ ကျော်ရှိပြီး အလှည့်ကျ လာရောက်ဆောင်ရွက်ပေးကြတာပါ။ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ပေါင်၊ သထုံ၊ ချောင်းဆုံ၊ ကျိုက်မရောမြို့နယ်များမှဖြစ်ပြီး ညနေအရောက်လာ၊ နောက်တစ်နေ့ညနေမှ ပြန်တဲ့အစီအစဉ်နဲ့ ဂေါပကတွေက သယ်ယူပို့ဆောင်ပေးကြပါတယ်။

> **“ဆရာတော်သည် ဝိနည်းကိုအထူးလေးစားပြီး ရိပ်သာကိုလာရောက်တရားကျင့်ကြတဲ့ သံဃာတော်တွေကိုလည်း ဝိနည်းလိုက်နာစေပါတယ်။ တရားအားထုတ်ရင်း အထူးရေးသားပြုစုခဲ့ရာ ရှစ်နှစ်အတွင်း ကျမ်းစာအုပ် ၄၂ ကျမ်း ရေးသား ထုတ်ဝေခဲ့ပါတယ်။ ဆရာတော်ဟာ သာသနာပြုလုပ်ငန်းတွေနဲ့ အမေရိကန်၊ တရုတ်၊ သီရိလင်္ကာ၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်္ဂလန်၊ ဂျာမနီ စသော နိုင်ငံတွေမှာ ရိပ်သာခွဲတွေ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြင်ဦးလွင်၊ သန်လျင်၊ ကရင်ပြည်နယ် ဇွဲကပင် တောင်ခြေတို့မှာ ဖွင့်လှစ်ထား”**

ဖားအောက်တောရဗုဒ္ဓဓမ္မရိပ်သာမှာ တစ်နေ့တာလုပ်ငန်းစဉ်တွေကတော့ နံနက် ၄ နာရီ ဘုရားရှိခိုး တရားထိုင်၊ တစ်ချိန်လျှင် တစ်နာရီခွဲ၊ ငါးကြိမ်တရားထိုင်ရပြီး ဆွမ်းခံ၊ ဆွမ်းစား၊ ညပိုင်း ၇ နာရီခွဲ ဘုရားရှိခိုး တရားထိုင်၊ တရားနာရပါတယ်။

ယခုအချိန်တွင် တရားထိုင်သူတွေများပြားလာတဲ့အတွက် သာသနိက အဆောက်အအုံတွေ စည်ပင်တိုးပွားလျက်ရှိပါတယ်။ စိတ္တလတောင်ကျောင်း ဓမ္မဝိဟာရ နှစ်ထပ်သိမ်တော်ကြီးဟာ အံ့မခန်းဆန်းကြယ်လှပါတယ်။ ယနေ့အထိ တစ်ပါးနေကျောင်း ၃၅၀ ကျော်နှင့် သံဃာ၊ သီလရှင်၊ ယောဂီတွေအတွက်လည်း တိုးချဲ့လျက်ရှိပါတယ်။ သံဃာဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ပိဋကတိုက်၊ ကွန်ပျူတာဆောင် ၊ သာသနနုဂ္ဂဟရုံး ၊ ရေလှောင်ကန် ၊ ရေသန့်စက်ရုံ၊ သင်္ကန်းလျှော်စက် စသည်တို့ကို မလိုအောင် စီမံဆောင်ရွက်ထားပါတယ်။

ဖားအောက်တောရကို စတင်တည်ထောင်ခဲ့တဲ့ ဆရာတော်ဟာ သစ်သီးစားဆရာတော်ဟု ထင်ရှားကျော်ကြားလာတဲ့ ဆရာတော်ကြီး ဦးခေမာဝန္တ (၁၉၆၂-၁၉၇၃) ဖြစ်ပါတယ်။ သစ်သီးများကိုသာ အားပြုဘုဉ်းပေးတဲ့အတွက် သစ်သီးစားဆရာတော်လို့ အမည်တွင်ခြင်းဖြစ်ပါတယ်။

ဒုတိယဆရာတော်မှာ ဖယ်တော်ရွာဇာတိ။ ဇာတိရွာကို အကြောင်းပြုပြီး ဖယ်တော်ဆရာတော်ဟု ထင်ရှားသော ဆရာတော် ဦးအဂ္ဂပညာ (၁၉၇၃-၁၉၈၀) ဖြစ်ပါတယ်။ တတိယဆရာတော်မှာ ဖားအောက်တောရဆရာတော်ဟု ထင်ရှားကျော်ကြားသော ယခုလက်ရှိဆရာတော် အရှင်အာစိဏ္ဏ ဖြစ်ပါတယ်။ ဖားအောက်တောရရိပ်သာကို ထိန်းသိမ်းစောင့်ရှောက်ပြီး တရားရှုကွက်များကို ၁၂ နှစ်ကြာ မိမိကိုယ်တိုင် စမ်းသပ်စစ်ဆေး ရှုမှတ်ပြီးနောက် ၁၉၈၃ ခုနှစ်မှစပြီး ဓာတ်ကမ္မဋ္ဌာန်းကို အခြေခံလျက် သုဒ္ဓဝိပဿနာယာနိကလမ်းစဉ်ဖြင့် ယောဂီတို့ကို တရားညွှန်ပြပေးခဲ့တဲ့ ဆရာတော်ဖြစ်ပါတယ်။ ပိဋကတ်ကျမ်းဂန်နဲ့ ညီညွတ်ပြီး အလွန်ထူးခြားပြည့်စုံတဲ့ ဖားအောက်တောရ တရားရှုနည်းကို လာရောက်ရှုမှတ်ကြဖို့ တိုက်တွန်းအပ်ပါတယ်။

ဆရာတော်သည် ဝိနည်းကိုအထူးလေးစားပြီး ရိပ်သာကိုလာရောက် တရားကျင့်ကြတဲ့ သံဃာတော်တွေကိုလည်း ဝိနည်းလိုက်နာစေပါတယ်။ တရားအားထုတ်ရင်း အထူးရေးသားပြုစုခဲ့ရာ ရှစ်နှစ်အတွင်း ကျမ်းစာအုပ် ၄၂ ကျမ်း ရေးသားထုတ်ဝေခဲ့ပါတယ်။ ဆရာတော်ဟာ သာသနာပြုလုပ်ငန်းတွေနဲ့ အမေရိကန်၊ တရုတ်၊ သီရိလင်္ကာ၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်္ဂလန်၊ ဂျာမနီ စသောနိုင်ငံတွေမှာ ရိပ်သာခွဲတွေ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိတဲ့အပြင် ပြင်ဦးလွင်၊ သန်လျင်၊ ကရင်ပြည်နယ် ဇွဲကပင် တောင်ခြေတို့မှာ ဖွင့်လှစ်ထားပါတယ်။

ဖားအောက်တောရမှာ တရားအားထုတ်လိုသူတွေ ရက်သတ္တတစ်ပတ်၊ တစ်လ၊ နှစ်လ၊ သုံးလစသည်ဖြင့် အလိုရှိသလောက် တရားအားထုတ်နိုင်ကြပါတယ်။ ယောဂီတွေကို သာသနနုဂ္ဂဟက လက်ခံပြီး ကျွေးမွေးထောက်ပံ့ပေးနေမှာဖြစ်ပါတယ်။ နေရာထိုင်ခင်းအဆင်ပြေနေနိုင်အောင် စီစဉ်ထားပါတယ်။ ဖားအောက်တောရမှာ နည်းနည်းအေးတဲ့အတွက် အဆောင်မှာအနွေးထည်တွေ၊ စောင်၊ ခြင်ထောင်၊ လက်နှိပ်ဓာတ်မီးစတဲ့ အသုံးအဆောင်ပစ္စည်းတွေ ယူဆောင်လာဖို့လိုပါတယ်။ အခမဲ့ကျွေးမွေးပါတယ်။

ရဟန်းသံဃာတွေအနေနဲ့ သံဃာရေးရာဌာနက ကူညီဆောင်ရွက်ပေးသော သင်္ကန်း၊ ထီး၊ ဖိနပ်စတဲ့ သံဃိကပစ္စည်းတွေ သုံးခွင့်ပြုထားပါတယ်။ ရဟန်း၊ သီလရှင်၊ ယောဂီတွေ ၊ ဖုန်း၊ ငွေတွေသုံးစွဲခွင့်မပြုပါဘူး။ သက်ဆိုင်ရာကို အပ်နှံရပါမယ်။ ကျန်းမာရေးအတွက် ဆရာဝန်၊ သွားဆရာဝန်၊ တိုင်းရင်းဆေးဆရာများ တစ်ပတ်တစ်ကြိမ်၊ နှစ်ကြိမ် ဖွင့်လှစ်ကုသပေးပါတယ်။ အထူးတင်ပြချင်တာက သံဃာတော်များ ကတ္တီပါဖိနပ်၊ ကတ္တီပါသဲကြိုး အသုံးမပြုရပါဘူး။ ရော်ဘာဖိနပ်ပဲ သုံးရပါတယ်။ ရဟန်းသံဃာတော်တွေ သိမ်မဝင်ခင် ဆရာတော်ရဲ့ ဩဝါဒမှာ အမွှေးနံ့ပါတဲ့ ဆပ်ပြာခဲတွေ မသုံးရ၊ ငွေမသုံးရ ပါဘူး။ ဝိနည်းကိုလေးစားလိုက်နာတဲ့ ရိပ်သာတစ်ခုဖြစ်ပါတယ်။ သံဃာတော်တွေကို လပြည့်လကွယ်နေ့တွေမှာ စိတ္တလတောင်ကျောင်း ဓမ္မဝိဟာရ သိမ်တော်မှာ ညနေ ၄ နာရီ သံဃာတော်အားလုံး ဥပုသ်ပြုလာတယ်။ ဘိက္ခုပါတိမောက္ခပါဠိ နာကြားခြင်း စုစုပေါင်း ရဟန်းသံဃာ ၆၀၀ ကျော် ဥပုသ်ပြုတာဟာ အထူးလေးမြတ် ကြည်ညိုစရာကောင်းလှပါတယ်။

ဖားအောက်တောရ စင်္ကြံကျောင်းဟာ ဆိတ်ငြိမ်အေးချမ်းတဲ့ တောရစခန်းတစ်ခုဖြစ်တာနဲ့အညီ သစ်ပင်ဝါးပင်တို့ဟာ မိုးထိအောင်ပေါက်ရောက်နေကြပါတယ်။ ဒီအပင်ကြီးတွေရဲ့ အကိုင်းအခက်တွေဟာ တစ်ပင်နဲ့တစ်ပင်ကူးယှက်လို့ နေပြောက်မထိုးနိုင်အောင် အရိပ်အာဝါသကောင်းလှပါတယ်။ ကျေးငှက်မျိုးစုံတို့ရဲ့ တွန်ကျူးသံ၊ ပုစဉ်းရင်ကွဲအော်သံ၊ ရှဉ့်ညိုတွေရဲ့ တစ်ပင်နဲ့ တစ်ပင် ကူးလို့ မြူးထူးသံ၊ ပုရစ်အော်သံတွေနဲ့ တောကြီးမြိုင်လယ်မှာ ရောက်ရှိနေတဲ့ အတွေးနဲ့ခံစားမှု အထူးတို့ကို ဖြစ်ပေါ်စေပါတယ်။

ဤကဲ့သို့ ငြိမ်းအေးကြည်လင်တဲ့ ဝိဝေက ရသခေါ် စိတ်ခံစားမှုအထူးတို့ဟာ တရားဘာဝနာရှုပွားမှုကို အထောက်အကူပြုစေပါတယ်။ တရားရဲ့အတွေ့ထူးတွေကို ခံစားကြည့်ရင်း ဖားအောက်တောရစခန်းကို ရဟန်းဝတ်၊ သီလရှင်ဝတ်နဲ့ဖြစ်စေ၊ ကိုးပါးသီလ လုံအောင်ထိန်းရတဲ့ ယောဂီအနေနဲ့ဖြစ်စေ လာကြည့်စေချင်ပါတယ်။ စာရေးသူတို့ဟာ ဘဝကူးကောင်းဖို့၊ အထူးသဖြင့် အပါယ်မလားဖို့အတွက် ကျန်ရှိတဲ့အချိန်လေးမှာ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားကြပါစို့။

ဘုရားရှင်၏ အဆုံးအမသာသနာတော်သည် အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။ ။

## ကသာမြို့ပေါ်ရှိ အွန်လိုင်းချစ်သူများအဖွဲ့မှ အသက်ကယ်အင်္ကျီများ လှူဒါန်း

**ကသာ ဩဂုတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ပေါ်ရှိ အွန်လိုင်းချစ်သူများအဖွဲ့မှ ရောဝတီမြစ်ဖြတ်ကူး၍ ကျောင်းတက်နေရသော ကျောင်းသား ကျောင်းသူ ကလေးငယ်များအား အသက်ကယ်အင်္ကျီလှူဒါန်းခြင်းကို ယမန်နေ့က ကသာမြို့နယ် အောက်သံပုရာကျေးရွာနှင့် အောက်ဝဲကြီးကျေးရွာ စာသင်ကျောင်းတွင် ဆက်လက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

“ကျွန်တော်တို့ အွန်လိုင်းချစ်သူများအဖွဲ့မှာ ပရဟိတစိတ်စေတနာနဲ့ ရောဝတီမြစ်ဖြတ်ကူးပြီး ကျောင်းနေရတဲ့ ကျေးရွာတွေကို နှစ်စဉ်နှစ်တိုင်းသွားရောက်ပြီး သဘာဝဘေး၊ အသက်ဘေးအန္တရာယ်မကြုံတွေ့ရအောင် လိုအပ်တဲ့နေရာတွေမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားရောက်လှူဒါန်းပေးတာဖြစ်ပါတယ်”ဟု အဆိုပါအဖွဲ့မှ ကိုမြင့်လွင်က ပြောသည်။

အဆိုပါ အသက်ကယ်အင်္ကျီများ လှူဒါန်းခြင်းကို အွန်လိုင်းချစ်သူများအဖွဲ့မှ ဒေါ်သိန်းသိန်းမိုးဦးစီး၍ ကသာမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရောဝတီမြစ်ကူး၍ ကျောင်းလာတက်ကြရသော ကလေးများအတွက် အသက်ကယ်အင်္ကျီ စုစုပေါင်း ၁၄၈ ထည်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**





MPT
ရွှေသို့လှမ်းချီမြန်မာပြည်
နေ့စဉ် FACEBOOK အပို လက်ဆောင်
LINE
E-topup ( သို့မဟုတ် ) Mobile Banking ဖြင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပြီး
Facebook နှင့် အခြားလူမှုကွန်ရက်များအတွက် ဒေတာ အပိုလက်ဆောင်များ ရယူလိုက်ပါ။
ငွေဖြည့်ကဒ်ဖြင့် ဖြည့်သွင်းသူများအနေနှင့် MPT4U App မှတစ်ဆင့် ဖြည့်သွင်းပေးမှသာ
အပိုလက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။
Promotion ကာလ ပြီးဆုံးမည့်အချိန်ကို MPT ၏ တရားဝင် Website တွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday

## ဖခင်အမည်မှန်

အေးသာယာမြို့၊ အထက(၁)၊ သတ္တမတန်း(က)မှ မောင်ဇော်မျိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးရန်နောင် ၁၃/တကန(နိုင်)၂၇၈၂၀၆ ဖြစ်ပါကြောင်း။

**ဦးရန်နောင်**

## ဖခင်အမည်မှန်

ခိုလမ်မြို့၊ အမကမူလွန်(ဝမ်ဖွီး) ဒုတိယတန်းမှ မနန်းမွေဖောင်၏ ဖခင်အမည်မှန်မှာ ဦးအောတေယျ ၁၃/နစန (နိုင်) ၀၇၈၀၁၆ ဖြစ်ပါကြောင်း။

**ဦးအောတေယျ**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ပင်ခွန်) တက္ကသိုလ်ဝင်တန်းမှ ခွန်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ခွန်သန်းထွန်း ၁၃/ပလန (နိုင်) ၀၆၈၂၁၂ ဖြစ်ပါကြောင်း။

**ခွန်သန်းထွန်း**

## ကျေးဇူးဆပ်ပါမည်

Htoo Sann Mining Co.,Ltd ၏ ပို့ကုန်လိုင်စင် PQEL 617-18A0098 (15-8-2017) ၏ ပို့ကုန်ကြေငြာလွှာ ED No. 200110 (6-7-2017), ED No-200113 (11-7-2017), ED No 200096 (18-6-2017) မူရင်းသည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၆၃၀၂၃၇၆၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5746 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (တောင်ကြီး)**

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက(ခွဲ) တောင်လေးလုံး၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟန်နိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ခွန်စောနောင်ဦး ၁၃/တကန(နိုင်) ၁၃၀၅၁၅ ဖြစ်ပါကြောင်း။

**ခွန်စောနောင်ဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခူးခိုးရယ် ၂/ဒမဆ(နိုင်) ၀၄၀၀၀၂ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖရန်းစစ် ၂/ဒမဆ(နိုင်) ၀၇၀၈၀၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းစိန်ညွန့် ၁၃/တကန(နိုင်) ၂၁၈၅၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၉၈၇၄၆**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/4146 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/8418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၅၁၇၃၆ Jialing-90,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဒိမ်းငွင်းကျိန် ၅/ကလထ(နိုင်)၂၀၉၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ကလေးမြို့၊ အိုင်းစတိုင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မလားမွတ်ပွီး၏အမည်မှန်မှာ မလားမွန်ပွီးရီးဖြစ်ပြီး မလားမွန်ပွီးရီးနှင့် နဝမတန်းမှ မောင်လားချန်ချွအာတို့၏ ဖခင်အမည်မှန်မှာ ဦးမွတ်ထားရာ ၅/မကန(နိုင်) ၀၁၆၈၄၆ ဖြစ်ပါကြောင်း။

**မလားမွန်ပွီးရီး၊ ဦးမွှက်ထားရာ**

## ရွှေတယော ကုန်အမှတ်တံဆိပ်နှင့် အမှတ်အသားကို တစ်ဦးတည်းမူပိုင် ကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

အောက်ဖော်ပြပါ ရွှေတယော ကုန်အမှတ်တံဆိပ် အမှတ်တံဆိပ် အမှတ်အသားသည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇာနည်လှိုင် ၁၀/မလမ(နိုင်)၁၃၁၈၀၇ နှင့် ဦးညွန့်ဝင်းနိုင် ၁၀/မလမ(နိုင်)၁၃၀၈၃၀ တို့၏ မူပိုင်အနေဖြင့် မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၃၅၉/၂၀၁၆)ဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၅ရက်တွင် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများမှ အောက်ပါ ရွှေတယော တံဆိပ်အမည်ကို အသုံးပြု၍ ဖိနပ်အမျိုးမျိုးတို့ကို ပြုလုပ်၊ ဖိနှိပ်၊ ရိုက်နှိပ်၊ ကပ်နှိပ်ပြီးသော်လည်းကောင်း၊ အသားတံဆိပ်ပြုလုပ်၍ သော်လည်းကောင်း မော်လမြိုင်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

မှတ်ပုံတင်အမှတ် (၃၅၉/၂၀၁၆)

သို့ဖြစ်ပါ၍ အထက်ပါ ရွှေတယော ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေများ၏ တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမရဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ တံဆိပ်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ချိသုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် ယင်းသို့ ပြုလုပ်ကြောင်း တွေ့မြင်သိရှိရပါက ကျွန်ုပ်မိတ်ဆွေများ၏ လုပ်ငန်း၊ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇာနည်လှိုင်** | **ဒေါ်ငယ်ငယ်ထွန်း** |
| **၁၀/မလမ(နိုင်)၁၃၁၈၀၇** | **LL.B,D.B.L** |
| **အမှတ်(၅/အေ)၊ ရုံးကြီးလမ်း၊** | **(စဉ်-၁၁၁၇၉)** |
| **မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့၊** | **တရားလွှတ်တော်ရှေ့နေ** |
| **ဦးညွန့်ဝင်းနိုင်** | **အခန်းအမှတ်(၀၀၃)၊** |
| **၁၀/မလမ(နိုင်)၁၃၀၈၃၀၊** | **တိုက်(G) သီရိမင်္ဂလာအိမ်ရာ၊** |
| **အမှတ်(၃၀၅)၊ အောက်လမ်းမကြီး၊** | **သီရိမင်္ဂလာရပ်ကွက်၊** |
| **မော်လမြိုင်မြို့** | **စစ်ကဲကုန်းရပ်ကွက်၊** |
| | **မော်လမြိုင်မြို့** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေကွက်အမှတ် ပစ (B) ၃၅၀၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေကွက်အား အရာခံဗိုလ်အောင်ဆန်း (ကပ-၃၆၆၆၆၉)အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အမည်ပေါက် အရာခံဗိုလ်အောင်ဆန်း ကွယ်လွန်သွားသဖြင့် တရားဝင်ဇနီးဖြစ်သူ ဒေါ်ကြည်ထွေး ၁၂/မရက(နိုင်)၀၆၉၃၃၃ (ဘ) ဦးကျင်မောင်မှ သေဆုံးခြင်းလက်မှတ်၊ တရားရုံး ကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7G/2647 Toyota Dyna ယာဉ်လက်ဝယ်ရှိသူ ဦးခွန်မျိုးဝင်းဇော် ၁၃/တကန (နိုင်) ၁၅၉၆၀၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (တောင်ကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၈ယ/၇၂၁၉၆ လော်ဂျား ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သူဇာဝင်း ၁၃/ကလန(နိုင်) ၀၅၉၅၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (တောင်ကြီး)**

## သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာလမ်းသွယ်၊ မ/၄၃၄ နေ ဒေါ်မူမူခိုင် ၁၃/ရစန(နိုင်)၀၁၆၃၀၅ ၏ သားကိုဇေယျ (ခ) ပေါ်ကြီး ၁၃/ရစန(နိုင်)၀၅၃၂၃၄ သည် မိဘများအပေါ် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲမှုအား အကြိမ်ကြိမ်ပြုလုပ်ပြီး ဆိုဆုံးမစကားနားမထောင်ပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်မူမူခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၇၂၂၄ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ထွန်း ၁၀/မဒန(နိုင်)၂၁၅၂၃၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၆၇၈၁၅ Pleasure 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမူ ၅/ကလထ(နိုင်)၁၀၂၀၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/8852 Yamaha Ray-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွှန်းရင် ၅/ကလထ(နိုင်)၂၄၆၉၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၂၂၃၈၆ Hongbo ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ခန့်ထန် ၄/တတန(နိုင်)၀၀၁၇၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၄၂၇၃၄ LuoJia-125 ယာဉ်လက်ဝယ်ရှိသူ ဦးနိုးလိန်ထန်း ၅/ကလထ(နိုင်)၀၆၈၈၃၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉က/စက်ကွင်း)၊ ဦးပိုင်အမှတ် ၃၃၁၊ မြေချိန်ဧရိယာ ၀ဒသမ၀၄၄ဧကရှိ မြေသည် အမှုတွဲအမှတ် (V) ၁၅၃/၉၁-၉၂အရ (၁) ဦးအုန်းမောင်၊ (၂) ဦးဌေးဝင်း၊ (၃) ဒေါ်ပြုံးသီတို့သုံးဦးအမည်ဖြင့် နှစ် ၃၀ အငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၁၃-၇-၂၀၁၈ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ ဖခင်ဦးအုန်းမောင်သည် ၂၈-၅-၂၀၁၆ရက်၊ မိခင်ဒေါ်ရင်မြိုင်သည် ၁၂-၅-၁၉၇၈ရက်တွင် အသီးသီးကွယ်လွန်ခဲ့ပြီးနောက် သားသမီးများဖြစ်သော ဦးဌေးဝင်း၊ ဒေါ်ပြုံးသီတို့နှစ်ဦးမှ မွန်ပြည်နယ်တရားလွှတ်တော်၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်စဉ် ၁၉၆၈/၂၀၁၇ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ်(၃၈၅/၂၀၁၇)ဖြင့် မှတ်ပုံတင်ကာ အမွေဆက်ခံကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် ၃၈၆/၂၀၁၇ အရ ဦးဌေးဝင်း၊ ဒေါ်ပြုံးသီတို့နှစ်ဦးမှ တရားဝင် ပိုင်ဆိုင်လာကာ လျှောက်မြေနှင့်နေအိမ်အား ဦးဌေးဝင်း၊ ဒေါ်ပြုံးသီတို့နှစ်ဦးမှ နှစ်ရှည်မြေငှား ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၈/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၈၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိမြေကို နှစ်ရှည်မြေငှားဂရန် ပထမအကြိမ်ချထားပေးပါရန် ဦးမြဟန်မှ လျှောက်ထားရာတွင် လျှောက်မြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က) စာရင်းတွင် မွန်ပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၃၁-၁၂-၁၉၉၁ ရက်စွဲပါ စာအမှတ် ၅၀၀/၂-၃၁/ပဝတ(မွန်)အရ လ/န(၃၉) သတ်မှတ်ထားသောမြေဖြစ်ပြီး မြိုင်သာယာဝန်ထမ်းအိမ်ရာ ဖော်ထုတ်ချထားရေး ဗဟိုကြီးကြပ်မှုကော်မတီမှ ပေ(၄၀×၆၀)၊ မြေကွက်အမှတ် (၂၄၄၀) အား ဦးသန်းရွှေအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး ဦးသန်းရွှေထံမှ ဒေါ်တင်လှသည် အောက်ခြေစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒေါ်တင်လှကွယ်လွန်ခဲ့သဖြင့် သားသမီးများဖြစ်ကြသော ဦးအုန်းမြင့်၊ ဦးလှမြင့်၊ ဒေါ်တင်တင်နွယ်၊ ဦးသိန်းမြင့်၊ ဦးညွန့်တင်၊ ဒေါ်စန်းစန်းအေး၊ ဦးဉာဏ်ထွန်းအောင်တို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်နုအေးချမ်းထံသို့ ရောင်းချခဲ့သဖြင့် ဒေါ်နုအေးချမ်းမှ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်နုအေးချမ်းထံမှ ဦးမြဟန်သည် အောက်ခြေစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးမြဟန်မှ ဒေါ်နုအေးချမ်းအား တရားဝင်စာချုပ်ချုပ်ဆိုပေးရန် တောင်းဆိုရာ ဒေါ်နုအေးချမ်းမှ ငြင်းဆန်သဖြင့် ဦးမြဟန်မှ မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၈/၂၀၁၆ ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံးမှ ဦးမြဟန်အား အနိုင်ဒီကရီချမှတ်ပေးခဲ့သဖြင့် ပြည်တွင်းအခွန်များဦးစီးဌာန၌ အခွန်ထမ်းဆောင်၍ နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် ချထားပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန်ထုတ်ပေးခြင်းကို ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

ဖားကန့်မြို့၊ ရှရော်ခကျေးရွာနေ ဒေါ်ခင်သန်းစိုး ၉/မနတ(နိုင်) ၀၆၆၅၂၉ ၏ခင်ပွန်း ဦးစိုင်းမောင်အေး ၁၃/နဆန(နိုင်)၀၃၃၉၉၈ တို့သည် တစ်ဦးနှင့်တစ်ဦး သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဇနီး-ဒေါ်ခင်သန်းစိုး**

## ဦးခင်မောင်လင်း
### အမှုဆောင်အရာရှိ(က)ဘူမိဗေဒ(ငြိမ်း)
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စကားဝါလမ်း၊ ဆောက်လုပ်ရေးရိပ်သာ၊ အမှတ် ၅၄၊ တိုက်၁၊ အခန်း ၁နေ (ဦးချစ်ဆွေ-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးဘလှိုင်-ဒေါ်စိန်)တို့၏ သားသမက်၊ (ဦးခင်မောင်ဝင်း)-ဒေါ်သန်းမြိုတို့၏ညီ၊ (ဦးဇော်ဝင်း)၏အစ်ကို၊ ဦးမြင့်စိုး-ဒေါ်နွဲ့နွဲ့ရီ၊ဒေါ်သန်းရီ၊ဦးလှမြင့်-ဒေါ်ခင်ဌေးဦးတို့၏ညီမောင်၊ ကိုသက်နိုင်ဦး-မအိမ့်မွန်ခိုင်၊ဒေါက်တာတေဇ-မဥမ္မာချစ်ပန်(UK)၊ကိုဝေလ-မမေမျိုးမျိုးခိုင်၊ မယဉ်ယဉ်ဝိုင်း၊ မောင်ပြည့်ဖြိုးလှိုင်တို့၏ဦးလေး၊ဒေါ်ဝင်းမြ(ဒု-ညွှန်ကြားရေးမှူး၊ အထူးအဖွဲ့-၃၊ အဆောက်အအုံဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မအိချိုစင်(ခ)မအေးမြလင်း[နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးတက္ကသိုလ်(၁)]၏ဖခင်သည် ၁၁-၈-၂၀၁၈ရက် ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရဆေးတက္ကသိုလ်(၁)၊ခန္ဓာဗေဒဌာနသို့လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကျော်ဇောထွန်း
### World Food Programme Myanmar
### အသက်(၄၆)နှစ်

ပခုက္ကူမြို့နေ ဦးဟန်ထွန်း-ဒေါ်ခင်မြင့်တို့၏သား၊ ရန်ကုန်မြို့နေဦးအေးမောင်-ဒေါ်အုန်းမြင့်တို့၏သားသမက်၊ ဦးသိန်းမြင့်ထွန်း(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-ဒေါ်သင်းမြင့်သူ၊ ဒေါ်လှဲ့လှဲ့အေး(မြန်မာ့အာမခံ)၊ ဒေါက်တာနီလာအေး(ပုသိမ်တက္ကသိုလ်)တို့၏ညီ/မောင်၊ ဦးရန်နိုင်ထွန်း-ဒေါ်ဝေဝေနု(ဖြူစင်စတိုး-ပခုက္ကူမြို့)၊ ဒေါ်နုရီထွန်း(မြဝတီဘဏ်/ရန်ကုန်)၊ ဦးဝဏ္ဏအေး(UNICEF)-ဒေါ်ယုယုလှိုင်၊ ဦးဉာဏ်လင်းစိုး-ဒေါ်သဥ္ဇာအေးတို့၏အစ်ကို၊ ဒေါက်တာကေသီအေး(ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ ခင်ပွန်း၊ မရင်ဖြူဖြူလှိုင်(Wisdom Private High School)၏ ဖခင်သည် ၁၁-၈-၂၀၁၈ရက် ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(တိုက် ၂၅၅၊ အခန်း ၀၁၊ ကံ့ကော်အိမ်ရာ၊နေပြည်တော် နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်မြိုင်(ဘ)စောအောင် ၁၂/မရက(နိုင်) ၀၀၁၉၂၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၂၀၆၁၄၁**

## ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ အထကတက္ကသိုလ်ဝင်တန်း(ဘောဂတွဲ)မှ မဖြူဇင်ထွေး ၅/ထခန(နိုင်) ၁၀၈၁၉၀၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၅/ထခန(နိုင်) ၀၅၁၇၄၁ဖြစ်ပါကြောင်း။

**ဦးစိုးလွင်**

## မိခင်အမည်မှန်

ထီးချိုင့်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(ဘောဂတွဲ)မှ မမိုးမိုး၏ မိခင်အမည်မှန်မှာ မဌေးဌေး ၅/ထခန(နိုင်)၀၅၁၆၃၈ ဖြစ်ပါကြောင်း။

**မဌေးဌေး**

## ဖခင်အမည်မှန်

ထီးချိုင့်မြို့၊ အထကတက္ကသိုလ်ဝင်တန်း(ဝိဇ္ဇာတွဲ)မှ မရွှေရည်ဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၅/ထခန(နိုင်)၀၅၅၃၃၇ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထီးချိုင့်မြို့၊ မြတောင်ရွာ တက္ကသိုလ်ဝင်တန်း(အပြင်ဖြေ)မှ မဝေဇင်ထက် ၅/ထခန(နိုင်)၁၀၇၉၅၂ ၏ဖခင် ဦးဖိုးဝင်းနှင့် ဦးဝင်း ၅/ဝလန(နိုင်)၀၅၃၄၀၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးဝင်း(ခ)ဦးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၃၅၅ YONDE (YD-110) M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တူးတူးမာ ၉/မရတ(နိုင်)၀၃၀၁၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8126CHENG LONG LZ4253 QDC ယာဉ်လက်ဝယ်ရှိသူ ဦးရဲကျော်သူ ၉/ကဆန(နိုင်) ၀၂၁၃၀၈၈ (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/ ၃၇၉၀၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင်(ခ)တွမ်စိမ်းရွှေ ၉/မနမ(နိုင်)၀၀၀၉၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၃၄၅၉၉ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းအောင် ၉/အမဇ(နိုင်) ၀၂၉၂၀၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ နယ်မြေ(၁၀)ရှိ အရှေ့လားသော်-ဦးသန်းစိုးနိုင်၊ အနောက်လားသော်-ဦးမြင့်ဇော်၊ တောင်လားသော် -ညောင်ဦးလမ်း၊ မြောက်လားသော်- ဦးဇော်ထွန်း ဝိုင်းမြေ နယ်နိမိတ်အတွင်းမှ အကျယ်ပေ ၆၀×၉၀ ရှိသော အိမ်ဝိုင်းမြေအား ပိုင်ရှင်ဖြစ်သူ ဦးသန်းစိုး ၉/ကပတ(နိုင်) ၁၂၃၉၅၉မှ မြေငှားဂရန် (အသစ်)လျှောက်ထား ရန်ရှိပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းစိုး ၉/ကပတ(နိုင်) ၁၂၃၉၅၉**
**သာယာအေးရပ်ကွက်၊ ညောင်ဦးလမ်း**
**ဖုန်း-၀၉-၄၀၀၀၂၆၇၃၁**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့၌ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့ကို မန္တလေး တက္ကသိုလ်၌ ဆက်လက်ကျင်းပရာ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ပွဲတော် နောက်ဆုံးနေ့တွင် စာပေဆိုင်ရာလှုပ်ရှားမှုများအဖြစ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စာအုပ်ဈေးရောင်းပွဲတော်များ ခင်းကျင်းပြသခြင်း၊လေးထပ်ဆောင်တွင် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ဆို ပြိုင်ပွဲများ ကျင်းပသည်။

လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများတွင် လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှုများခေါင်းစဉ်ဖြင့် ကိုအောင်ဒွေးမြင့်၊ ကိုလင်းသီဟ၊ ကိုမျိုးမြင့်ထွန်း၊ မမေစန္ဒာမိုး၊ ဒေါ်စမ်းစမ်းအေးနှင့် ဦးဝေလွင်ဦးတို့က လည်းကောင်း၊ အနာဂတ်မြန်မာနိုင်ငံနှင့် လူငယ်များ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ကိုတေဇစန်း၊ မဝင်းနန္ဒာထွဋ်ခေါင်၊ မောင်သန်းမြတ်စိုး၊

*စာမျက်နှာ ၅ ကော်လံ ၁* ❍



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)နောက်ဆုံးနေ့တွင် လာရောက်လေ့လာကြသူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရစဉ်။

# ချမ်းမြသာစည်မြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ၊ ပစ်ခတ်သူအား ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၅ လမ်း အနောက်ဘက်ခြမ်း ရွာလယ်လမ်းနှင့် နှင်းဆီလမ်းကြားတွင် ယနေ့နံနက် ၁၁ နာရီခွဲခန့်က သေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာမြို့သစ် လမ်းသွယ် (၁) ရပ်ကွက် ၅၅×၅၆ လမ်းကြား၌ ကျော်ပုလင်း ကချင်ရိုးရာခေါင်ရည်ဆိုင် ဖွင့်လှစ်ရောင်းချနေသူ ဦးလီဆွမ်(ခ)ဇော်လင်း (၄၀နှစ်)နှင့် ၎င်း၏ဇနီး မဟော်လောက်ဖိန်(၄၀နှစ်)တို့သည် မနော်ဟရီလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် ၅၅ လမ်းအနောက်ဘက်ခြမ်း ရွာလယ်လမ်းနှင့် နှင်းဆီလမ်းကြားအရောက်၌ အမျိုးသားတစ်ဦးက ၎င်း၏ ဆိုင်ကယ်ဖြင့် ဝင်တိုက်ပြီး မဟော်လောက်ဖိန် လက်ထဲမှ လက်ကိုင်အိတ်အား လုယူစဉ် ခင်ပွန်းဖြစ်သူ ဦးလီဆွမ်က ဆိုင်ကယ်ရပ်၍ ပြန်လည်လုယူသဖြင့် ပိုက်ဆံအိတ်လုယူသူက ပစ္စတိုသေနတ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ပြီး နောက်ဆုံးကျည်ခွံမှာ ကန့်လန့်ခံနေသောကြောင့် သေနတ်ဆက်လက်ပစ်ခတ်မရသဖြင့် ဆက်လက်ပစ်ခတ်နိုင်မှု မရှိခဲ့ကြောင်း။

ထိုသို့ဖြစ်ပွားမှုကြောင့် မဟော်လောက်ဖိန်တွင် နဖူးကျည်ဖောက်ဝင်





ဖြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ဒဏ်ရာတစ်ချက်ရရှိ၍ နေရာတွင် သေဆုံးခဲ့ပြီး ဦးလီဆွမ်(ခ)ဇော်လင်းတွင် ဝဲရင်ဘတ်မှ ကျည်ဖောက်ဝင်ကာ ယာချိုင်းအောက် ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး စိုးရိမ်ရသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း။ သေနတ်ဖြင့် ပစ်ခတ်သူမှာ ထွက်ပြေးသွားသဖြင့် အနီးရှိ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်

*စာမျက်နှာ ၁၃ ကော်လံ ၆* ✻

## မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

စာမျက်နှာ -၁၂

## မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ ပေါက်ကွဲမှု တစ်ခုဖြစ်ပွား

စာမျက်နှာ -၁၃


မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ၁၀

# ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ကျေးဇူးတင်လွှာ

MYEA
Organized by:

တတိယအကြိမ် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်သို့ ကြွရောက်ချီးမြှင့်အားပေးပါသော ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ လွှတ်တော် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ UMFCCI မှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ သံရုံးများ၊ NGO, INGO များ၊ မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA), ဧရာဝတီတိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (ARYEA), ရှမ်းပြည်နယ်လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (SSYEA), မွန်ပြည်နယ်လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MSYEA) တို့မှ တာဝန်ရှိသူများ၊ ပွဲတော်ကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပေးပါသော Main sponsors, Co-Sponsor, In Kind Sponsors ကုမ္ပဏီများ၊ Panel Discussion များတွင်ပါဝင်ပေးပါသော Panelist and Moderator များ၊ Expert Talks များတွင်ပါဝင်ပေးပါသော Speaker များ၊ ပြပွဲတွင် ပါဝင်ပြသပေးပါသော Corporate ကုမ္ပဏီများ၊ SME များ၊ Start-Up များ၊ Education Zone တွင်ပါဝင်ပြသပေးပါသော စာသင်ကျောင်းများ၊ Training Zone တွင်ဟောပြောပို့ချပေးပါသော Business School များ၊ Pitching Program တွင်ပါဝင်ပေးပါသော Judge များ၊ Investor များ၊ ဆုချီးမြှင့်ပေးပါသော Sponsor ကုမ္ပဏီများနှင့် တတိယအကြိမ် မြန်မာ့စွန့်ဦးတီထွင်ပွဲတော် ဖြစ်မြောက်ရေး ကော်မတီ၊ MYEA မှ CEC/EC များ၊ Working Group အဖွဲ့ဝင်များ၊ MYEA Member များ၊ ပြပွဲလာရောက်ကြည့်ရှုသူ ဧည့်ပရိတ်သတ်များအား မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA)မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

Main Sponsors mytel EMPOWER AGDBANK
Co- Sponsor CB SECURITIES

Platinum Partner SHWE TAUNG
Silver Partner ALPINE
Bronze Partners 5BB BlueOcean PACIFIC ALPINE MYANMAR LTD RGK+Z&A Group SUPREME GROUP YumYum Bawga Theiddhi Group Of Companies FORTUNE